မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

သုံးတန်ချမ်းသာ

လူ့နတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို မိခင်လည်း ပြုမပေးနိုင်၊ ဖခင်လည်းပြုမပေးနိုင်၊ ထိုမှတစ်ပါးသော ဆွေမျိုး မိတ်သင်္ဂဟလည်းပြုမပေးနိုင်၊ ကောင်းစွာ ဆောက်တည်အပ်သော ကုသိုလ်စိတ်သည် မိဘဆွေမျိုးထက် ပိုမိုလွန်တက်၍ မြင့်ထက်မြင့်ကာ လူ့နတ်နိဗ္ဗာန် သုံးတန်ချမ်းသာတိုင်အောင် စွမ်းဆောင်ပြုပေးနိုင်၏။

(ဓမ္မပဒ-၄၃)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၂)

မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်နှင့် အလုပ်အကိုင်များဖြစ်ထွန်းလာရေး ဆွေးနွေး

နေပြည်တော် မေ ၃

သံတမန်သက်တမ်း နှစ် ၆၀ ကျော်ကာလအတွင်း အကူအညီများစွာ ပေးအပ်ခဲ့ခြင်းအတွက် များစွာ ကျေးဇူးတင်ရှိသကဲ့သို့ ဆက်လက်ကူညီပေးသွားနိုင်ရန်လည်း မျှော်လင့်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအို ခိရှိဒါနှင့် ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက မိမိတို့အစိုးရသစ် စတင်တာဝန်ယူချိန်တွင် ဂျပန်အစိုးရကကြိုဆိုမှု၊ ဂုဏ်ပြုမှုတို့အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ကူမာမိုတို ငလျင်ကိစ္စ ဖြစ်ပွားမှုအတွက် ဝမ်းနည်းပါကြောင်း၊ တစ်လသက်တမ်းသာရှိသေးသည့် မိမိတို့အစိုးရ၏ ဆောင်ရွက်မှုများကို အသိအမှတ်ပြုခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်သူတို့၏

စာမျက်နှာ ၄ ကော်လံ ၁ ❖



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအို ခိရှိဒါတို့ တွေ့ဆုံဆွေးနွေးစဉ်

မတူကွဲပြားမှုများကိုအခြေခံ၍ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆွေးနွေးတိုင်ပင်ကာ ပြေလည်စွာဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

စာမျက်နှာ-၃

ရန်ကုန်မြို့၌ ရက်ပေါင်း ၁၀၀ အတွင်း ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့နိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကြိုးပမ်း

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ဤသို့တွေ့မြင်ရစဉ်

ရန်ကုန် မေ ၃

ရန်ကုန်မြို့တွင်း ပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ မော်တော်ကားရောင်းဝယ်ရေးအသင်းတို့ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ရာတွင် လုပ်ဆောင်ရမည့် အချက်များနှင့်ပတ်သက်၍ဆွေးနွေးရာ ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ကြောင်း သိရသည်။

"ဒီနေ့ ဝန်ကြီးချုပ်နဲ့ ကျွန်တော်တို့ တွေ့ဆုံတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့က ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်မြို့တွင်းမှာ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ပေးဖို့ ညွှန်ကြားထားတယ်လို့ ပြောပါတယ်။ ရက်ပေါင်း ၃၀ ကကုန်ပြီဆိုတော့ ကျန်တဲ့ ရက်ပေါင်း ၆၀ အတွင်းမှာ ယာဉ်ကြောကျပ်တည်းမှုနဲ့ပတ်သက်ပြီး ဖြေလျှော့နိုင်ဖို့ ဆွေးနွေးခဲ့တာပါ။ ကျွန်တော်တို့ဘက်တော့ တင်ပြခဲ့တာ သုံးလေးချက်လောက် ရှိပါတယ်။ ဒီတင်ပြချက်တွေအပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အကြောင်းပြန်ကြားမှုတော့ မရှိသေးပါဘူး" ဟု မြန်မာနိုင်ငံမော်တော်ကား ရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌ (ရန်ကုန်)မှ ဦးအောင်သန်းဝင်းက ပြောသည်။

မြန်မာနိုင်ငံ မော်တော်ကားရောင်းဝယ်ရေးအသင်းအနေဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်တွေ့ဆုံရာ၌ ရန်ကုန်မြို့တွင် တရားဝင်ယာဉ်ရောင်းဝယ်ရေး

စာမျက်နှာ ၅ ကော်လံ ၁ ❍

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

သူ့ရဲကောင်းစိတ်မွေးပြီး ဝိုင်းဝန်းကူညီ

မီးကို လူတို့သုံးစွဲတတ်သည့်အချိန်မှစ၍ လူ့ယဉ်ကျေးမှုသည်လည်း အဆင့်တစ်ခုမြင့်တက်ခဲ့သည်။ ''မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူ''ဟူသည့်အတိုင်း မီးဘေးအန္တရာယ်ကို ရှေးကတည်းကပင် လူတို့ကြုံတွေ့ခဲ့ရပြီး မီးလောင်မှုများကို ငြိမ်းသတ်ရန်အတွက် မီးသတ်အဖွဲ့အစည်းများ ရှေးကတည်းက ဖွဲ့စည်းကာ မီးငြိမ်းသတ်ရေးလုပ်ငန်းများ လုပ်ခဲ့ကြသည်။

ရှေးဟောင်း ရောမခေတ် ဘုရင်ဩဂတ်စတတ် လက်ထက် ရောမမြို့တွင် လူအင်အား ၆၀၀ ဖြင့် မီးသတ်အဖွဲ့ ဖွဲ့စည်းခဲ့ပြီး ရောမမြို့တွင် မီးသတ်စခန်း ခုနစ်ခုရှိခဲ့ကြောင်း၊ မီးသတ်စက်၏ မူလအစရေပန့်ကို ဘီစီသုံးရာစုတွင် အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယား မြို့သားတစ်ဦးက တီထွင်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများ၌တွေ့ရသည်။

ယနေ့ ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များမှာ နှစ်စဉ် ပိုမိုဖြစ်ပွားလျက်ရှိပြီး လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်များကိုလည်း ပိုမိုခြိမ်းခြောက်လျက်ရှိသည်။ ရေကြီးခြင်း၊ တောင်ကျရေကျဆင်းခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးလျှပ်ပြက်ခြင်း၊ ဆူနာမီလှိုင်းများရိုက်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် မီးဘေးအန္တရာယ် စသည့် သဘာဝဘေးအန္တရာယ်များနှင့် လူတို့ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် အန္တရာယ်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရနိုင်သည့် အခြေအနေမြင့်မားသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျရောက်သည့် အန္တရာယ်အမျိုးမျိုးအနက် မီးဘေးအန္တရာယ်မှာ ၇၀ ရာခိုင်နှုန်းရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေဆဲ ယနေ့ကာလတွင် မီးဘေး၊ သဘာဝဘေးနှင့် ရုတ်တရက်ကျရောက်သော မတော်တဆမှုဘေးအန္တရာယ်တို့မှ တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကိုရုပ်သိမ်း၍ ခေတ်စနစ်နှင့်လျော်ညီသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကို အသစ်ရေးဆွဲပြီး ယမန်နှစ် မတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ မီးသတ်တပ်ဖွဲ့၏ စွမ်းဆောင်ရည်မြင့်မားရေး၊ အုပ်ချုပ်မှုစနစ်မှန်ကန်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ မီးသတ်စခန်း၊ မီးသတ်စက်ယာဉ်ယန္တရားများ ဖြည့်တင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

လာမည့် မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ နှစ်(၇၀)ပြည့် အခမ်းအနားကို ကျင်းပတော့မည်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇွန်လဆန်း ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့် မိန့်ခွန်းသည် ယနေ့တိုင် ခေတ်မီနေဆဲ။

''မီးသတ်လုပ်ငန်းဟာ မြန်မြန်ထက်ထက်နဲ့ ရဲရဲဝံ့ဝံ့လုပ်ရတဲ့ လုပ်ငန်းဖြစ်လို့ သူရဲကောင်းတွေရဲ့ လုပ်ငန်းတစ်ရပ်လို့ ယူဆတယ်။ သူများကောင်းကျိုးအတွက် ကူညီဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းများနဲ့ သူရဲကောင်းစိတ်တွေမွေးပြီး ကူညီဝိုင်းဝန်းဖို့ လုပ်ရမယ်။ မီးသတ်သမားတွေကို မီးမလောင်ခင်က ကိရိယာတန်ဆာပလာအပြည့်အစုံရှိဖို့နဲ့ မီးလောင်ရင် အမြန်ဆုံးသွားရောက်ငြိမ်းသတ်နိုင်ဖို့ ပညာတွေသင်ကြားထားရမယ်''ဟု ဗိုလ်ချုပ်က မိန့်ကြားခဲ့သည်။

အနာဂတ်တွင် ရင်ဆိုင်ကျော်လွှားရမည့် မီးဘေး၊ သဘာဝဘေးနှင့် ရုတ်တရက်ဖြစ်ပွားသည့် မတော်တဆဘေးအန္တရာယ်များကို စွမ်းရည်မြင့်မားစွာဖြင့် ရင်ဆိုင်ကာ ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း နှစ်(၇၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားအပ်ပါ၏။ ။

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၇/ ၂၀၁၆
၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)
ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာန အသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဗိုလ်ချုပ်အောင်စိုး	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန
(၂)	ဗိုလ်ချုပ်မြင့်နွယ်	ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန
(၃)	ဗိုလ်ချုပ်သန်းထွဋ်	ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးမြင့်လွင်အား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး နယူးယောက်မြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်လွင်အား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်း ချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

(မိုး/ဇလ)

စစ်ကိုင်း၌ ယောကျ်ားလေး လေးမွှာပူး မွေးဖွားသူမိခင်အား ထောက်ပံ့ငွေပေးအပ်

စစ်ကိုင်း မေ ၃

စစ်ကိုင်းမြို့ ဇေယျာကွက်သစ်ရပ်နေ ဦးကျော်မင်းလက်-ဒေါ်မြင့်မြင့်အေးတို့မှ ဧပြီ ၂၈ ရက် ည ၈ နာရီခွဲက သားယောကျ်ားလေး လေးမွှာပူးကို စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးတွင် မွေးဖွားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက မေ ၂ ရက် မွန်းလွဲ ၂ နာရီတွင် လေးမွှာပူးမွေးဖွားသူမိခင်အား ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၇၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၄၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၄၀ / ၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၇၀.၀
ဥရောပ	တစ်ယူရို	၁၃၄၉.၄
စင်ကာပူ	တစ်ဒေါ်လာ	၈၇၃.၄၀
ထိုင်း	တစ်ဘတ်	၃၃.၅၆၈
အိန္ဒိယ	တစ်ရူပီး	၁၇.၆၂
တရုတ်	တစ်ယွမ်	၁၈၀.၇၂
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၁၆

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

မတူကွဲပြားမှုများကိုအခြေခံ၍ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆွေးနွေးတိုင်ပင်ကာ ပြေလည်စွာဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

နေပြည်တော် မေ ၃

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေး၊ ရထားပို့ဆောင်ရေး ကဏ္ဍ အဆင့်မြှင့်တင်ရေး၊ ဂျပန်နိုင်ငံရောက် မြန်မာလုပ်သားအခွင့်အရေးများ အပြည့်အဝရရှိရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာတော်သင်ဆု စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များကို ဂျပန်-မြန်မာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံစဉ် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအိုခိရှိဒါတို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ထိုသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံနှင့် နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးခဲ့သည့် မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ထောက်ခံမှုကိုရယူပြီး သမိုင်းဝင် အစိုးရအဖွဲ့ လွှဲပြောင်းမှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂျပန်နိုင်ငံအနေဖြင့် လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရသစ် ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ ဂျပန်အစိုးရနှင့် ဂျပန်ပုဂ္ဂလိကကဏ္ဍများပူးပေါင်း၍ အဘက်ဘက်မှ အစွမ်းကုန်ထောက်ပံ့ကူညီ

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဖူမိအိုခိရှိဒါအား လက်ခံတွေ့ဆုံစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအိုခိရှိဒါအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားလိုပါကြောင်း။

ဒေသအသီးသီးနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဂျပန်-မြန်မာ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့် ဆန္ဒကိုလည်း ထုတ်ဖော်ပြောကြားလိုပါကြောင်း။

ဂျပန်နိုင်ငံသည် မြန်မာအစိုးရသစ် အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အလုပ်အကိုင်ဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး စသည့်ကဏ္ဍများတွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေး အစရှိသည့် ကဏ္ဍများတွင် ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာပြည်သူ ပြည်သားများနှင့် ဂျပန်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးခံစားနိုင်သည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းကို အတူတကွ လက်တွဲတည်ဆောက်နိုင်ရေး၊ မဲခေါင်ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်မှု ခိုင်မာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကို အခြေခံအားဖြင့် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာအစိုးရ အလေးအနက်ထားသည့် အလုပ်အကိုင်ဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး စသည့်ကဏ္ဍများတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် ငွေရေးကြေးရေး ကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကူညီဆောင်ရွက်ပေးမည့် အစီအမံများကို မြန်မာအစိုးရနှင့် သေချာစွာဆွေးနွေးပြီး မြန်မာနိုင်ငံ၏ အမှန်တကယ် လိုအပ်ချက်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်ပင်ဆွေးနွေးကာ ဆက်လက် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးဆိုင်ရာ ကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာအစိုးရသစ်ကို ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်မှတစ်ဆင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဂျပန်သတင်း မီဒီယာသမားတစ်ဦး၏ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် ဆက်ဆံရေးသည် အနောက်နိုင်ငံများနှင့် မတူညီသည်မှာ သဘာဝကျပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ယုံကြည်လျှင် မတူကွဲပြားမှုများကို လက်ခံနိုင်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ မတူ ကွဲပြားမှုများကို အခြေခံ၍ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆွေးနွေးတိုင်ပင်ကာ ပြေလည်စွာ ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

အသုံးအဆောင်ပစ္စည်းတွေကို ထောက်ပံ့ပေးသွားဖို့စီစဉ်နေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၇ မြို့နယ်၌ ဧပြီ ၂၁ ရက်မှ မေ ၁ ရက်အထိ လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်မိသည့် စေတီ ၃၈ ဆူ၊ ထီးတော်မြေခခဲ့သည့် စေတီ ၁၁ ဆူ၊ ပြိုကျပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၄၉ ကျောင်း၊ အမိုးလန်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၃၃၄ ကျောင်း၊ ထိခိုက်ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းပေါင်း ၆၁ ခု၊ ထိခိုက်ပျက်စီးသွားသည့်လူနေအိမ် ၁၄၁၇ အိမ်၊ အမိုးလန်ခဲ့သည့် လူနေအိမ် ၁၃၆၄၇လုံး ရှိခဲ့ရာ သဘာဝဘေးထိခိုက်ခံရသူ ၆၄၄၅၃ ဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၂၄ ဦးနှင့် သေဆုံးသူ ၁၈ ဦးရှိခဲ့ကာ တိရစ္ဆာန်ကောင်ရေ ၁၄၁၀၊ သေဆုံး၍ ၁၂ ကောင်မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ "ထိခိုက်ဆုံးရှုံးမှုအဖြစ်များဆုံး မြို့နယ်တွေက စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ငါန်းဇွန်နဲ့ ရမည်းသင်းတို့ဖြစ်ပါတယ်။ ကျန်ရှိတဲ့ မြို့နယ်တွေကိုလည်း တတ်နိုင်သမျှ မြန်နိုင်အောင် ဆောင်ရွက်သွားမှာပါ"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

အဆိုပါဆုံးရှုံးမှုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ကူညီနိုင်ရန် လှူဒါန်းထားရှိမှု ငွေကျပ်သိန်းပေါင်း ၅၃၂၀ အပြင် အခြားထောက်ပံ့ပစ္စည်းများလည်း ပါဝင်လျက်ရှိရာ အမြန်ဆုံးခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို

ရန်ကုန် မေ ၃

မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက ဒဂုံမြို့နယ် အမှတ်(၂) စစ်ဆေးရုံ၌ လည်းကောင်း၊ လသာမြို့နယ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း စုပေါင်းသွေးလှူခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

စုပေါင်းသွေးလှူခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ရာ ဆေးရုံကြီးများသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဆေးရုံကြီးများမှ ဆရာဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

နှစ်(၇၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) စစ်ဆေးရုံ၌ မီးသတ်တပ်ဖွဲ့ဝင် ၇၁ ဦးတို့က သွေးလှူဒါန်းခဲ့ကြပြီး တပ်ဖွဲ့ဝင် ၃၇၈ ဦးတို့က ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းရေးများ ဆောင်ရွက်ပေးခဲ့သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင် ၈၀ တို့က သွေးလှူဒါန်းခဲ့ကြပြီး တပ်ဖွဲ့ဝင် ၃၁၀ တို့က ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်

❖ ရှေ့စာမျက်နှာမှ

ဆန္ဒကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်ဆောင်ရွက်ချက်များအား ဆက်လက်စောင့်မျှော်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အာဆီယံနှင့်တကွ အာဆီယံနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ကူမာမိုတို ငလျင်ဒဏ်သင့်ခဲ့မှုအပေါ် မြန်မာအစိုးရက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ခြင်းအတွက် ကျေးဇူးတင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်ဝန်ကြီးတို့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ တရားဥပဒေ စိုးမိုးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီပေးရေး၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ဂျပန်နိုင်ငံမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖြစ် ဆက်လက်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်၊ ဘဏ္ဍာရေးဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်လုပ်ငန်းရှင်များ ဆက်လက်ရင်းနှီးမြှုပ်နှံရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များတွင် အကူအညီပေးရေး၊ ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ အရိုးရှာဖွေကောက်ယူခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် Japan- Myanmar Joint Initiative ဖွဲ့စည်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိဂုချိလည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအို ခိရှိဒါအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

ကချင်ပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ နောင်မွန်ဒေသခံများနှင့်တွေ့ဆုံ

နောင်မွန် မေ ၃

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်တွင် ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် နောင်မွန်မြို့နယ် ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၁၀ နာရီက နောင်မွန်မြို့ လုံးမောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ) ဦးခန်လင်က လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်း၊ ပြည်သူများ၏ တင်ပြမေးမြန်းချက်များအား ပြန်လည်ဖြေကြားခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ ပြည်သူများ၊ အသင်းတော်အသီးသီးမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့စာနယ်ဇင်းလွတ်လပ်ခွင့်တိုးတက်ရေးအတွက် အလေးအနက်ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်ပြောကြား

ရန်ကုန် မေ ၃

"ဒီကနေ့ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားမှာ၊ မိတ်ဆွေများနဲ့ ဆုံစည်းရတဲ့ အခါသမယမှာ ကျွန်တော်သည် မိတ်ဆွေများနဲ့ အတူတကွ ပူးတွဲပြီး မြန်မာ့စာနယ်ဇင်း လွတ်လပ်ခွင့်တိုးတက်ရေးအတွက် အလေးအနက်ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်လို့ ဒီနေရာက အသိပေးပြောကြားလိုက်ပါတယ်"ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်၌ ကျင်းပသည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြဿနာများကို ဖြေရှင်းကုစားသည့်နေရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများဘက်မှ ပြုပြင်ပြောင်းလဲမှုများ လုပ်ရန် အရေးကြီးသကဲ့သို့ စာနယ်ဇင်းသမားများ၏ အားထုတ်မှုများကလည်း တန်းတူညီမျှ အရေးကြီးသည်ဟု မြင်ပါကြောင်း၊ စာနယ်ဇင်းအဖွဲ့အစည်းများ၊ တစ်ဦးချင်းသော စာနယ်ဇင်းသမားများသည် စာနယ်ဇင်းလွတ်လပ်ခွင့်တိုးတက်အောင် တိုက်တွန်းဆော်ဩနိုင်၊ တွန်းနိုင်၊ ရွှေ့နိုင်သည်ဆိုသည်ကို အလေးအနက်ထားစေချင်ပါကြောင်း၊ ရရှိခဲ့သည့် တိုးတက်မှုများသည်လည်း သူ့အလိုအလျောက်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ အဓိကမှာ စာနယ်ဇင်းသမားများ အစဉ်တစိုက် ထောက်ပြဝေဖန်ခြင်း၊ တိုက်တွန်းပြောဆိုခြင်း၊ စုစည်းဆောင်ရွက်ခြင်းများကြောင့် ပိုပြီး မြန်ဆန်စွာ ရရှိခဲ့ခြင်းဖြစ်သည်ကို သတိပြုစေချင်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်က ပေးပို့လာသည့် သဝဏ်လွှာကို ယူနက်စကို၏ မြန်မာဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam က ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)၊ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ (MJU) ၊ နိုင်ငံတကာ မြန်မာ့ သတင်းအဖွဲ့ (BNI) ၊ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်(ဂျာနယ်လစ်ဇင်ဌာန)နှင့် သတင်းအချက်အလက်သိပိုင်ခွင့်အတွက် ဦးဆောင်လုပ်ကိုင်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပေးပို့လာသည့် သဝဏ်လွှာများကို ကိုယ်စားလှယ်များက ဖတ်ကြားခဲ့ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံအမတ်ကြီးများ၊ ယူနက်စကိုမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အခမ်းအနားများကို မြန်မာနိုင်ငံတွင် ကျင်းပလာသည်မှာ ယခုဆိုလျှင် (၅)ကြိမ်မြောက် ရှိပြီဖြစ်သည်။

ယနေ့ကျင်းပသည့် သတင်းလွတ်လပ်ခွင့်နေ့၏ အဓိက ဦးတည်ချက်မှာ "သတင်းအချက်အလက်များနှင့် အခြေခံလွတ်လပ်ခွင့်များရရှိရေးသည် သင့်အခွင့်အရေးဖြစ်သည်" (Access to Information and Fundamental Freedoms,:၊ This is Your Right!) ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက် (MJN)၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ(MJU)နှင့် နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့(BNI)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် MJA ၊ MJN ၊ MJU နှင့် BNI တို့မှ တာဝန်ရှိသူများက သတင်းလွတ်လပ်ခွင့် ရရှိရေး၊ ပုဂ္ဂလိကသတင်းစာများ၏ အခက်အခဲများ၊ သတင်းရယူခွင့်နှင့် အခက်အခဲများ၊ သတင်းသမားများ၏အခွင့်အရေး၊ တိုင်းရင်းသား မီဒီယာဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းစာရှင်းလင်းပွဲများကို ပုံမှန်ကျင်းပပေးရေး၊ ရုပ်သံဥပဒေ၊ နည်းဥပဒေများကို အကောင်အထည်ဖော်နိုင်ရေး၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး၊ သတင်းရယူခွင့် လွယ်ကူချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများက ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်ရိုက်ကူးမှု ဈေးကွက်တွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရုံတင်ပြသသည့် စနစ်၊ တရားမဝင်ခိုးကူးခွေများကြောင့် ဈေးကွက်တွင် အခက်အခဲများကြုံတွေ့နေရမှု၊ ရိုက်ကူးထုတ်လုပ်ပြီးသော ရုပ်ရှင်ကားများကို အွန်လိုင်းတွင်တင်၍ ပြသနေမှုများကြောင့် Cyber Law နှင့်ပတ်သက်ပြီး ထိရောက် သော ဥပဒေတစ်ရပ် ရှိသင့်မှု၊ ၂၀၂၀ ပြည့်နှစ်တွင်ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရာတွင် လိုအပ်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ဦးတည်ပြီး မူဝါဒတွေ ချမှတ်လုပ်ဆောင်နိုင်တာကြောင့် လာမည့် ငါးနှစ်အတွင်းမှာ အိမ်ခြံမြေဈေးကို မကျကျအောင် လုပ်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု I Myanmar House. Com မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ယနေ့မွန်းလွဲပိုင်းတွင် စင်ထရယ်ဟိုတယ်၌ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် I Myanmar House.Com တို့ ပထမဆုံးအကြိမ်အဖြစ် ပူးပေါင်းကျင်းပသည့် ၂၀၁၆ အိမ်ခြံမြေ ဈေးကွက်အခြေအနေနှင့် အနာဂတ်အလားအလာ ဟောပြောဆွေးနွေးပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

လာမည့် မေ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် I Myanmar House.Com တို့ပူးပေါင်း ၍ UMFCCI ၌ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဝါရင့်စီးပွားရေး ပညာရှင် ဒေါက်တာမောင်အောင်၊ ဦးကိုကိုထွေး (တော်ဝင်စင်တာ)၊ ဦးတင်မောင်(မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း)၊ ဦးစိုင်းခွန်နောင် (စိုင်းခွန်နောင်အိမ်ခြံမြေ)နှင့် ဦးနေမင်းသူ (I Myanmar House. Com) တို့က အိမ်ခြံမြေနှင့်ပတ်သက်ပြီး ပြည်သူများသိသင့်သိထိုက်သော ဗဟုသုတများ ဟောပြောပေးမည်ဖြစ်ရာ မည်သူမဆိုအခမဲ့တက်ရောက်နိုင်ကြောင်း သိရ သည်။

အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းရေးသည် မြို့သစ်စီမံကိန်းများ ဖော်ဆောင်နိုင်မှုနှင့် ဆက်စပ်လျက်ရှိသည်။ ကြည့်မြင်တိုင် တစ်ဖက်ကမ်း မှော်ဘီနှင့် သန်လျင်တို့၌ မြို့သစ်စီမံကိန်းများ တိုးချဲ့သင့်ပြီး မြို့သစ်များနှင့်အတူ တန်ဖိုးနည်းနှင့် တန်ဖိုးမျှတအိမ်ရာများ တွဲဖက်တည်ဆောက်ပေးမည်ဆိုပါက အိမ်ခြံမြေဈေးသည် မလွဲမသွေကျဆင်းလာနိုင်ကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက မျှော်လင့်ထားကြသည်။ လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အစိုးရသစ်အပေါ် ယုံကြည်မှုတိုးလာသည့်အတွက် ရင်းနှီးမြှုပ်နှံမှုမှာလည်း နှစ်ဆသုံးဆမြင့်တက်လာနိုင်ကြောင်း ၊ ရင်းနှီးမြှုပ်နှံမှုများကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် နေအိမ်လိုအပ်ချက်မြင့်မားလာပြီး အိမ်ခြံမြေအရောင်းအဝယ် အားကောင်းလာနိုင်ကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက မျှော်လင့်ထားကြသည်။ လက်ရှိမြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက် အေးစက်နေသော်လည်း လာမည့်နှစ်များအတွင်း မူဝါဒအပြောင်းအလဲများကြောင့် အိမ်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းထားကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် မေ ၄

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့၌ ၁ ဒသမ ၃၀ လက်မ၊ ဖလမ်းမြို့၌ ၁ ဒသမ ၂၂ လက်မ၊ ကန့်ဘလူမြို့၌ ၁ ဒသမ ၁၈ လက်မ၊ တကောင်း(စိုက်ပျိုးရေး)၌ ၁ ဒသမ ၀၂ လက်မ၊ ဟဲဟိုးမြို့၌ ၀ ဒသမ ၈၇ လက်မ၊ မုံရွာမြို့၌ ၀ ဒသမ ၈၂ လက်မ၊ ပင်လောင်းမြို့၌ ၀ ဒသမ ၇၅ လက်မ၊ ကလေးမြို့၌ ၀ ဒသမ ၇၂ လက်မ၊ တောင်ကြီးမြို့နှင့် မောင်တောမြို့တို့၌ ၀ ဒသမ ၆၇ လက်မစီ၊ ကျောက်တော်မြို့၌ ၀ ဒသမ ၆၃ လက်မနှင့် သီပေါမြို့၌ ၀ ဒသမ ၅၈ လက်မတို့ဖြစ်ကြသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုအခြေအနေများ ဆွေးနွေး

နေပြည်တော် မေ ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအို ခိရှိဒါအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-ဂျပန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ ယခု ပြည်သူရွေးချယ်သော ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ပတ်သက်၍ တပ်မတော်ပိုင်းနှင့် ပြည်သူလူထုပိုင်းဆိုင်ရာ ပကတိအခြေအနေများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ရပ်တည်ချက်သဘောထားနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြောကြားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများပူးပေါင်း၍ ပိုမိုလုပ်ဆောင်ခြင်း၊ ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ခြင်းတို့ဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုအခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေး၊ တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(မြဝတီ)

MRTV - 4 မှ သတင်းထုတ်လွှင့်မှုနှင့် ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သဘောထားထုတ်ပြန်

နေပြည်တော် မေ ၃

MRTV - 4 ၏ သတင်းထုတ်လွှင့်မှုနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ပြည်တွင်းရုပ်မြင်သံကြားမီဒီယာတစ်ခုဖြစ်သည့် MRTV -4 မှ ၂၀၁၆ ခုနှစ် ဧပြီ ၂၉ ရက် ည ၈ နာရီသတင်း ထုတ်လွှင့်ရာတွင် "အစိုးရတပ်နှင့် ရခိုင်တပ်မတော် (AA)တိုက်ပွဲကြောင့် ဒေသခံ ၁၁၀၀ ဝန်းကျင် စစ်ဘေးရှောင်နေရ" ခေါင်းစဉ်ဖြင့် သတင်း တစ်ပုဒ် ထုတ်လွှင့်ခဲ့ပြီး MRTV-4 ၏ တရားဝင် website စာမျက်နှာတွင်လည်း ဖော်ပြခဲ့ကြောင်း၊ ယင်းသို့ ထုတ်လွှင့်ဖော်ပြရာတွင် တပ်မတော်ကို **"အစိုးရတပ်"** ဟုခေါ်ဝေါ်သုံးစွဲခဲ့ပြီး AA သောင်းကျန်းသူအဖွဲ့ကို **"ရခိုင်တပ်မတော်"** ဟု ဖော်ပြခဲ့သည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတိုင်းတွင် နိုင်ငံတော်ကို ကာကွယ်ရန်ဖွဲ့စည်းထားသည့် တပ်မတော်သည် တစ်ခုတည်းသာရှိကြပါကြောင်း၊ တပ်မတော်နှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇)တွင်လည်း **"တပ်မတော်"** ဟုသာ အမည်တပ်သုံးစွဲဖော်ပြထားကြောင်း၊ ၎င်းအခန်း၏ ပုဒ်မ-၃၃၇ တွင် "တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်" ဟု ဖော်ပြထားရှိပြီး ကျန်ပုဒ်မများတွင်လည်း တပ်မတော်ဟုသာ ရေးသားဖော်ပြထားပါကြောင်း။

"တပ်မတော်" အသုံးအနှုန်းကို မှန်ကန်စွာ သုံးစွဲဖော်ပြခြင်းမပြုဘဲ အစိုးရတပ်ဟု ဖော်ပြခြင်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါ်ပေါက်လာသော တပ်မတော်၏ သမိုင်းကြောင်း၊ နိုင်ငံတော်အတွက် ရင်းနှီးပေးဆပ်မှုများစွာဖြင့် စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါကြောင်း၊ ထို့ပြင် တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်း တစ်ခုဖြစ်သည့် AA သောင်းကျန်းသူအဖွဲ့ကို ရခိုင်တပ်မတော်ဟု ဖော်ပြခြင်းမှာလည်း လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းတစ်ခုအား တရားဝင်တပ်မတော်တစ်ရပ်ကဲ့သို့ အားပေးအားမြှောက်ပြုသည့်သဘောသက်ရောက်ပါကြောင်း၊ ယင်းသည် MRTV-4 ၏ သဘောထားကိုပါ ထင်ဟပ်စေပါကြောင်း။

သို့ဖြစ်၍ တရားဝင်မှတ်ပုံတင်ထားရှိသော ပြည်တွင်းရုပ်မြင်သံကြားမီဒီယာတစ်ခုဖြစ်သည့် MRTV-4၏ အဆိုပါသတင်းထုတ်လွှင့်မှုသည် သတင်းမီဒီယာကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းမှုမရှိသည့်အပြင် ညီညွတ်မျှတမှန်ကန်စွာသုံးစွဲဖော်ပြခြင်းမရှိသဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကိုယ်စား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သလို ထိန်းသိမ်းကြပ်မတ်ပေးရေး တောင်းဆိုပါကြောင်း ဖော်ပြပါရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၀) ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

မြစိမ်းရောင်ကျေးရွာများ ရွေးချယ်စိစစ်ရေး ဆွေးနွေး

မံစီ မေ ၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မိုင်းနောင်၊ မလင်၊ စီကော်၊ နောင်ဟူးနှင့် ကမ်းနီကျေးရွာများကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် မြစိမ်းရောင်စီမံကိန်းကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အမှာစကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

○ *ရှေ့ဖုံးမှ*

စခန်းများဖြစ်သည့် သီရိမင်္ဂလာဈေးနှင့်လှိုင် ယာဉ်ရောင်းဝယ်ရေးစခန်းတို့တွင် ကားများကို ညအိပ်ထားနိုင်ရေး၊ ရန်ကုန်မြို့တွင်း တရားမဝင်ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် တရားဝင်ရောင်းဝယ်ရေးစခန်းများ စုပေါင်းထားနိုင်မည့် အဆင့်မြင့် ယာဉ်ရောင်းဝယ်ရေးဇုန်ကြီး တည်ဆောက်ပေးနိုင်ရေးနှင့် မော်တော်ယာဉ်ရောင်းဝယ်ရေး အသင်းမှတ်ပုံတင်များကို ပြန်လည်စိစစ်ပြီး အသက်သွင်းပေးနိုင်ရေး စသည့်ကိစ္စရပ်များကို တင်ပြခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုအစိုးရသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ရန် ညွှန်ကြားထားခဲ့ကြောင်း၊ အဆိုပါ ညွှန်ကြားချက်ကို ကျန်သည့် ရက်ပေါင်း ၆၀ အတွင်းမှာပင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘက်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံမှ ပညာရှင်များဖြင့် ဆွေးနွေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်မြို့တွင်းမှာ တရားမဝင် ယာဉ်ရောင်းဝယ်ရေးစခန်းတွေက အများကြီးပဲ။ အားလုံးပေါင်းလိုက်ရင် စီးရေတစ်သောင်းကျော်လောက်ရှိမယ်။ ပွဲစားတန်းတွေကလည်း အများကြီးပဲ။ အဲဒါကြောင့် တရားမဝင်တာတွေရော၊ ပွဲစားတန်းတွေရော၊ တရားဝင်ရောင်းဝယ်ရေးစခန်းတွေရော အားလုံးပါဝင်နိုင်မယ့် ယာဉ်ရောင်းဝယ်ရေးဇုန်ကြီး တစ်ခုလောက်ရှိမယ်ဆိုရင် ဒီရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုက တော်တော်လေးကို လျော့ကျသွားမှာပါ။ ဒါကြောင့် ဝန်ကြီးချုပ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဒီနေ့တွေ့ဆုံတဲ့အခါမှာ အဲဒီအချက်ကို အဓိကထားတင်ပြခဲ့ပါတယ်" ဟု ဦးအောင်သန်းဝင်းက ဆက်လက် ပြောကြားသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုနှင့်ပတ်သက်၍ အငှားယာဉ်မောင်း ကိုမော်မြင့်က "ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုဟာ ကျွန်တော့်အမြင် ပြောရရင် ယာဉ်များတာကလည်း တစ်ကြောင်း၊ ယာဉ်များတယ်ဆိုတာနယ်က ယာဉ်တွေလည်း တော်တော်လေး ဒီကိုရောက်နေတာ တွေ့မြင်နေရတယ်။ ခဏတစ်ဖြုတ်မဟုတ်ဘူးနော်။ အငှားယာဉ်အဖြစ်ကို တွေ့မြင်နေရတာ။ ပြီးတော့ လမ်းဘေးဈေးသည်တွေက တော်တော်လေး ဆိုးတယ်။ ခုဆို ကားလမ်းပေါ် တစ်ဝက်လောက်ကို သူတို့က စိုးမိုးထားတာ။ အဲဒါတွေကြောင့် ယာဉ်ကျပ်တည်းမှုက ပိုဆိုးတာ။ ပြီးတော့ ယာဉ်မောင်းတွေအနေနဲ့ကလည်း စည်းကမ်းတကျနဲ့ မောင်းဖို့လိုမယ်။ အဲဒီအချက်တွေ ပြုပြင်လိုက်ရင် တော်တော်လေး ယာဉ်ကြောကျပ်တည်းမှု လျော့နည်းလာမယ်လို့ မြင်တယ်" ဟု သူ့အမြင်ကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျန်ရက်ပေါင်း ၆၀ အတွင်း ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရေးကို မြို့တော်စည်ပင်၊ ယာဉ်ထိန်းရဲများနှင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံ့ရတနာများစုစည်းရာနေရာ

လူအေး

အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံအတွက် ရှိသင့်ရှိထိုက်သည့် အဖွဲ့အစည်းများဖြစ်ကြပါသည်။ နိုင်ငံ၏ သမိုင်းဆိုင်ရာ အထောက်အထားများ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာ အထောက်အထားများကို လူမှုပတ်ဝန်းကျင်ဆိုင်ရာများမှ မှီငြမ်းကိုးကားလိုသူများ၊ ဗဟုသုတရှာဖွေလိုသူများ၊ လေ့လာလိုသူများထံသို့ ဖြန့်ဝေမှုပုံစံမျိုးစုံဖြင့် ကူညီထောက်ပံ့ပေးနေသော အဖွဲ့အစည်း(သို့) ဦးစီးဌာနများဖြစ်သည့်အားလျော်စွာ အရာဝတ္ထု၊ ပစ္စည်းပုံစံမျိုးစုံတို့ကို မိမိဌာနနှင့်သင့်လျော်သည့် နည်းများဖြင့် စုဆောင်းထိန်းသိမ်းထားရှိကြပါသည်။ ယင်းဌာနသုံးခုစလုံးသည် ဝင်ငွေရရှိရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမဟုတ်ဘဲ ပြည်သူနှင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများကို အထောက်အထားများ၊ သတင်းအချက်အလက်များ၊ ဗဟုသုတများပေးသည့် ဌာနအဖွဲ့အစည်းများသာဖြစ်သည်။ ပြည်သူအများစုသည် အမျိုးသားပြတိုက်၊ အမျိုးသား စာကြည့်တိုက်တို့အား သိရှိကြသော်လည်း အမျိုးသား မော်ကွန်းတိုက် (အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန)ကို သိရှိသူနည်းပါးသည်ဟု ဆိုရပါမည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့်ပတ်သက်သည့် အထောက်အထားအချက်အလက်များ၊ နိုင်ငံတော်မှခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်းသည့် အထောက်အထား အချက်အလက်များအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မပျက်မစီးစေရေးအတွက် ထာဝစဉ်လုံခြုံစွာ ထိန်းသိမ်းထားသောဌာနဖြစ်ပါသည်။ ဌာနရှိမှတ်တမ်း၊ မော်ကွန်းများအား ရည်ညွှန်းကိုးကား အသုံးပြုစေခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်မည့်သုတေသနလုပ်ငန်းများအတွက် ကူညီပံ့ပိုး အထောက်အကူပြုပေးရသည့်ဌာနလည်း ဖြစ်ပါသည်။ ဤဌာနရှိ ထိန်းသိမ်းထားရှိသော မှတ်တမ်းများ (records)၊ မော်ကွန်းများ (archives)သည် နိုင်ငံ၏ တရားဝင်အထောက်အထားများဖြစ်ပြီး ပျောက်ဆုံးပျက်စီးပါက အစားထိုး၍မရနိုင်ပါ။ တန်ဖိုးဖြတ်၍လည်းမရပါ။ တစ်မျိုးတည်းသာရှိသော စစ်မှန်သည့်မူရင်း အထောက်အထားများဖြစ်ပါသည်။ မှတ်တမ်းမှတ်ရာများမှာလည်း နောင်အချိန်တွင်ပြန်လည်ကိုးကားနိုင်ခြင်း၊ အထောက်အထားဖြစ်စေခြင်း၊ မူရင်းသက်သေဖြစ်ခြင်းတို့သည် တန်ဖိုးများဖြစ်ပါသည်။

အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တို့သည် နိုင်ငံအတွက်အရေးပါသော အရာများကို စုစည်းရာနေရာ တစ်နည်းအားဖြင့် နိုင်ငံ့ရတနာများအား စုစည်းသိုမှီးရာ နေရာများဖြစ်ပါသည်။ ယင်းဌာနအဖွဲ့အစည်းသုံးခုသည် ယေဘုယျအားဖြင့် တူညီချက်များရှိသလို၊ ကွဲပြားခြားနားချက်များလည်းရှိပါသည်။ တူညီချက်များမှာ အထောက်အထားများ၊ စာရွက်စာတမ်းများ၊ ပစ္စည်းများအား စုဆောင်းထိန်းသိမ်းသည့်ဌာနများဖြစ်သဖြင့် ပတ်ဝန်းကျင်ဆိတ်ငြိမ်ပြီး ကျယ်ဝန်း၍ ကြီးမားခိုင်ခံ့သော သီးသန့်အဆောက်အအုံများဖြစ်ခြင်း၊ သုတေသနပြုရန်၊ မှီငြမ်းကိုးကားရန်၊ ဗဟုသုတ ရရှိစေရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားသောဌာန၊ အဖွဲ့အစည်းများဖြစ် ခြင်း၊ သိမ်းဆည်းထားသော အရာဝတ္ထုပစ္စည်းများ၊ စာရွက်စာတမ်းများအားလုံးသည် မိမိတို့ဌာနမှ ကိုယ်တိုင်ဖန်တီး ပြုလုပ်ထားသော အရာများမဟုတ်ဘဲ သင့်လျော်သောနေရာ များမှ ထိုက်သင့်သလိုရယူစုဆောင်းခြင်း ဝယ်ယူခြင်းတို့ဖြစ်ခြင်း၊ ပြည်သူနှင့်အဖွဲ့အစည်းများကို အထောက်အထားများ၊ သတင်းအချက်အလက်များ၊ ဗဟုသုတများ ပေးခြင်းတို့သည် ဌာနသုံးခု၏ ယေဘုယျတူညီချက်များဖြစ်ပါသည်။

အမျိုးသားမော်ကွန်းတိုက်တွင် အသုံးပြုလိုသူ သုတေသီ (Researcher) များသည် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် စာဖတ်ခန်း (Reference Room) အတွင်း၌သာ ဖတ်ရှုခွင့်ရှိပြီး ကန့်သတ်ဧရိယာအတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။ အမျိုးသားရေး အမွေအနှစ်များ ဆုံးရှုံးသွားနိုင်သဖြင့် အထောက်အထားများရှိသောအခန်းများ၏ လုံခြုံရေးကိုစနစ်တကျ စီမံဆောင်ရွက်ထားရပါသည်။ သိမ်းဆည်းထားသော အထောက်အထားများသည် အစိုးရဌာနအဖွဲ့အစည်းများ၏ ရုံးလုပ်ငန်းများလုပ်ကိုင်ရာမှ ဖြစ်ပေါ်လာသော ရုံးလုပ်ငန်းများနှင့် ပတ်သက်သည့်စာရွက်စာတမ်းများ၊ စာတွဲများ၊ မြေပုံများဖြစ်သည်။ (ဥပမာ။ စာချုပ်စာတမ်းများ၊ အစည်းအဝေးမှတ်တမ်းများ၊ အစီရင်ခံစာများ)၊ ထိန်းသိမ်းထားသည့် မှတ်တမ်း၊ မော်ကွန်း အမျိုးအစားပေါင်း ၁၄ မျိုးရှိပြီး စုစုပေါင်းစာရင်းမှာ ၂၀၀၀၀၀ ကျော်ရှိပါသည်။ ရယူစုဆောင်းပုံမှာ မော်ကွန်းဥပဒေ (Archives Law)အရ ဝန်ကြီးဌာနအသီးသီးသို့ တရားဝင်အမှာစာများပေးပို့၍ အရေးပါသော အထောက်အထားများဖြစ်သည့် မှတ်တမ်းစာတွဲများကို ရယူလွှဲပြောင်းစုဆောင်းပါသည်။ သုတေသနပြုသူ စာဖတ်သူများသည် မှတ်တမ်း၊ မော်ကွန်းများအားရှာဖွေရာတွင် လမ်းညွှန်စာအုပ်၊ တိုက်ပိုင်စာရင်း၊ အနှစ်ချုပ်စာရင်းများ၊ ကွန်ပျူတာများတွင် သက်ဆိုင်ရာ စာရှာအကူ (ဝန်ထမ်း)များ၏ အကူအညီဖြင့် ရှာဖွေဖတ်ရှုနိုင်ပါသည်။ သို့သော် မှတ်တမ်း၊မော်ကွန်းများအား ပြင်ပသို့ငှားရမ်းယူဆောင်ခွင့်မပြုပါ။ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူ သုတေသီများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ရှာဖွေဖတ်ရှုကြပါသည်။

> **အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့သည် ယင်းတို့၏ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းနှင့် လုံခြုံရေးစီမံဆောင်ရွက်မှုလုပ်ငန်းများအား ပြောင်းလဲလာသည့် နည်းစနစ်အခြေအနေတွင် ပိုမိုကောင်းမွန်သည့် နည်းပညာများဖြင့် စီမံဆောင်ရွက်နေကြ**

အမျိုးသားပြတိုက်တွင်လေ့လာလိုသူများ(Observer) သည် ထိန်းသိမ်းထားရှိသော နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုများဆိုင်ရာ မူရင်းပစ္စည်းများ၊ ယဉ်ကျေးမှု ဖြစ်ပေါ်ပြောင်းလဲပုံ အဆင့်ဆင့်နှင့်သက်ဆိုင်သော ပစ္စည်းများ၊ နိုင်ငံတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်များ၊ ကျောက်စာများ အစရှိသော အထောက်အထားများ ခင်းကျင်းပြသထားသည်များအား ယင်းအဆောက်အအုံအတွင်း၌သာ ကိုင်တွယ်ခွင့်မပြုဘဲ လေ့လာကြည့်ရှုနိုင်ပါသည်။ ရယူစုဆောင်းရာတွင် နိုင်ငံတော်၏ ဦးဆောင်မှု၊ အလှူရှင်များ၏လှူဒါန်းမှုများမှတစ်ဆင့် ရယူစုဆောင်းပါသည်။ လေ့လာလိုသူများသည် ခင်းကျင်းပြသထားသော ရုပ်ပုံ၊ ရုပ်လုံးများ၏ စာတမ်း(Caption) များအား ကြည့်ရှုခြင်းဖြင့် လေ့လာရပါသည်။ အဓိကအားဖြင့် ကမ္ဘာလှည့်ခရီးသည် အများစုနှင့် လေ့လာသူဧည့်သည်များ ကြည့်ရှုကြပါသည်။

အမျိုးသားစာကြည့်တိုက်တွင်အသုံးပြုသူ (Users) များသည် ၎င်းတို့ဖတ်ရှုလိုသော အကြောင်းအရာများနှင့်သက်ဆိုင်သည့် စာအုပ်စာတမ်းများအား ကိုယ်တိုင်ရှာဖွေအသုံးပြုရပါသည်။ ပုံနှိပ်ထုတ်ဝေထားသောဗဟုသုတရရှိစေနိုင်သည့် အကြောင်းအရာမျိုးစုံပါဝင်သည့် စာအုပ်စာတမ်းများအား အမျိုးအစားအလိုက် အကြောင်းရာအလိုက်၊ ဘာသာရပ်အလိုက် ခေါင်းစဉ်များခွဲခြား၍ ထားပါသည်။

အများအားဖြင့် စီးပွားရေးတစ်ရပ်အနေဖြင့် ရည်ရွယ်၍ထုတ်ဝေထားသော စာအုပ်များဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် သုတ၊ ရသမျိုးစုံ ပေးနိုင်သော စာအုပ်၊ စာတမ်းများ လိုအပ်လျှင်ထပ်မံ၍ ထုတ်ဝေနိုင်သော စာအုပ်အများစုများဖြစ်သည်။ အသုံးပြု သူများမှာ ဗဟုသုတရှာဖွေသူများ၊ ကျောင်းသား ကျောင်းသူများအများစုဖြစ်ပြီး ၎င်းတို့အလိုရှိသော စာပေအမျိုးအစားများကို ပြင်ပသို့တရားဝင်ငှားရမ်းခွင့်၊ ယူဆောင်ခွင့်ရှိပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့သည် နိုင်ငံတော်တွင် ရှိသင့်ရှိထိုက်သည့် ဦးစီးဌာနများ တစ်နည်းအားဖြင့် မြန်မာ့ဒီမိုကရေစီမူဘောင်အား ပိုမိုပီပြင်စေရေးအတွက် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကိုဖော်ဆောင်မည့် သုတေသနပြုသူများ၊ ဗဟုသုတရှာဖွေသူများ၊ ကျောင်းသူ ကျောင်းသားများ၊ လေ့လာသူ များအပေါ်ကူညီထောက်ပံ့ပေးနေသော ဌာနများဖြစ်ပါကြောင်းနှင့် အမျိုးသားမော်ကွန်းတိုက်အား အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့ကဲ့သို့ ပြည်သူအများသိရှိအသုံးပြုကြသကဲ့သို့ ကျွန်ုပ်တို့၏ အမျိုးသားမော်ကွန်းတိုက်ကိုလည်း အများပြည်သူများ သိရှိနိုင်ပါစေရန် ရည်ရွယ်ချက်ဖြင့် ဤသို့ရေးသားခြင်း ဖြစ်ပါသည်။ အမျိုးသားပြတိုက်နှင့်အမျိုးသားစာကြည့်တိုက်တို့သည် ယင်းတို့၏ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းနှင့် လုံခြုံရေးစီမံဆောင် ရွက်မှုလုပ်ငန်းများအား ပြောင်းလဲလာသည့် နည်းစနစ်အခြေအနေတွင် ပိုမိုကောင်းမွန်သည့် နည်းပညာများဖြင့် စီမံဆောင်ရွက်နေကြပါသည်။

ယခုလို ရေးသားချက်အပေါ် လိုအပ်ချက်များ မပြည့်စုံမှုများ ရှိနိုင်ပါသည်။ ရိုးသားစွာဝန်ခံပါသည်။ အမျိုးသားပြတိုက်နှင့် အမျိုးသား စာကြည့်တိုက်တို့သည် ကျွန်ုပ်တို့ဌာနနှင့် ဦးစီးဌာန မောင်နှမအချင်းချင်းဖြစ်ခြင်းကြောင့် ဖော်ပြပါ ရည်ရွယ်ချက်ဖြင့် နှိုင်းယှဉ်ရေးသားရခြင်းဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ သုတေသီများ၊ ကျောင်းသား ကျောင်းသူများ အသုံးပြုသူ အပေါင်းတို့အား နွေးထွေးစွာကြိုဆိုပါသည်။

အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများနှင့် စက်မှုလုပ်ငန်းများပူးပေါင်း အနာဂတ်အတတ်ပညာရှင်ကောင်းများ ပေါ်ထွက်လာမည်

ရန်ကုန် မေ ၃

အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အနာဂတ် အတတ်ပညာရှင်များ မွေးထုတ်ရာတွင် ပိုမိုထိရောက်လိမ့်မည် ဖြစ်ကြောင်း စင်ကာပူ-မြန်မာ သက်မွေးသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ် ဒေါက်တာမျိုးသီတာက ပြောသည်။

"ကျွန်မတို့ဒီကျောင်းက စင်ကာပူနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ပူးပေါင်းဆောင်ရွက်တဲ့ သက်မွေးသင်တန်းကျောင်းဖြစ်ပါတယ်။ ဒီလိုသက်မွေးသင်တန်းကျောင်းတွေနဲ့ စက်မှုလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ် အတတ်ပညာရှင်များ မွေးထုတ်ရာမှာ အလွန်အင်မတန်မှထိရောက်မှုရှိလှပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ စက်မှု လုပ်ငန်းတွေအနေနဲ့ ကျွန်မတို့လို သင်တန်းကျောင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။ စက်မှုလုပ်ငန်းတွေနဲ့ သက်မွေးသင်တန်းကျောင်းတွေ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျတဲ့ အတတ်ပညာတွေကို ကျောင်းသား ကျောင်းသူတွေကိုဖြန့်ဝေသင်ကြားပေးရာရောက်ပါတယ်" ဟု ဒေါက်တာမျိုးသီတာက ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ အဆိုပါ သက်မွေးသင်တန်းကျောင်း၌ကျင်းပသော စင်ကာပူ-မြန်မာ သက်မွေးသင်တန်းကျောင်း (SMVTI) နှင့် Golden Brown ကော်ဖီကုမ္ပဏီတို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါစာချွန်လွှာအရ ကော်ဖီနှင့် ရေခဲမုန့်ပြုလုပ်နည်းဆိုင်ရာ အတတ်ပညာ များကိုနိုင်ငံတကာအဆင့်မီ သင်ကြားနိုင်ရန် သင်ထောက်ကူစက်ပစ္စည်းများနှင့် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့အနေနဲ့ SMVTI School နဲ့ ပူးပေါင်းကာ ကော်ဖီအတတ်ပညာနဲ့ ရေခဲမုန့်ပြုလုပ်နည်း အတတ်ပညာများကို ဘာသာရပ်တစ်ခုအဖြစ် အနာဂတ်မှာ အလုပ်အကိုင်အခွင့်အလမ်း လွယ်ကူစွာရှာဖွေနိုင်ဖို့နဲ့ လူသားအရင်းအမြစ်တိုးပွားစေဖို့ ရည်ရွယ်ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု Golden Brown မှ မန်နေဂျာ ဦးနေလင်းအောင်က ပြောသည်။

စင်ကာပူ-မြန်မာသက်မွေးသင်တန်းကျောင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့် ကြောင်း၊ အနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများကို လက်ခံသင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းတစ်သုတ်လျှင် ဟိုတယ်နှင့်ဆိုင်သော သင်တန်းသား ၁၆၀ နှင့် အင်ဂျင်နီယာဆိုင်ရာ သင်တန်း သား ၂၄၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀၀ လက်ခံသင်ကြား ပေးလျက်ရှိကြောင်း၊ ဒုတိယအသုတ်ကို မေလဆန်းပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သီတဂူဆေးရုံ၌ မျက်စိပြသသည့် ဝေဒနာရှင်များအား အခမဲ့ကုသ

မင်းတပ် မေ ၃

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ် မြို့သို့ ဒေါက်တာမြင့်မြင့်ခင် ဦးဆောင် သော သီတဂူတက်လမ်းစက္ခုဒါန မျက်စိကုသရေးအဖွဲ့သည် မေ ၁ ရက်က မင်းတပ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ သီတဂူဆေးရုံ မျက်စိပြသသည့်ဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးကုသပေးကြောင်း သိရသည်။

အဆိုပါ မျက်စိကုသရေးအဖွဲ့သည် မျက်စိဝေဒနာရှင်များအား မေ ၁ ရက်မှ ၇ ရက်အထိ အခမဲ့ကုသပေးသွားမည် ဖြစ်ပြီး မျက်စိကုသရန် စာရင်းပေးသည့်လူနာပေါင်း ၁၆၀ ကျော်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အိမ်မဲမြို့နယ် တံတားစီမံကိန်းကြောင့် ထိခိုက်နိုင်သည့် မြေယာလျော်ကြေးငွေများအား မေလအတွင်း တွက်ချက်ပေးမည်

နေပြည်တော် မေ ၃
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ)** မေးခွန်းသုံးခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းသုံးခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှင်းလင်းဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **မိုင်းရယ်မြို့နေ ပြည်သူများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေလှောင်တမံတည်ဆောက်နိုင်ရေး အသေးစိတ်စူးစမ်းလေ့လာမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ သုံးနှစ်ခန့်ကြာမြင့်သော်လည်း ဘဏ္ဍာငွေတင်ပြတောင်းခံခြင်း ရှိ၊ မရှိ မသိရှိရသည့်အပြင် မြေပြင်တွင်လည်း ဆောင်ရွက်မှုတစ်စုံတစ်ရာ မတွေ့ရှိရပါသဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်းနှင့် ပြည်သူများစိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေမှုကို ပြေလည်စေရန် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မိုင်းရယ်မြို့နယ်နေ ပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ အခက်အခဲမရှိ လုံလောက်စွာ ပေးဝေနိုင်ရန်အတွက် မြို့အထက်ဘက်တွင် နားဝါရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်ချက်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ တင်ပြတောင်းခံခဲ့သော်လည်း လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေအဆင့်ဆင့် စိစစ်လျှော့ချရာတွင် ပါဝင်သွားသဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ထပ်မံထည့်သွင်းတင်ပြ တောင်းခံခဲ့သော်လည်း လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေ အဆင့်ဆင့်စိစစ်လျှော့ချရာတွင် ထပ်မံပါဝင်သွားသဖြင့် နားဝါရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် လာမည့်နှစ်များတွင် ရန်ပုံငွေရရှိရေး ဆက်လက်တင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **အိမ်မဲမြို့နယ် တူးမြောင်းဖြတ်ကူးတံတား**

စီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်သည့် အိမ်မဲပြည်သူများအတွက် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန် မည်သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ တံတားချဉ်းကပ်လမ်း၏တန်ဖိုးတွင် မြေယာလျော်ကြေးငွေ ပေးချေရန် ပါဝင်ပြီး မြေယာလျော်ကြေးငွေ တွက်ချက်ရာတွင် မြေတစ်ကေလျှင် ၁၀ သိန်းနှုန်းဖြင့် မြေကေ ၃၂ ဒသမ ၁၄ အတွက် ငွေ ၃၂ ဒသမ ၁၄ သန်းအား လျော်ကြေပေးရန် လျာထား တွက်ချက်ထားပါကြောင်း၊ အိမ်မဲတူးမြောင်းတံတားသည် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ချဉ်းကပ်လမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချဉ်းကပ်လမ်းဆောင်ရွက်ရာတွင် ပါဝင်မည့် ကျေးရွာနေပြည်သူများ၏ အိမ်ခြံမြေနှင့် လယ်ယာမြေတို့အား နစ်နာကြေးပေးရေးအဖွဲ့ ဖွဲ့စည်းပြီး ကျေးရွာနေပြည်သူများ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေမည့် ချဉ်းကပ်လမ်းအူကြောင်းပေါ်မူတည်၍ ပါဝင်မည့် မြေယာများ၏ လျော်ကြေးငွေအား မေလအတွင်း စတင်၍ စိစစ်တွက်ချက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **လှိုင်လင်မြို့နယ် ပင်လုံမြို့ ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်းကျေးရွာအုပ်စု လွိုင်လောင်ရွာသို့သွားသည့် လမ်းပေါ်ရှိ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားအမှတ်(၁) အလျားပေ ၄၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်း အသစ်တည်ဆောက်ပေးရန်နှင့် တံတားအမှတ်(၂) အလျားပေ ၃၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ် တံတားတစ်စင်း အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားအသစ် တစ်စင်းနှင့် ကွန်ကရစ်ရေကျော်တစ်စင်းတို့အတွက် ကုန်ကျငွေ ၁၇ သန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။
(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဟားခါး- ဖလမ်း ဓာတ်အားလိုင်း ၉၉ ဒသမ ၂၃ ရာခိုင်နှုန်းနှင့် ၆၆ ကေဗွီ ဖလမ်းဓာတ်အားခွဲရုံ ရာနှုန်းပြည့်ပြီးစီး ရက်ပေါင်း ၁၀၀ အတွင်း ဖလမ်းမြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်

နေပြည်တော် မေ ၃
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ **မေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်း**နှင့် ၁၉၇၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား အဆိုတင်သွင်းခြင်း၊ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ဖလမ်းမြို့သို့ ၂၀၁၄ - ၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်းရောက်ရှိမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေကြားခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်ထိ မဟာဓာတ်အားလိုင်း အဘယ်ကြောင့် မရရှိသေးသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ၂၀၁၅ ခုနှစ် မိုးရာသီတွင် ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိခဲ့ပြီး စီမံကိန်းပစ္စည်းများ ပို့ဆောင်ရာ၌ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ တာဝါတိုင်နေရာများရှိ မြေလွှာများ ပြတ်ရွေ့ခြင်း၊ မြေကျွံခြင်းများဖြစ်ပေါ်၍ တာဝါတိုင်ဖောင်ဒေးရှင်းများ ရွေ့လျားပျက်စီးခြင်းတို့ကြောင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသဖြင့် ဖလမ်းမြို့သို့ ၂၀၁၄ - ၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်း သွယ်တန်းနိုင်မှု မရှိခဲ့ပါကြောင်း၊ ယခု ၆၆ ကေဗွီ ဟားခါး- ဖလမ်း ဓာတ်အားလိုင်းမှာ ၉၉ ဒသမ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း မေးမြန်းစဉ်

၂၃ ရာခိုင်နှုန်းနှင့် ၆၆ ကေဗွီ ဖလမ်းဓာတ်အားခွဲရုံမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ရက်ပေါင်း ၁၀၀ အတွင်းမှာ ဖလမ်းမြို့သို့ လျှပ်စစ်ဓာတ်အား မကြာမီဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်ရှိသော ငဝန်မြစ်ကူးကြိုးတံတား (ပုသိမ်)၏ တံတားခံနိုင်ဝန်၊ ကြံ့ခိုင်မှုတို့အား ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းမွမ်းမံပြုပြင်ခြင်းများ ပုံမှန်ဆောင်ရွက်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ငဝန်မြစ်ကူးကြိုးတံတားကို တံတားအရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) နှင့်အဖွဲ့ဝင်များက တံတား၏ Suspender ကြိုးများ မူလခံနိုင်ဝန်အတိုင်း ထမ်းနိုင်ခြင်း ရှိ၊ မရှိကို Stress, Strain & Cable Force Measuring Instrument အသုံးပြု၍ တိုင်းတာခြင်းနှင့် တာဝါတိုင်များ၊ ကြိုးထိန်းခုံများကို အသေးစိတ်စစ်ဆေးခဲ့ရာ ဒီဇိုင်းခံနိုင်ဝန်အတိုင်း ပြည့်မီသည်ကို စစ်ဆေးတွေ့ရှိပါကြောင်း၊ ထို့ပြင် ပုသိမ်ကြိုးတံတားကို ပုံမှန်မျက်မြင်စစ်ဆေးခြင်းအား သုံးလတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ပြီး Stress, Strain & Cable Force Measuring Instrument စက်ကိရိယာများ အသုံးပြု၍ တစ်နှစ်လျှင် တစ်ကြိမ် အသေးစိတ်တိုင်းတာစစ်ဆေး ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညဏစိုးက **နိုင်ငံတော်ကောင်စီဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်က လက်ခံဆွေးနွေးရန်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **မြန်မာ့တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးအနက် ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ယခုအစိုးရသည် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ၂၁ ရာစု ပင်လုံ ညီလာခံ စသည်တို့ကို အလေးထား အကောင်အထည်ဖော်နေသည့် ကာလဖြစ်ပါကြောင်း၊ ယခုလိုကာလမျိုးတွင် တိုင်းရင်းသား AA တပ်ဖွဲ့ကို ငြိမ်းချမ်းရေး စားပွဲဝိုင်းထဲသို့ ခေါ်ဆောင်ရန် အကောင်းဆုံးအချိန် ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် တစ်နှစ်က AA အနေဖြင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ် စာချုပ်(NCA)မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ခွင့်ရခဲ့ပါက ၃၅ နှစ်ကြာ သေနတ်သံမကြားခဲ့ရသည့် ရခိုင်ပြည်နယ်တွင် ယခုလို တိုက်ပွဲများ ပြန်ဖြစ်လာမည် မဟုတ်သည့်အပြင် ပြည်သူများလည်း ဒုက္ခမရောက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုးက စစ်ပွဲများနှင့် တိုက်ပွဲများ ဖြစ်ပွားနေရသည့်အတွက် နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အက်ကြောင်းများ ထင်စေပါကြောင်း၊ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်အပါအဝင် နိုင်ငံ့စွမ်းအားစုများ လေလွင့်ဆုံးရှုံးရပါကြောင်း၊ တိုင်းရင်းသားရင်သွေးများ၏ ပညာရေး၊ မိသားစုများ၏ ကျန်းမာရေး၊ သယံဇာတအမွေအနှစ်များ အပါအဝင် နိုင်ငံသူ နိုင်ငံသားများ၏ ပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်း၊ အခွင့်အရေးများ ပျောက်ပျက်သွားခြင်း၊ မျှော်လင့်ချက်များ ပျောက်ဆုံးရခြင်း၊ လူ့အခွင့်အရေးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရသည့်အတွက် စစ်မက်ကင်းစင်သော ပြည်ထောင်စုကြီးအဖြစ် အေးအတူပူအမျှ လက်တွဲနေထိုင်သွားကြရန် မိမိတို့ နိုင်ငံသားတိုင်းက ဆန္ဒရှိကြပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့

ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဧပြီ ၂၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးHလအောင်တို့နှင့် တွေ့ဆုံ၍ လုံးခင်း/ဖားကန့် ဒေသအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်နေမှုအခြေအနေ များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ရှိ ဝန်ကြီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင် နေကြသော အရာထမ်း၊ အမှုထမ်းများအား မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနရုံးခန်းမတွင် တွေ့ဆုံ၍ ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစေရေး၊ လုပ်ငန်းများ တိကျမှန်ကန်မြန်ဆန်ဖြစ်စေရေး၊ အဂတိတရား ကင်းရှင်းသော ပြည်သူ့ဝန်ထမ်းများအဖြစ် ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့်အတူ ဖားကန့်မြို့ လုံးခင်းဒေသသို့ ရောက်ရှိပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူး ဖော်ရေးဌာန(လုံးခင်း) ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးက ကျောက်စိမ်း တူးဖော်ထုတ်လုပ်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဦးဆောင် ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလို သည်များကို မေးမြန်းပြီး ကျောက်စိမ်းတူးဖော်ထုတ်လုပ်ပြီးသည့် နေရာများ တွင် ရှင်သန်နိုင်သော သစ်ပင်များ ပြန်လည်စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ယင်းနောက် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရှိ အရာထမ်း၊ အမှုထမ်းများ

နှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ ဝင်ငွေကို ရှာဖွေပေးနေသော လုပ်ငန်းကြီးဖြစ်၍ ဂုဏ်ယူစွာ လုပ်ဆောင်ကြရန်၊ မိမိတို့လုပ်ငန်းသည် ပြည်သူနှင့် ထိတွေ့ဆက်ဆံရသည့်အတွက် ပြည်သူ့ဝန်ထမ်းများပီပီ ကျင့်ကြံနေထိုင်သွားကြရန်၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်း ကြရန်၊ လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်၍ အမိန့်ညွှန်ကြားချက် ထွက်ရှိ ပြီး ဖြစ်သည့်အတွက် တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန်နှင့် ဝေးလံသည့် ဒေသတွင် တာဝန်ထမ်းဆောင်နေကြသောကြောင့် ကျန်းမာရေးဂရုစိုက်ကြရန် မှာကြားခဲ့သည်။

ဧင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥရုချောင်းတစ်လျှောက် ရေစီး ရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်နှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသော လင်းလက်ဝင်း ကုမ္ပဏီ၏ ကျောက်စိမ်းလုပ်ကွက်သို့ လည်းကောင်း၊ ဝေ့ခါချောင်းဝ၊ မနပေါက်ဝနှင့် ရှလောခချောင်းဝဆုံရာ မြစ်ကြောင်းရှင်းလင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ ကန်ခါ စုပေါင်းမြေစာပုံသို့လည်းကောင်း၊ နတ်မောက်ချောင်းဝသို့ သွားရောက်၍ ရေစီးရေလာကောင်းမွန်မှု ရှိ/မရှိကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မေ ၁ ရက် နံနက် ၈ နာရီတွင် ဖားကန့်မြို့ လုံးခင်းဒေသရှိ ဒေသခံ ပြည်သူများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီများမှ တာဝန်ရှိ သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ မူဝါဒများ၊ ဥပဒေ၊ နည်း ဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ တက်ရောက် လာသူများက မေးမြန်းခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ထိုင်းရောက် မြန်မာအလုပ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု ဆွေးနွေး

နေပြည်တော် မေ ၃

မြန်မာ- ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာ ဝန်ကြီးအဆင့်အစည်းအဝေးကို မေ ၂ ရက်တွင် နေပြည်တော် The Lake Garden Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ များ၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီး ဌာန၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာ ချထားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ကိုယ်စားလှယ် ၄၀ နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး General Sirichai Distakul နှင့် ကိုယ်စားလှယ် ၂၀ စုစုပေါင်း ၆၀ တို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နှစ်နှစ်ဗီဇာ သက်တမ်းမကျန်တော့သည့် သာမန် နိုင်ငံကူးလက်မှတ် (သို့မဟုတ်) ယာယီ နိုင်ငံကူးလက်မှတ် (သို့မဟုတ်) မည်သူ မည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ကိုင်ဆောင်ထားသော အလုပ်သမား များနှင့် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၂၉ ရက်အတွင်း မှတ်ပုံတင်ထားပြီး ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ် TR-38 (ခေါ်)ပန်းရောင်ကတ် ကိုင်ဆောင်ထားသော အလုပ် သမားများအား အထောက်အထားများ ပြန်လည်ထုတ်ပေးနိုင်ရေး ကိစ္စ၊ ထိုင်းရေ လုပ်ငန်းများသို့ မြန်မာရေလုပ်သားများ ကို တရားဝင်စေလွှတ်ရန်ကိစ္စ၊ ထိုင်းနိုင်ငံ သို့ ရောက်ရှိလာသည့် အလုပ်သမားများ နှင့် စေလွှတ်သည့် အလုပ်သမားများ အတွက် စခန်းများ ဖွင့်လှစ်ရန်ကိစ္စ၊ ထိုင်း-မြန်မာ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည် မှုစာချွန်လွှာနှင့် အလုပ်သမားများ အလုပ် ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ် တို့ကို လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား များ၏ အခွင့်အရေး ကာကွယ်စောင့် ရှောက်မှုများဆိုင်ရာ ကိစ္စရပ်များနှင့် ယခင် ပြုလုပ်ခဲ့သည့် အစည်းအဝေး သဘောတူညီချက်များ အကောင်အထည် ဖော်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းတို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးမှ ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ ထိုင်း နိုင်ငံသို့ တရားဝင်လမ်းကြောင်းဖြင့် သွားရောက် အလုပ်လုပ်ကိုင်နိုင်ရေးကို နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် သွားလာမှုလွယ်ကူစေခြင်း၊ လူကုန်ကူး မှု လျှော့ချပေးနိုင်ခြင်း၊ လုပ်ငန်းဆောင် ရွက်မှု ကုန်ကျစရိတ်လျှော့ချခြင်း၊ အခြေခံအခွင့်အရေးများ အပြည့်အဝရရှိ စေရေးတို့ကို တိုးတက်ဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လက်တူးတွင်းသုံးတွင်းမှ ရေများ အရောင်ပြောင်းလဲမှုကို ဓာတ်ခွဲစမ်းသပ်ရာ ဘေးဆိုးကျိုးမဖြစ်နိုင်ကြောင်း သိရ

မိတ္ထီလာ မေ ၃

မိတ္ထီလာမြို့နယ် ဇရပ်ကုန်းအုပ်စု ဆူးရစ်တန်းကျေးရွာရှိ အဝကျယ်လက်တူးတွင်း သုံးတွင်းမှ ရေများ မူလအရောင်မဟုတ်ဘဲ အရောင်များပြောင်းလဲနေကြောင်း ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီက သိရှိရသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ မှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများက ကွင်းဆင်း သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာသည် အိမ်ခြေ ၁၀၀၊ လူဦးရေ ၆၁၀ ရှိပြီး ကျေးရွာမှ အသုံးပြု လျက်ရှိသည့် မြေသားရေကန်မှာ ရေအနည်းငယ်သာ ရှိသောကြောင့် ကျေးရွာရှိ လူနှင့် ကျွဲ နွားတိရစ္ဆာန်များမှာ အဝကျယ် လက်တူးတွင်း သုံးတွင်းမှ ရေကို သောက်သုံး ရေအဖြစ် အသုံးပြုလျက်ရှိရာ ဧပြီ ၂၃ ရက်အထိ မူလအရောင်ပြောင်းလဲခြင်းမရှိဘဲ ဧပြီ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ နီဝါရောင်အဖြစ်သို့ ပြောင်းလဲသွားသဖြင့် သက်ဆိုင်ရာသို့အကြောင်းကြားရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

၎င်းပြောင်းလဲသွားသည့်ရေများ တိရစ္ဆာန်အချို့ကို လက်တွေ့တိုက်ကျွေးကြည့်ရာ ထူးခြားမှုမရှိကြောင်း တွေ့ရှိသည်။ ရေအရသာမှာ အနည်းငယ် ဖန်/ရှ နေသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနတို့မှ ဓာတ်ခွဲစမ်းသပ်အဖြေထုတ်ရန် ရေနမူနာယူခဲ့ပြီး ဧပြီ ၂၅ ရက် နံနက်က မန္တလေးမြို့ မြို့တော်စည်ပင် မလွန်ရေတွန်းစက်ရုံဓာတ်ခွဲခန်းသို့ ပေးပို့၍ ဓာတ်ခွဲ စမ်းသပ်ရာ ၎င်းသောက်သုံးရေမှာ Physical Examination နှင့် Chemical Analysis တို့အရ သောက်သုံးနိုင်ပါကြောင်းနှင့် Heavy Metal Analysis အရ လက်ခံနိုင်သော အခြေအနေတွင်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

နိုင်ငံတကာသတင်း

ကင်ညာ၌ အဆောက်အအုံအကျိုးအပဲ့များကြားမှ သုံးရက်အကြာတွင် မိန်းကလေးငယ်တစ်ဦး အသက်ရှင်လျက်ကယ်ထုတ်နိုင်

နိုင်ရိုဘီ မေ ၃

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကင်ညာနိုင်ငံ မြို့တော် နိုင်ရိုဘီရှိ အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် သုံးရက်ကျော်အကြာတွင် အလုပ်သမားများက အဆိုပါ အဆောက်အအုံ၏ အကျိုးအပဲ့များကြားမှ တစ်နှစ်အရွယ် သာရှိသေးသော မိန်းကလေးငယ်တစ်ဦးကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း ယနေ့ထုတ် ရိုက်တာသတင်းတစ်ရပ် တွင် ရေးသားဖော်ပြထားသည်။

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီရှိ ဆင်းရဲသားရပ်ကွက် ဖြစ်သည့် ဟူရူမာရပ်ကွက်တွင် ဧပြီ ၂၉ ရက် ညပိုင်းက မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် ခြောက်လွှာရှိ အဆောက်အအုံ တစ်လုံးပြိုကျခဲ့ပြီး လူ ၂၁ ဦးထက်မနည်း သေဆုံးခဲ့သည်။ ယင်း ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကင်ညာသမ္မတ အူဟူရူကင်ညာတာက အဆောက်အအုံပိုင်ရှင်များအား ဖမ်းဆီးထိန်းသိမ်းထားရန် အမိန့်ထုတ်ပြန်ထားကာ တာဝန်ရှိသူများက အဆောက်အအုံပိုင် ရှင်များကို ယခု စုံစမ်းမေးမြန်းလျက်ရှိကြောင်း သိရသည်။

"နာရီပေါင်း ၈၀ ခန့်ကြာအောင် အဆောက်အအုံရဲ့အကျိုး အပဲ့တွေကြားမှာ မြုပ်နေတဲ့ ကလေးငယ်လေးကို စောင်နဲ့ ပတ်ခြုံထားတဲ့ ဆွဲပုံးတစ်ခုထဲမှ ရှာတွေ့ခဲ့ပါတယ်၊ ကလေးဟာ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်တွေ ခန်းခြောက်သွားဖွယ်ရှိပေမယ့် ခန္ဓာကိုယ်ပေါ်မှာအခြားဒဏ်ရာဒဏ်ချက်ကိုတော့ မတွေ့ရပါ ဘူး" ဟု ကင်ညာအခြေစိုက် ကြက်ခြေနီအဖွဲ့က သတင်းထုတ်ပြန် ချက်တစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါ ကလေးငယ်လေးကို တာဝန်ရှိ သူများက ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးဝါးကုသမှုခံယူ လျက်ရှိသည်။ သို့သော် အဆိုပါကလေးမိဘများ၏ ကံကြမ္မာ ကိုမူ ယခုအထိ မသိရသေးပေ။ အဆောက်အအုံပြိုကျမှုဖြစ်ပွား ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ပြီး လူ ၁၃၆ ဦးကို ယင်းအဆောက်အအုံ၏ အကျိုးအပဲ့များကြားမှ လုံခြုံစွာဖြင့် ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းအဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် လူ အများအပြားမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ယင်းအဆောက် အအုံပြိုကျမှု၌ လူမည်မျှခန့် လွတ်မြောက်သွားသည်ကိုလည်း ယခုထိ မသိရသေးကြောင်း စသည်ဖြင့် ကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာနော်လ်ဒါရှိ အန်ဒူက ပြောကြားသည်။

(ရိုက်တာ) ဘာသာပြန်-ဂျေတီ

တရုတ်သံအမတ်ကြီးနှင့်အဖွဲ့ ဒလမြို့နယ် ရေရှားပါးရပ်ကွက်များသို့ ရေလှူဒါန်း

ရန်ကုန် မေ ၃

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ရှမ်းကုန်းလမ်း တနဂ်ခွေသန့်ရှင်းရေး ပရဟိတအသင်းတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ရေရှားပါးသောရပ်ကွက်များသို့ သောက်သုံးရေလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဒလမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က ဒလမြို့နယ်တွင် ရေရှားပါးမှုအခက်အခဲများဖြစ်သည်ကိုကြားသိရသဖြင့် ယခုလိုလာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း၊ လှူဒါန်းနိုင်အောင် ကူညီဆောင်ရွက်ပေးကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ရှိ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ မြန်မာနှင့်တရုတ်နိုင်ငံတို့သည် ရှေးယခင်ကတည်းက ဆွေမျိုးပေါက်ဖော်များဖြစ်ပြီး တစ်ဦးကိုတစ်ဦး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒလမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပညာရှင်အဖွဲ့များ စေလွှတ်၍ အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ ဒလမြို့နယ် ရေလှူဒါန်းမှုပြီးသွားပါက မန္တလေး၊ မကွေး၊ စစ်ကိုင်းစသည့် တိုင်းဒေသကြီးများရှိ ရေရှားပါးသည့် မြို့နယ်များသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ကျေးဇူးတင်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက သောက်သုံးရေဘူးများကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တရုတ်သံအမတ်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ် ဗညားဒလရပ်ကွက် နန်းဦးကျောင်းပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပုညဝန္တအား သင်္ကန်းများ ဆက်ကပ်လှူဒါန်းကာ ဗညားဒလရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား သောက်သုံးရေများ ပေးအပ်လှူဒါန်းကြသည်။

ယနေ့လှူဒါန်းမှုမှာ ဒလမြို့နယ်ရှိ ရပ်ကွက်ပေါင်း ခြောက်ခု၊ အိမ်ထောင်စု ၅၀၀၀ ကျော်အတွက် ရေဂါလန်ပေါင်း ၁၅၀၀၀ ခန့်လှူဒါန်းခဲ့ပြီး အခြားရပ်ကွက်၊ ကျေးရွာများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - ကိုကိုဇော်
ဓာတ်ပုံ - ဇော်မင်းလတ်

ရေရှားပါးမှုများကြုံတွေ့နေရသည့်ဒေသများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေများ စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးလျက်ရှိ

နေပြည်တော် မေ ၃

ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သောက်ရေ၊ သုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၃၀ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဒုတိယရဲမှူးကြီး အုပ်စိုးထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အနိုးချောင်းကြီးရွာတွင် ၂၀ လီတာဆံ့သောက် ရေသန့်ဘူးကြီး ၇၀၀ ကိုလည်းကောင်း၊ မေ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေး၊ သရက်မြို့နယ် ရဲတပ်ဖွဲ့မှူးများ ဦးစီးသည့်အဖွဲ့များက သောက်သုံးရေဂါလန် ၈၁၀၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့မရဲစခန်းမှူးဦးစီးသည့်အဖွဲ့က သောက်သုံးရေဂါလန် ၁၇၀၀ ကိုလည်းကောင်း၊ မေ ၂ ရက်တွင် မွန်ပြည်နယ်၊ သထုံ၊ ချောင်းဆုံမြို့နယ်တို့တွင် မြို့မရဲကင်းစခန်းမှူးများဦးစီးသည့်အဖွဲ့များက သောက်သုံးရေဂါလန် ၂၀၅၀ ကို လည်းကောင်း၊ ကတိုက်ကြီးရဲကင်းစခန်းမှူး ဦးစီးသည့်အဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်မိ၊ ရပ်ဖများပူးပေါင်း၍ သောက်သုံးရေဂါလန် ၁၃၀၀ ကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သောက်သုံးရေဂါလန် ၄၀၀ ကိုလည်းကောင်း မိမိတို့မြို့နယ်အတွင်းရှိ ရေရှားပါးသည့်နေရာဒေသများသို့ သွားရောက်လှူဒါန်းခဲ့ကြရာ ဧပြီ ၂၄ ရက်မှ မေ ၂ ရက်ထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုစုပေါင်းသောက်သုံးရေ ၂၂၂၀၄၆ ဂါလန် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုရဲ

ရမည်းသင်းမြို့၌ လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်များနှင့် ဓာတ်တိုင်များလဲကျ လမ်းများပိတ်ဆို့ရာနေရာများသို့ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းဆောင်ရွက်

နေပြည်တော် မေ ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ဧပြီ ၃၀ ရက်က မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ ဓာတ်မီးတိုင်များကျိုးကျပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး လမ်းများပိတ်ဆို့နေရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၂၀ တို့က မေ ၁ ရက်တွင် သွားရောက်၍ ပိတ်ဆို့နေသည့်နေရာများကို ဝိုင်းဝန်းရှင်းလင်း ကူညီဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

အမျိုးသားလွှတ်တော်မှ

နိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေး လက်တွေ့ကျကျ ဖြစ်ထွန်းစေရန်အတွက် မကြာမီ ပေါ်ပေါက်လာမည့် ၂၁ ရာစုပင်လုံညီလာခံ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရန် ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ရှိနေပြီး ယခုတင်သွင်းသည့် အရေးကြီးအဆိုကို နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားပြည်သူများနှင့် သက်ဆိုင်မှု၊ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများအပေါ် အလေးအနက်သုံးသပ်ပြီး လွှတ်တော်၌ မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်က မိမိတို့နိုင်ငံသည် နှစ်ပေါင်း ၆၀ ခန့် ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့ရသဖြင့် အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံးဖြစ်ခဲ့ရပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ပြည်တွင်းစစ်၏ ဆိုးကျိုးများကို ထိခိုက်ခံစားခဲ့ရသည်မှာ ပြည်သူများဖြစ်ပါကြောင်း၊ AA လက်နက်ကိုင်အဖွဲ့အနေဖြင့် အထက်ပါသင်ခန်းစာများကို ရယူပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခု၊ ၎င်းတို့အခေါ် အရ တပ်မတော်တစ်ခု တည်ဆောက်ခြင်းကြောင့် မလိုလားအပ်သည့် အင်အားပြန်းတီးမှုများသာ ဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်နိုင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ရရှိနိုင်မည် ဖြစ်ပါကြောင်း။

လက်နက်ကိုင် တိုက်ခိုက်ခြင်းဖြင့် စစ်မှန်သည့်ငြိမ်းချမ်းရေးကို ပို၍ အလှမ်းဝေးကွာ စေမည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အဖွဲ့အစည်း ထူထောင်ခြင်းအတွက် လိုအပ်သည့် လက်နက်ခဲယမ်း၊ ငွေကြေး ရရှိစေရန်အတွက် မူးယစ်ဆေးဝါး၊ သယံဇာတ၊ လက်နက်ခဲယမ်းမှောင်ခိုရောင်းဝယ်ခြင်းနှင့် ပြည်သူများထံမှ ငွေကြေးအတင်းအကျပ်ကောက်ခံခြင်းတို့ကြောင့် နယ်မြေလူထု၌ ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း၊ တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်၍ စစ်ပြေးဒုက္ခသည်များ ပိုမိုများပြားကာ ဆိုးကျိုးများသာ ဖြစ်ပေါ်ပါကြောင်း။

ထို့ပြင်အိုင်အက်(စ်)အဖွဲ့၏ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများကို နိုင်ငံတကာလေ့လာသူ အသိုင်းအဝိုင်းမှ ရခိုင်ပြည်နယ်ကို အာရှဒေသ၏ ကိုဆိုဗိုအဖြစ် ပုံဖော်လာနိုင်မည်ဟု သတိပေးချက်များကိုလည်း ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲများ အမြန်ဆုံးရပ်စဲရန်အတွက် မှန်ကန်သောရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ တွေ့ဆုံဆွေးနွေး အဖြေရှာသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို မေ ၄ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

နွေရာသီရေရှားပါးသောဒေသများသို့ ရေဂါလန် ၄၉၇၁၅၁၀ ဖြန့်ဝေခဲ့ပြီးဖြစ်

နေပြည်တော် မေ ၃

ယခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုဖြစ်စဉ်များ မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားခဲ့သည်။ အဆိုပါဒေသများသို့ အဖွဲ့အစည်းအသီးသီးက အလှူရှင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များမှ ကျေးလက်ဒေသအရောက် သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၃၀ ရက်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေဂါလန်ပေါင်း ၄၉၇၁၅၁၀ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သောက်သုံးရေဖြန့်ဝေပေးမှုမှာ ဇယားပါအတိုင်း ဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီးရှိ ရေလိုအပ်သည့် မြို့နယ်များတွင် (၃၀-၄-၂၀၁၆) ရက်နေ့အထိ ရေပေးဝေမှုပြီးစီးသည့်စာရင်းများ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်	ကျေးရွာ ပေါင်း	အိမ်ခြေ	လူဦးရေ	ရေပေးပို့ပြီး အကြိမ်အရေအတွက်	ဖြန့်ဝေပြီး ရေဂါလန်
၁	ကချင်	၁	၁			၁	၁၂၀၀
၂	ကယား	၃	၁၂	၇၁၇	၃၆၀၆	၁၈	၁၃၇၂၀
၃	ကရင်	၆	၂၀	၂၃၇၃	၁၁၄၃၄	၁၉၂	၁၇၃၈၀၀
၄	ချင်း	၈	၂၃	၁၄၈၄	၇၃၄၁	၇၀	၂၉၆၂၇၇
၅	စစ်ကိုင်း	၇	၁၆	၁၆၆၇	၈၅၄၁	၆၅	၁၁၄၆၈၄
၆	တနင်္သာရီ	၄	၁၇	၂၃၈၈	၁၃၉၁၄	၂၅	၇၅၆၀၃
၇	ပဲခူး	၁၂	၇၂	၁၅၆၀၀	၇၉၅၂၂	၄၅၂	၅၂၉၉၈၀
၈	မကွေး	၁၂	၅၄	၇၅၇၄	၃၈၂၂၃	၄၃၅	၁၀၀၇၇၉၀
၉	မန္တလေး	၁၃	၁၄၉	၂၁၂၈၉	၁၀၈၈၇၇	၃၈၄	၇၀၈၄၃၄
၁၀	မွန်	၈	၅၄	၉၈၄၅	၅၈၇၃၁	၂၉၀	၂၄၆၇၅၄
၁၁	ရခိုင်	၁၄	၅၂	၆၇၆၇	၄၂၀၂၆	၃၁၃	၁၀၅၄၄၀၀
၁၂	ရန်ကုန်	၆	၂၃	၂၉၆၀	၁၂၇၀၀	၃၇	၃၆၇၁၀
၁၃	ရှမ်း	၄	၂၆	၃၅၁၈	၁၆၃၉၄	၁၀၀	၁၈၃၂၈၁
၁၄	ဧရာဝတီ		၅၈	၇၅၀၇	၃၁၅၆၅	၉၇	၁၁၁၄၇၇
၁၅	နေပြည်တော်	၆	၂၆	၆၆၇၆	၂၇၄၀၇	၄၁	၄၁၇၄၀၀
	တိုင်းဒေသကြီး စုစုပေါင်း	၁၁၇	၆၀၄	၉၀၃၆၅	၄၆၀၂၈၁	၂၅၂၀	၄၉၇၁၅၁၀

သန်းဦး(လေးမျက်နှာ)

တမီးလ်ကျားသူပုန်ဟောင်းတစ်ဦးကို ဖမ်းမိ

ကိုလံဘို မေ ၃

တမီးလ်ကျားသူပုန်တပ်ဖွဲ့ ယခင် အဆင့်မြင့်ကေဒါတစ်ဦးကို သီရိလင်္ကာအကြမ်းဖက်စုံစမ်းထောက်လှမ်းရေးဌာန(တီအိုင်ဒီ)က သီရိလင်္ကာအရှေ့ဘက်တွင် တနင်္လာနေ့က ဖမ်းဆီးရမိခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများက သတင်းဖော်ပြသည်။

ကရစ်ရှ်နာပီလိုင်း ကလိန်နက်ဆန်ဟုခေါ်သော ယခင် ကေဒါကို စစ်ဆေးမေးမြန်းမှုများပြုလုပ်ရန် သီရိလင်္ကာအရှေ့ဘက် ဘက်တီကာလိုဒေသ အာရာဗားသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

တီအိုင်ဒီအနေဖြင့် မကြာသေးမီကဖမ်းဆီးရမိခဲ့သော ၄င်းသည် တတိယမြောက် အလိုချင်ဆုံး ကေဒါ ဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။

တမီးလ်ကျားသူပုန် ပြန်လည်စုစည်းမှုများကို နှိမ်နင်းမည်ဟု အစိုးရအဖွဲ့က အခိုင်အမာပြောကြားပြီးနောက် ယင်းကို ဖမ်းမိခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

ဟေတီမုန်တိုင်းကြောင့် လူကိုးဦးသေဆုံး

ပို့တ်တူပရင့်စ် မေ ၃

ဟေတီတွင် ရက်သတ္တပတ်ကျော်ကြာ အင်အားပြင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် အနည်းဆုံး လူကိုးဦးသေဆုံးသွားကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သော တနင်္ဂနွေနေ့အစောပိုင်းက လေပြင်းမုန်တိုင်းများကြောင့် ဘွန်ဘာဒိုပိုလီမှ ဂိုနေးအိဗ်သို့ ထွက်ခွာလာသော ကြိုပို့ယာဉ်တစ်စီး တိမ်းမှောက်ပြီး အနည်းဆုံးလူရှစ်ဦး သေဆုံးခဲ့ကြောင်း ရေကြောင်းအာဏာပိုင်များက ပြောခဲ့သည်။ လှေပေါ်တွင် စီးနင်းလာသော ခရီးသည်အရေအတွက်စုစုပေါင်းကို မသိရှိရသေးပေ။

တစ်ချိန်တည်းမှာပင် ဟေတီနိုင်ငံအလယ်ပိုင်းတွင် ရေများမြင့်တက်လာမှုနှင့်အတူ လူတစ်ဦးမျောပါသွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

ရုရှားအရှေ့ဘက်တွင် ရဟတ်ယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး

ဗလာဒီဗို့စ်တော့ခ် မေ ၃

ရုရှားအရှေ့ဘက်တွင် အင်္ဂါနေ့က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါသူ သုံးဦးလုံး သေဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

ရော်ဘင်ဆင် အာရ် ၄၄ ရဟတ်ယာဉ်သည် ကမ်ချက်တ်ကာ ကျွန်းဆွယ်အနီးတွင်ပျက်ကျခဲ့ခြင်းဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း အရပ်သားကာကွယ်ရေးနှင့် ပြည်နယ်အရေးပေါ်အခြေအနေဆိုင်ရာဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို မသိရသေးပေ။

(ဆင်ဟွာ)

မေ ၉ ရက် ဖိလစ်ပိုင်ရွေးကောက်ပွဲအဆင်သင့်ဖြစ်

မနီလာ မေ ၃

ဖိလစ်ပိုင်အစိုးရက မေ ၉ ရက် ရွေးကောက်ပွဲအတွက် အဆင်သင့်ဖြစ်နေကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။

သက်ဆိုင်ရာ အေဂျင်စီများအနေဖြင့် ရွေးကောက်ပွဲကို အေးချမ်းတည်ငြိမ်ပြီး အဓိပ္ပာယ်ရှိစွာဖြင့် သတ်မှတ်အစီအစဉ်အတိုင်း အကောင်းဆုံး ကျင်းပနိုင်ရေးအတွက် လုပ်ဆောင်နေပြီဖြစ်ကြောင်း သမ္မတဆက်သွယ်ရေးဆိုင်ရာ အော်ပရေးရှင်းရုံးအတွင်းရေးမှူး ဂျူနီယာဟာမီနီယိုကိုလိုမာက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

(ဆင်ဟွာ)



G-7 အစည်းအဝေးတွင် ပြင်သစ်နှင့်ဂျပန် အကြမ်းဖက်တန်ပြန်တိုက်ဖျက်မှုပြုလုပ်ရေးသဘောတူ

ပါရီ မေ ၃

ဂျပန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ ခေါင်းဆောင်များသည် လာမည့် G-7 အစည်းအဝေးကာလအတွင်း အကြမ်းဖက်တန်ပြန်တိုက်ခိုက်မှု လုပ်ဆောင်ချက်အစီအစဉ်ကို ကြေညာရန်သဘောတူခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ပြင်သစ်သမ္မတ ဖရန်ကွိုက်ဟော်လန်ကို ပါရီတွင် တနင်္လာနေ့က တွေ့ဆုံခဲ့သည်။ G-7 အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့စီးပွားရေး၊ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးနှင့် ဥရောပသမဂ္ဂဒုက္ခသည်ကိစ္စ စသည့်များပြားလှသော အရေးကိစ္စများအပေါ် ခိုင်မာသော ထုတ်ပြန်ဖော်ပြချက်များ ပြုလုပ်လာမည်ဟု မျှော်လင့်ကြောင်း အာဘေးက ပြင်သစ်သမ္မတ ဟော်လန်ကိုပြောကြားခဲ့သည်။

ဟော်လန်အနေဖြင့် အာဘေး၏ အကြံပြုချက်ကိုကြိုဆိုခဲ့သည်။ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးလုပ်ဆောင်ချက်အစီအစဉ်က အကြမ်းဖက်မှုများကိုတွန်းလှန်ရာတွင် ဒေသတွင်းစည်းလုံးညီညွတ်မှုရှိရန်နှင့် အတူတကွပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု ဟော်လန်က ပြောကြားလိုက်သည်။

ကမ္ဘာ့စီးပွားရေး တည်ငြိမ်မှုရရှိရေး မျှော်လင့်ချက်ဖြင့် တိကျပြတ်သားသော ရည်မှန်းချက်များချမှတ်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူခဲ့သည်။

ဆွေးနွေးပွဲပြီးနောက် အာဘေးအနေဖြင့် လွန်ခဲ့သောနှစ် ပါရီတိုက်ခိုက်မှုတွင် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။ အကြမ်းဖက်မှုသည် လက်ခံနိုင်စရာအကြောင်းမရှိကြောင်းနှင့် မည်သည့်အကြောင်းပြချက်နှင့်မျှ အကြမ်းဖက်လုပ်ရပ်ကိုသည်းမခံသင့်ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။

အာဘေးအနေနှင့် ဥရောပသမဂ္ဂနိုင်ငံများသို့ လာရောက်ခြင်းသည် G-7 အစည်းအဝေးတွင် ဦးဆောင်ဦးရွက်ပြုမည့် ၄င်းအတွက် လမ်းခင်းရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ G-7 အစည်းအဝေးကို လာမည့် မေ ၂၆ ရက်တွင် ဂျပန်နိုင်ငံအလယ်ပိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

နျူကလီးယားဗုံးကိစ္စနှင့်ပတ်သက်ပြီး ဂျပန်ကို အမေရိကန်တောင်းပန်မည်မဟုတ်ဟု အိမ်ဖြူတော်ပြော

ဝါရှင်တန် မေ ၃

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အမေရိကန်နိုင်ငံအနေဖြင့် ၁၉၄၅ ခုနှစ် ဂျပန်နိုင်ငံ ဟီရိုရှီးမား အဏုမြူဗုံးကိစ္စနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံကို တောင်းပန်ရန် အကြွေးကျန်ရှိသည်ကိုမယုံကြည်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျို့စ်အားနက်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

၁၉၄၅ ခုနှစ် ဟီရိုရှီးမားဗုံးကိစ္စနှင့်ပတ်သက်ပြီး အိုဘားမားအနေဖြင့် တောင်းပန်မှုပြုမည်လားဟု မေးမြန်းချက်အပေါ် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျိုးစ်အားနက်က "သူတောင်းပန်မည်မဟုတ်"ဟု ပြောကြားခဲ့သည်။

လာမည့်မေလနှောင်းပိုင်းတွင် ကျင်းပမည့် ဂျပန်နိုင်ငံ G-7 အစည်းအဝေးတက်ရောက်မည့် ခရီးစဉ်အတွင်း ဟီရိုရှီးမားသို့ တရားဝင်သွားရောက်မည်လားဆိုသည်ကို ဆုံးဖြတ်ချက်မပြုရသေးကြောင်း အားနက်က ပြောကြားခဲ့သည်။

ဧပြီလတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အခြား G-7 အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဟီရိုရှီးမားငြိမ်းချမ်းရေးအထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်ခဲ့သည်။

ဂျွန်ကယ်ရီသည် နျူကလီးယားဗုံးဒဏ်ခံဒေသသို့ သွားရောက်ခဲ့သည့် ပထမဆုံး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့သည်။ ကယ်ရီ၏ခရီးစဉ်သည် အိုဘားမားကိုလာရောက်လည်ပတ်ရန် လမ်းခင်းပေးသကဲ့သို့ဖြစ်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

(ဆင်ဟွာ)

အပစ်ရပ်သဘောတူညီချက်ရှိသော်လည်း ဒမတ်စကတ်အနီးတွင် ပဋိပက္ခများဖြစ်၊ အလက်ပိုတွင် ငါးဦးသေ

အလက်ပို မေ ၃

ဒမတ်စကတ်ဒေသတွင် ဆီးရီးယားတပ်မတော်က ယာယီအပစ်ရပ်စဲရေး ကြေညာထားသော်လည်း လွန်ခဲ့သော အင်္ဂါနေ့ညပိုင်းက ယင်းဒေသတွင် တိုက်ခိုက်မှုများနှင့် အစိုးရတပ်များ၏ ပစ်ခတ်မှုများ ဖြစ်ပေါ်လာခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်သူတစ်ဦးက ပြောခဲ့သည်။

လွန်ခဲ့သောအပတ်က ဆီးရီးယားအစိုးရ၏ ယာယီအပစ်ရပ်စဲရေး သဘောတူညီချက်ကို ဂရုမစိုက်သည့်အနေဖြင့် အစိုးရထိန်းချုပ်ဒေသဖြစ်သည့် အလက်ပိုမြို့ကို သူပုန်တပ်များက လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်သဖြင့် ပြည်သူငါးဦးသေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။ အလက်ပိုတောင်ပိုင်းကိုလည်း လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အနည်းဆုံးလူသုံးဦးသေဆုံးခဲ့ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

(ရိုက်တာ)

ကမ္ဘောဒီးယားနိုင်ငံတွင် အပူချိန်မြင့်တက်သောကြောင့် စာသင်ကျောင်းများ ကျောင်းတက်ချိန်လျှော့

ဖနောင်ပင် မေ ၃

ကမ္ဘောဒီးယားနိုင်ငံတွင် အပူချိန်များမြင့်တက်လျက်ရှိသောကြောင့် တစ်နေ့တာ၏အမြင့်ဆုံးအပူချိန်ကို ရှောင်ရှားရန် စာသင်ကျောင်းများအနေဖြင့် စာသင်ချိန်ကို တစ်နေ့လျှင် တစ်နာရီလျှော့ချလိုက်ကြောင်း ပညာရေးဝန်ကြီး ဟန်ချွန်နရွန်၏ လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သော ကြေညာချက်တွင် တနင်္လာနေ့က ဖော်ပြခဲ့သည်။

ထုတ်ပြန်လိုက်သော စည်းမျဉ်းအသစ်တွင် နံနက်ပိုင်းသင်တန်းများထဲမှ နာရီဝက်လျှော့ချလိုက်ခြင်းနှင့် နေ့လယ်ခင်းသင်တန်းများမစမီ နာရီဝက်လျှော့ချလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံ၏အပူချိန်သည် အချို့ဒေသများတွင် ၄၂ ဒီဂရီမှ ၄၃ဒီဂရီအထိ မြင့်တက်လာနိုင်သောကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့်များကို နေရောင်ခြည်အောက်တွင် ဆော့ကစားခြင်းမပြုရန်နှင့် သန့်ရှင်းသောရေကောင်းရေသန့်များများသောက်ရန် ပြောကြားရန်လိုအပ်ကြောင်း ဝန်ကြီးက အကြံပြုထားသည်။

(ဆင်ဟွာ)

ဒုက္ခသည်ကလေးများ၏ မျှော်လင့်ချက်မနက်ဖြန်

တင်လင်းအောင်

၂၀၁၅ ခုနှစ်တွင် ဥရောပသမဂ္ဂသို့ ရွှေ့ပြောင်းဒုက္ခသည် ၈၈၃၀၀၀ခန့် အခြေချနေထိုင်ရန် ဝင်ရောက်ခဲ့ပြီး ၄င်းတို့ထဲတွင် ကလေးငယ် ၁၃ ရာခိုင်နှုန်းပါဝင်ကာ ၁၄ နှစ်အောက်များဖြစ်ကြကြောင်း၊ ယင်းကလေးငယ်များသည် ပိုမိုကောင်းမွန်လုံခြုံသောဘဝများကို ရှာဖွေရန်မျှော်လင့်ချက်ဖြင့် ထိန်းကျောင်းသူမိဘများမပါဘဲ တိုက်ကြီးများကို ကျော်ဖြတ်၍ သက်စွန့်ဆံဖျားခရီးနှင်လာကြကြောင်း ကုလသမဂ္ဂသတင်းအချက်အလက်စာရင်းများက မေ ၂ရက်တွင်ဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ်က ကုလသမဂ္ဂသို့ ပထမဆုံးအကြိမ်အဖြစ် ရွှေ့ပြောင်းဒုက္ခသည် ၁ ဒသမ ၂၆ သန်း၏ သုံးပုံတစ်ပုံ ဒုက္ခသည်လျှောက်လွှာတင်ခဲ့ရာ မအောင်မြင်ခဲ့ပေ။

ဒုတိယကမ္ဘာစစ်ကတည်းက စတင်ခဲ့သော ဥရောပ၏ အဆိုးရွားဆုံး ရွှေ့ပြောင်းဒုက္ခသည် အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် နောက်ပိုင်းတွင် ဥရောပသမဂ္ဂအနေဖြင့် သဘောမတူကြောင်း ဖော်ပြခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အစဉ်အလာ သဘာဝအရ ရွှေ့ပြောင်းအခြေချသူများကို ကူညီရန် ရက်ရက်ရောရောရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဒုက္ခသည်များကိုဆန့်ကျင်သည့် သဘောထားရပ်တည်ချက်များ မြင့်တက်လာခဲ့ကြောင်းသိရသည်။

ရွှေ့ပြောင်းအခြေချသူ ၁၀ ဦးလျှင် လေးဦးသည် ဆွီဒင်တွင် ဒုက္ခသည်လျှောက်လွှာများ လျှောက်ထားခဲ့သည်။ ဆွီဒင်တွင် ဒုက္ခသည်ဆိုင်ရာ စစ်ဆေးမှုများတင်းကြပ်ရန် ဆော်ဩထားခြင်းကြောင့် အရွယ်ရောက်သူများဟု သံသယရှိသူများသည် ၄င်းတို့ ကိုယ်တိုင် ကလေးများအဖြစ် ဟန်ဆောင်ကာ လျှောက်လွှာများ တင်သွင်းခဲ့ကြသည်။ ထိုသို့မဟုတ်ပါက ၄င်းတို့လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း သိရသည်။

ဒုက္ခသည်လျှောက်လွှာတွင် အီးယူအဖွဲ့ဝင်နိုင်ငံများသည် ငယ်ရွယ်သူများသာလက်ခံသွားမည်ဟုပါရှိကြောင်း ဥရောပစစ်တမ်းတွင် တိတိကျကျရည်ညွှန်းဖော်ပြ ထားကြောင်း သိရသည်။

မိဘ သို့မဟုတ် အုပ်ထိန်းသူမပါဘဲ ရေခြားမြေခြားသို့ စွန့်စားထွက်ခွာလာသော ရွှေ့ပြောင်းအခြေချသူ ၉၀ ရာခိုင်နှုန်းကျော်သည် ယောကျ်ားလေးများဖြစ်ကာ ထက်ဝက်ကျော်မှာ အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ကြားရှိသူများဖြစ်ကြောင်း သိရသည်။ ၄င်းတို့ထဲမှ ထက်ဝက်မှာ အာဖဂန်များဖြစ်ကာ ဒုတိယအများဆုံးမှာ ဆီးရီးယား လူမျိုးများဖြစ်ပြီး စုစုပေါင်း ၁၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မကြာသေးမီကဖြစ်ပေါ်ခဲ့သော နိုင်ငံတကာ ပဋိပက္ခများကြောင့် ဥရောပတွင် ကလေးဒုက္ခသည်ခန့်မှန်းခြေ ၂၆၀၀၀ နီးပါးရှိကြောင်းသိရသည်။ ကလေးဒုက္ခသည်အများစုမှာ ဆာလောင်မွတ်သိပ်မှု၊ ချမ်းအေးမှု၊ ကြောက်ရွံ့မှု စသည့် ဆိုးရွားသော အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဥရောပသမဂ္ဂတရားဥပဒေစိုးမိုးရေး အေဂျင်စီက ပြောခဲ့သည်။ ၄င်းတို့တွင် လူမှောင်ခိုကူးခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်းများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပဋိပက္ခဖြစ်ပွားနေသောဒေသများသို့ နိုင်ငံတကာအကူအညီများတိုးမြှင့်ကူညီ ခြင်းသည် ကောင်းမွန်ပြည့်စုံသော်လည်း ကလေးများကို ကောင်းမွန်စွာစောင့်ရှောက်ရန် လျစ်လျူရှုရာရောက်နေသည်။ သို့ပါသောကြောင့် ဒုက္ခသည်ကလေးများကို ကူညီရန် အရေးပေါ်လိုအပ်နေသည်။ တစ်ချိန်တည်းမှာပင် ကြီးမားပြင်းထန်လှသော ဥရောပသမဂ္ဂဒုက္ခသည်ဒဏ်ရာကို ကုစားရန် အရေးပေါ်လိုအပ်လျက်လည်းရှိသည်။

ထို့ကြောင့် နိုင်ငံတကာအစိုးရများက ဒုက္ခသည်စတင်မြစ်ဖျားခံရာ ကာလရှည်ကြာဖြစ်ပွားနေသော ဆီးရီးယား အကျပ်အတည်းကို ဝိုင်းဝန်းအဖြေရှာရန်အတွက် အရေးပေါ်ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက ရင်ဆိုင်နေရသော ဒုက္ခများမှာ ပိုမိုဆိုးရွားလာဖွယ်ရှိသည်။

မည်သို့ဆိုစေ နိုင်ငံတကာကူညီမှုများပြုလုပ်ပေးခြင်းအားဖြင့် ကလေးငယ်များကိုလည်း ၎င်းတို့၏မျှော်လင့်ချက်များ၊ အနာဂတ်များရှင်သန်စေပြီး ကမ္ဘာလောကကြီးအတွက် ကောင်းကျိုးသယ်ပိုးဆောင်ရွက်သောသူများဖြစ်လာစေချင်သည်။ ဆွီဒင်၊ ဂျာမနီ၊ ဟန်ဂေရီနှင့်ဩစတြီးယားတို့သည် ရွှေ့ပြောင်းအခြေချဒုက္ခသည်များအတွက် ဘဝအခြေလုံခြုံစိတ်ချရမှုကိုဖြစ်ပေါ်စေမည့် ရည်မှန်းချက်ပန်းတိုင်များဖြစ်ကြောင်း သိရသည်။

ဒုက္ခသည်အမြောက်အမြား စီးဝင်မှုကိုဟန့်တားရန်အတွက် ဥရောပသမဂ္ဂသည် တူရကီနှင့် သဘောတူညီမှုတစ်ခု ပြုလုပ်ခဲ့ကြောင်းသိရသည်။ တူရကီသည် ပြည်တွင်း စစ်ဖြစ်ပွားနေသော အိမ်နီးချင်းဆီးရီးယားနိုင်ငံမှ ဒုက္ခသည် ၂ ဒသမ ၇ သန်းကို လက်ခံထားရကြောင်း သိရသည်။

ကိုးကား-နယူးဝိခ်

မကြာသေးမီကဖြစ်ပေါ်ခဲ့သော နိုင်ငံတကာ ပဋိပက္ခများကြောင့် ဥရောပတွင် ကလေးဒုက္ခသည်ခန့်မှန်းခြေ ၂၆၀၀၀ နီးပါးရှိကြောင်း၊ ကလေးဒုက္ခသည်အများစုမှာ ဆာလောင်မွတ်သိပ်မှု၊ ချမ်းအေးမှု၊ ကြောက်ရွံ့မှုစသည့် ဆိုးရွားသောအခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း

ရီပတ်ဘလစ်ကန်လွှတ်လာရေးကော်မတီ ပြည်တွင်းစာချုပ်ဝန်ဆောင်မှုကို ပျက်ပြယ်စေချင်

မောင်တင်

ဝါရှင်တန် မေ ၃

ပြည်တွင်းအခွန် ဝန်ဆောင်မှုများ ပျက်ပြယ်စေချင်သည်မှာ အမေရိကန်အခွန်ထမ်းပြည်သူများ၏ အိပ်မက်ပင်ဖြစ်ပြီး ကွန်ဂရက်တွင် ကွန်ဆာဗေးတစ်အများစုကလည်း ၄င်းကိုထောက်ခံရန် လုပ်ဆောင်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် မေ ၃ ရက်က ဖော်ပြခဲ့သည်။

အောက်လွှတ်တော်တွင် သုံးပုံနှစ်ပုံကျော်ရှိသော ရီပတ်ဘလစ်ကန်များပါဝင်သည့် ရီပတ်ဘလစ်ကန်လွှတ်လာရေးကော်မတီကလည်း ပြည်တွင်းအခွန်ဝန်ဆောင်မှု (အိုင်အာရ်အက်စ်)ကို လုံးဝပျက်ပြယ်စေချင်ကြောင်း မကြာသေးမီက တိုက်တွန်းပြောကြားလိုက်သည်။

ကော်မတီက ထောက်ခံလိုက်သော ယင်းစိတ်ကူးကို အမေရိကန်လွှတ်တော်က ခါတိုင်းထက် ကျယ်ကျယ်ပြန့်ပြန့် လက်ခံခဲ့သည်။ သို့သော်လည်း ဝါရှင်တန်ရှိ ရီပတ်ဘလစ်ကန်အချို့ပါဝင်သော အခြားလူများက အိုင်အာရ်အက်စ်ကို ပြင်းပြင်းထန်ထန်ကိုင်တွယ်လိုက်သည့်အတွက် ဒုက္ခရောက်ခဲ့ကြရသည်။

အိုင်အာရ်အက်စ်ကို လုံးဝကြီး ဖျက်သိမ်းဖို့ဆိုသည်မှာ တကယ့်တကယ်တမ်းတော့ သိပ်ပြီးမလွယ်ကူသေးကြောင်း ရီပတ်ဘလစ်ကန်အမတ် ချားစ်ဘောက်စ်တန်နီက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောသည်။

အိုင်အာရ်အက်စ်ကို ဖျက်သိမ်းရန် မစတင်မီ ၂၁ ရာစုအတွက် အခွန်လျှို့ဝှက်နံပါတ် (ကုဒ်)က ဘာဖြစ်သင့်လဲဆိုသည်ကို အရင်စဉ်းစားသင့်ကြောင်း ဘောက်စ်တန်နီက ပြောသည်။

အခွန်နှင့် စီးပွားရေးမူဝါဒရေးရာ အင်စတီကျူအကြီးအကဲ မက်သယူးဂါဒနာက အခွန်ပြန်လည်ပြင်ဆင်ခြင်း အစီအစဉ်တွင် ယခုအချိန်ထိ အခွန်ကောက်ခံသူ လိုအပ်နေသေးကြောင်း ပြောခဲ့သည်။ ရှုပ်ထွေးသော အခွန်ကောက်ခံခြင်းကို မလိုအပ်တော့ဘူးဆိုသည့် အခြေအနေတစ်ရပ်ကို စိတ်ကူးရန်ပင် ခက်ခဲကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ယခုအချိန်ထိ အိုင်အာရ်အက်စ်ရှုံ့မုန်းမှု ကာလရှည်ကြာ ကြီးထွားလာနေကြောင်း သိရသည်။ ရီပတ်ဘလစ်ကန်သမ္မတလောင်းတင်ခရုဇ်က ရွေးကောက်ပွဲလှုံ့ဆော်မှုတစ်ခုတွင် အိုင်အာရ်အက်စ်ကို ဖျက်သိမ်းရန် စိတ်ကူးယဉ်ကြည့်ဖို့အားပေးခဲ့သည်။

(ရိုက်တာ)

အဖိုးတန်သစ်များ တရားမဝင်ခိုးယူထုတ်လုပ်ရောင်းချမှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၃

မြန်မာနိုင်ငံသည် သယံဇာတများ ပေါကြွယ်ဝပြီး စိမ်းလန်းစိုပြည်သည့် သဘာဝသစ်တောများ ပိုင်ဆိုင်သော နိုင်ငံတစ်ခုဖြစ်သည်။

ထိုသို့ အဖိုးမဖြတ်နိုင်သော သဘာဝသစ်တောများကို ဝိသမလောဘ စီးပွားရေးသမားများအနေဖြင့် ကိုယ်ကျိုးစီးပွားအတွက် နည်းလမ်းမျိုးစုံအသုံးပြုပြီး တရားမဝင်ခိုးယူထုတ်လုပ်ရောင်းချမှုများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် သဘာဝသစ်တောများ လျော့နည်းဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်၏ သယံဇာတများနှင့် သဘာဝသစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် နယ်မြေရှင်းလင်းရေးနှင့်နယ်မြေလုံခြုံရေးကိုပါ သက်ဆိုင်ရာဌာနများနှင့် စနစ်တကျ ပူးပေါင်းစီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ လေးလတာကာလအတွင်း ငွေကျပ် ၆၃၈၇ သိန်းကျော်တန်ဖိုးရှိ ကျွန်း၊ ပိတောက်၊ တမလန်းသစ် စသည့် အဖိုးတန်သစ်များအပါအဝင် သစ်မျိုးစုံ စုစုပေါင်း တန် ၁၆၁၀ ကျော်နှင့် တရားမဝင်သစ်ထုတ်လုပ်ရာတွင် အသုံးပြုသော ယာဉ်မျိုးစုံ ၁၄၁ စီးတို့နှင့်အတူ တရားမဝင်သစ်ထုတ်လုပ်သူ ၁၇၁ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းမှုများကြောင့် ကချင်ပြည်နယ် တာလောကြီးဒေသ၊ ဗန်းမော်-မံစီဒေသ၊ ကြူဆာ-မံဝိန်းကြီးဒေသ၊ ဖားကန့်-ဆယ်ဇင်းဒေသအတွင်းမှ ကျွန်း၊ ပိတောက်၊ တမလန်းသစ်အပါအဝင် သစ်မျိုးစုံ ၇၇၀ ဒသမ ၆၄၇ တန်၊ ယာဉ်မျိုးစုံ ၁၁၃ စီးနှင့် သစ်ထုတ်လုပ်သူ ၃၇ ဦးအားလည်းကောင်း၊ ရှမ်းပြည်နယ် မုန်းစီ-တာမိုးညဲ ဒေသ၊ နမ့်ဆန်ဒေသ၊ မန်တုံဒေသ၊ မိုင်းငေါ့ဒေသ၊ တော့ဆန်ဒေသ၊ မိုးမိတ်ဒေသ၊ ဗထူး-ရပ်စောက်ဒေသ၊ မိုင်းနောင်-ကျေးသီးဒေသ၊ ဝမ်ဆင်း-လုံယမ်းဒေသ၊ ဝမ်လော-ဆိုက်ခေါင် - ကျိုင်းတောင်းဒေသ၊ ကျိုင်းတုံ-မိုင်းခုတ်ဒေသ၊ မိုင်းဖြတ်-ဘူရှီးဒေသအတွင်းမှ ကျွန်း၊ ပိတောက်၊ တမလန်းသစ်အပါအဝင် သစ်မျိုးစုံ ၅၃၉ ဒသမ ၀၁၆၄ တန်၊ ယာဉ်မျိုးစုံ ၂၄ စီးနှင့် သစ်ထုတ်လုပ်သူ ၄၇ ဦးအား လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းဒေသ၊ ကျောက်တော်ဒေသ၊ ရွှေတောင်ဒေသ၊ ကျောက်ဖြူဒေသအတွင်းမှ သစ်မျိုးစုံ ၁၇၁ ဒသမ ၁၇ တန်၊ ယာဉ်တစ်စီးနှင့် သစ်ထုတ်လုပ်သူ ၈၀ အား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး- ကဘော်ဒေသ၊ ရွှေဘိုဒေသ၊ ဗန်းမောက်-မံစီဒေသအတွင်းမှ ကျွန်း၊ တမလန်းသစ်အပါအဝင် သစ်မျိုးစုံ တန် ၁၃၀ ၊ ယာဉ်မျိုးစုံသုံးစီးနှင့် သစ်ထုတ်လုပ်သူ ခုနစ်ဦးအား လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများ၊ ယာဉ်များနှင့် သစ်များကိုလည်း သက်ဆိုင်ရာဌာနများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့သည်။

တပ်မတော်အနေဖြင့် အဖိုးတန်သစ်များနှင့် သဘာဝသယံဇာတများ ပြုန်းတီးဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများဖြင့်ပူးပေါင်းကာ အစွမ်းကုန်ကာကွယ်တားဆီးခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားကိုအလေးထား ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

စစ်တွေမြို့နယ်၌ ဘင်္ဂါလီကယ်ဆယ်ရေးစခန်းတစ်ခု မီးလောင်ကျွမ်းမှုဖြစ်ပွား

စစ်တွေ မေ ၃

မေ ၃ ရက် နံနက် ၉ နာရီက စစ်တွေမြို့နယ် ခေါင်းဒုတ်ကာကျေးရွာအုပ်စု ဘောဒူဖ (၂) ဘင်္ဂါလီ ကယ်ဆယ်ရေးစခန်း အဆောင်(၁) အခန်း (၄)တွင် နေထိုင်သူ ဦးအာတူဟဲနေအိမ်၌ ထမင်းချက်ရာမှ အနီးရှိ ဝါးထရံကို မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုအား ပြည်နယ်မီးသတ်တပ်ဖွဲ့မှ ဒေါင်ဖန်းမီးငြှိမ်းသတ်ယာဉ် ငါးစီး၊ မီးသတ်ရေယာဉ် လေးစီး၊ သန္နေတပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၈၀ ဖြင့် ငြှိမ်းသတ်မှုကြောင့် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးညွှန့်ကျိုးသွားကြောင်း သိရသည်။

ဘင်္ဂါလီများ နေထိုင်သော ရှစ်ခန်းတွဲ တဲတန်းလျား ၅၆ လုံး မီးလောင်ပျက်စီးခဲ့ပြီး ဘင်္ဂါလီမိသားစု ၄၄၈ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့က ပြောသည်။

မီးဘေးသင့်သူများအား ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယာယီတဲ ၄၄၈ လုံး၊ family Kit ၄၄၈ ထုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့မှ အရေးပေါ် Kit ထုပ် ၄၄၈ ထုပ် ဖြန့်ဝေပေးခဲ့ပြီး ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ထမင်းထုပ်များ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်ပြီး စစ်တွေမြို့ မြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်တွေဘောဒူဖ(၂) ဘင်္ဂါလီကယ်ဆယ်ရေးစခန်း၌ ရှစ်ခန်းတွဲ ၁၄၄ လုံး၊ အိမ်ထောင်စု ၁၂၉၅ စု၊ လူဦးရေ စုစုပေါင်း ၆၉၃၆ ဦးတို့သည် ၂၀၁၂ ခုနှစ် ပဋိပက္ခဖြစ်ပွားစဉ်က နေထိုင်သူများဖြစ်ကြောင်း သိရသည်။

မြတ်ဝေ

အချိန်အခါမဟုတ် မြစ်ရေကြီးမှုကြောင့် သီးနှံစိုက်ခင်းများ နစ်မြုပ်ပျက်စီး

ရေစကြို မေ ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် အချိန်အခါမဟုတ် မြစ်ရေကြီးမှုကြောင့် နတ်ညွှန်းကျေးရွာဝန်းကျင်၌စိုက်ပျိုးထားသော သီးနှံပင်များရေမြုပ်ပျက်စီးသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယခုအခါ ချင်းတွင်းမြစ်ရေနှင့်အတူ ရောဝတီမြစ်ရေပါတိုးနေသဖြင့် ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ အနီးတွင်တည်ရှိသော နတ်ညွှန်းကျေးရွာမှ စိုက်ခင်းများ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားခြင်းဖြစ်ပြီး အထူးသဖြင့် နှမ်းခင်း၊ ပဲတီစိမ်းခင်း၊ CP ပြောင်းခင်းပါဝင်ကြောင်း၊ သီးနှံအပျက်အစီးများနှင့် ပတ်သက်၍ တိတိကျကျသိရှိနိုင်ရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်နှင့် ဝန်ထမ်းများသည် မေ ၂ ရက် မွန်းလွဲပိုင်းက ယင်းကျေးရွာသို့ သွားရောက်စာရင်းပြုစုလျက်ရှိကြောင်း သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)

လေပြင်းတိုက်ခတ်၍ လူနေအိမ်များ ပြိုကျပျက်စီး

အင်္ဂပူ မေ ၃

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကံဘက်ကျေးရွာအုပ်စုတွင် မေ ၂ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က လေပြင်းများတိုက်ခတ်မှုကြောင့် ကံဘက်ကျေးရွာတွင် လူနေအိမ် ခုနစ်လုံးပြိုကျ၊ ငါးလုံးအမိုးလန်၊ သာယာကုန်းကျေးရွာတွင် လူနေအိမ်တစ်အိမ်ပြို၊ သုံးလုံးအမိုးလန်၊ လေးအိမ်တန်-ရှမ်းစုကျေးရွာတွင်ခြောက်အိမ်ပြို၊ အိမ် ၂၀ အမိုးလန်၊ ကညင်ဆိပ်ကျေးရွာတွင် တစ်အိမ်ပြို၊ အိမ် ၂၀ အမိုးလန်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ဆော့လော်ရေဘေးသင့်ပြည်သူများ ကူညီပေးနိုင်ရန် အလှူငွေများကောက်ခံ

ဆော့လော် မေ ၃

ကချင်ပြည်နယ် ဆော့လော်မြို့နယ် လန်ဆယ်ဒေသတွင် ဧပြီ ၂၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများတိုက်စားမှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သည်။ **(ယာပုံ)**

ထိုသို့ပျက်စီးခဲ့ရာ မိသားစု ၁၈၀၊ လူဦးရေ ၁၁၆၇ ဦးအတွက် ထောက်ပံ့ငွေများပေးအပ်နိုင်ရန် တိုးတက်သော ရွှေနိုင်ငံလူမှုရေးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းအောင် ဦးစီးပြီး အသင်းဝင်များဖြင့် မေ ၂ ရက် မွန်းလွဲ ၁ နာရီက အလှူငွေများ ကောက်ခံခဲ့ကြသည်။

ကောက်ခံရရှိသည့် အလှူငွေများအား ဆော့လော်မြို့နယ် လန်ဆယ်ကျေးရွာအုပ်စုမှ ကျေးရွာ ရှစ်ရွာ၊ လုကင်ကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာသို့ သွားရောက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ပြိုကျပျက်စီးသွားသည့်နေအိမ်များကို တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါရေတိုက်စားမှုကြောင့် လမ်း၊ တံတားများ ပျက်စီးသွားပြီး သွားလာရေးအတွက် အခက်အခဲများ ရှိနေကြောင်း သိရသည်။

မင်းရာဇာ(မြစ်ကြီးနား)

တရုတ်-မြန်မာနယ်စပ်၌ တရုတ်နိုင်ငံသားလေးဦး လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းမိ

မူဆယ် မေ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ငွေဆင်အိမ်ရာ တရုတ်-မြန်မာနယ်စပ် အနီးတွင် မေ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က တရုတ်နိုင်ငံသားလေးဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့ကောင်းမှုတုံ ရပ်ကွက် ငွေဆင်အိမ်ရာနှစ်နိုင်ငံနယ်စပ် မိုင်တိုင်အမှတ် (၈၃)နှင့် (၈၄/၂)ကြား ကိုင်းတောအနီးတွင် မသင်္ကာဖွယ်လူ တစ်စု ရောက်ရှိနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီး အဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့တို့ သွားရောက်ရှာဖွေခဲ့ရာ တရုတ်နိုင်ငံသား လေးဦးထံမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါဖြစ်စဉ်အား ဆက်လက်စစ်ဆေးခဲ့ရာ ဝမ်ဆို့ချန် (၄၄ နှစ်) တရုတ်နိုင်ငံ နန်ချင်းမြို့ စီချွမ်းပြည်နယ် နေသူထံမှ ၉မမ ပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု ကျည်ခုနစ်တောင့်နှင့် ဟန်ဂေရီ နိုင်ငံလုပ် ၃၈ ပစ္စတိုတစ်လက်၊ ယင်းကျည် ကတ်တစ်ခု၊ ယင်းကျည်ရှစ်တောင့်၊ ကျန်းကျင် (၃၂ နှစ်) တရုတ်နိုင်ငံ ကုန်ချင့်မြို့နယ် စီချွမ်းပြည်နယ် နေသူထံမှ ဂျာမနီနိုင်ငံလုပ် SIGSA-UER p-239 အမျိုးအစား ပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု ယင်းကျည် ၁၁ တောင့်၊ လျိုခွမ် (၂၅ နှစ်) တရုတ်နိုင်ငံ ချိန်တူးမြို့ စီချွမ်းပြည်နယ် နေသူထံမှ ၉မမ ပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု၊ ယင်းကျည် ၁၂ တောင့်၊ ချိန်ကျားတုံ (၂၅နှစ်) တရုတ်နိုင်ငံ အမ်ချင့်မြို့ ကွေကျိုးပြည်နယ်နေသူထံမှ ၉ မမ ပစ္စတိုတစ်လက် ကျည်ကတ်တစ်ခု ယင်း ကျည် ၁၀ တောင့်တို့ကို သိမ်းဆည်းရမိသည်။

၎င်းတို့လေးဦးသည် ကျယ်ဂေါင်မြို့ရှိ လောင်းကစားရုံများသို့ လာရောက်ခြင်းဖြစ်ပြီး ကျယ်ဂေါင်တွင် လောင်းကစားရုံများ မရှိသည့်အတွက် တရုတ်နိုင်ငံ ထဲသို့ ပြန်ဝင်ရန်ကြိုးစားစဉ် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ တရုတ်နိုင်ငံသားလေးဦးကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(မူဆယ်)

တရားမဝင်ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများဖမ်းမိ

အင်းတော် မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တပ်လွင်ကြီးဝိုင်း အကွက်အမှတ်(၂၉)မှ တရားမဝင်ကျွန်းသစ်လုံးများနှင့် ကျွန်းခွဲသားများကို ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က နယ်မြေခံတပ်မှ ဗိုလ်ကြီး နန်းဦး၊ တပ်ကြပ်ဖုန်းမြင့်ဘိုတို့ဦးဆောင်သောအဖွဲ့သည် အင်းတော် မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် သစ်မှောင်ခို သတင်းအရ အင်းတော်မြို့နယ် တပ်လွင်ကြီးဝိုင်းအကွက် အမှတ်(၂၉)အတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ် ၇၁ လုံး (၃၃ ဒသမ ၈၉၄) တန်၊ သစ်ခွဲစက်တစ်လုံး၊ လွှဝိုင်းတစ်ခုနှင့် ဆက်စပ်ပစ္စည်းများအပြင် တရားမဝင် ကျွန်းခွဲသား ၁၄၃ ချောင်း၊ (၁ ဒသမ ၅၃၉၈) တန်တို့ကို တွေ့ရှိရပြီး ကျွန်းသစ်လုံးများပိုင်ရှင်မှာ အင်းတော်မြို့နယ် မြသီတာကျေးရွာနေသူ ဦးမောင်မောင်စိုးနှင့် ဦးမြဝင်းအောင်တို့ဖြစ်ပြီး ကျွန်းခွဲသားပိုင်ရှင်မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် အမြန်ဖမ်းမိရေး ဆောင်ရွက်ထားကြောင်း သိရပါသည်။

သို့ဖြစ်၍ တရားမဝင်ကျွန်းသစ်လုံးခုတ်လှဲသူ ဦးမောင်မောင်စိုး၊ ဦးမြဝင်းအောင် မြသီတာကျေးရွာ အင်းတော်မြို့နယ်နေသူတို့ကို အင်းတော်ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရပါသည်။

လူအောင်(ကသာ)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် AD VAN တိမ်းမှောက်မီးလောင်၊ အမျိုးသားနှစ်ဦးသေဆုံး

နေပြည်တော် မေ ၃

ရန်ကုန်- မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၂၂/၆)နှင့် (၁၂၂/၇)အကြား၌ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 7J /---- AD VAN (အဖြူရောင်) မော်တော်ယာဉ် (လိုင်စင်စိစစ်ဆဲ)သည် မေ ၂ ရက် ည ၁၂ နာရီ မိနစ် ၂၀ တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ဘာရီယာတုံးကို တိုက်ပြီးနောက် လမ်းမပေါ်၌ တိမ်းမှောက်ကာ မီးလောင်ကျွမ်းခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာသို့ ဇေယျာဓိကုန်း အမြန်လမ်းမကြီး ရဲစခန်း၊ ဖြူးအမြန်လမ်းမကြီးရဲစခန်းနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ရောက်ရှိကြပြီး မီးငြိမ်းသတ်ခဲ့ကြသည်။ အဆိုပါ ယာဉ်အတွင်း၌ အမျိုးသားနှစ်ဦး မီးလောင်ကျွမ်း သေဆုံးနေသည်ကိုတွေ့ရပြီး တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် အုတ်တွင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ အခင်းဖြစ်ရပ်ကို စစ်ဆေးခြင်း၊ သေဆုံးသူနှစ်ဦး၏ အမည်၊ နေရပ်တို့အား စုံစမ်းဖော်ထုတ်ခြင်းတို့ကို ဇေယျာဓိကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တာဝန်ရှိသူများက ဆက်လက်စုံစမ်းမှုများဆောင်ရွက်စဉ် သေဆုံးသူ ယာဉ်မောင်း၏ဇနီးဖြစ်သူ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မိဂသီ လမ်းအမှတ် (၁၈၈)နေ ဒေါ်ချိုချိုနွယ်က အုတ်တွင်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသဖြင့် တာဝန်ရှိသူများက မေးမြန်းခဲ့ရာ ယာဉ်မောင်းမှာ ၎င်း၏ခင်ပွန်း ဦးအောင်မျိုးနိုင်ဖြစ်ပြီး ယာဉ်ပေါ်ပါလာသူမှာ တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် (၂၁)လမ်း အမှတ် (၁၆၆/ခ)နေသူ ဦးအောင်ဖြိုးခိုင်ဖြစ်ကြောင်း သိရသည်။

အမြန်လမ်းတွင် ခရီးသွားယာဉ်မောင်းများအနေဖြင့် မိမိတို့ မောင်းနှင်မည့်ယာဉ်အား ကြံ့ခိုင်မှုစစ်ဆေးပြီးမှသာ ထွက်ခွာရန်၊ သတ်မှတ်နှုန်းထားအတိုင်းမောင်းနှင်ရန်၊ အမြန်လမ်း တစ်လျှောက် သတိပေးဆိုင်းဘုတ်များကို ဂရုပြုကြည့်ရှု မောင်းနှင်ရန်နှင့် အိပ်မငိုက်စေရန် အထူးသတိထားရမည် ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်သွားလာမှု စတင်ခွင့်ပြုချိန်မှ ခုနစ်နှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် ခရီးသွားပြည်သူ ၆၀၀ ကျော် သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။

သို့ပါ၍ အမြန်လမ်းမကြီးတွင် မောင်းနှင်သွားလာနေကြသော ယာဉ်များအနေဖြင့် တစ်နေ့တာ မိမိတို့လိုရာခရီးကို အဆင်ပြေချောမွေ့စွာ သွားရောက်နိုင်ရေးအတွက် သတိ၊ အသိဖြင့်ယှဉ်၍ စိတ်ရှည်သည်းခံမောင်းနှင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

(ညီညီသန်း)

ယာဉ်မောင်းအလိုရှိသည်

ရန်ကင်း၊ တောင်ဥက္ကလာနီးသူ ဦးစားပေး၊ လိုင်စင် ၅ နှစ်အထက် လစာ-၂၀၀၀၀၀၊ ၂၅၀၀၀၀

ဖုန်း-၀၉-၇၈၅၂၆၀၃၇၂

အမည်ပြောင်း

ဦးဇင်မင်းထွေး၏သမီး အထက ၁၊ ဒဂုံ၊ န၀မတန်း(H)မှ မသွန်းဆုဇင်အား မသွန်းသစ္စာဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသွန်းသစ္စာ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေယံလင်း ၁၂/ဥကမ(နိုင်)၂၀၅၂၉၂၏ Passport No-855595သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၆၇၇၄၉၆

ကျေးဇူးဆပ်ပါမည်

ဦးလှမင်း ၁၂/ဒလန(နိုင်)၀၅၁၆၉၆၏ ရေယာဉ်အုပ်လက်မှတ် ဆ/ဒ. ၁၈/၉၁ ပျောက်ဆုံးသွားပါ၍ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၁၇၄၉၅၁၀

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(မွေးရေ/ကျေးလက်)၊ ရုံးအမှတ်(၃၆)တွင် 315KVA Transformer Installation နှင့် 400V Line 300’ Installation ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများကိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	315KVA Transformer Installation	၁
၂။	400 V Line 300’ Installation	၁

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီတွင် ဖွင့်ဖောက်ပါမည်။ တင်ဒါပုံစံများကို ၅-၅-၂၀၁၆ရက်မှစ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(မွေးရေ/ကျေးလက်)၊ ဝန်ကြီးရုံး(နေပြည်တော်၊ ရုံးအမှတ် ၃၆)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးဖုန်း-၀၆၇-၄၀၈၂၁၂၊ ၀၆၇-၄၀၈၀၅၈ တို့သို့ စုံစမ်းနိုင်ပါသည်။

အောင်ပြည့်စုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770

သွေးသည် အသက်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

Electrician Vocational Training

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် Schneider Electric တို့ ပူးပေါင်း၍ Electrician Vocational Training သင်တန်းကို ဖွင့်လှစ်သင်ကြားမည်။ စာတွေ့ နှင့် လက်တွေ့ပေါင်းစပ်၍ သင်ကြားမည့်အပြင် ဖော်ရွေ အလုပ်ရှင် အတွေ့အကြုံရရှိစေရန် အတွက် On the Job Training (၁)လ ဆင်းရမည်။ လုပ်ငန်းခွင်ဝင်နိုင်သည်အထိ သင်ကြားပေးမည်။

သင်တန်းပြီးဆုံးပါက သင်တန်းဆင်း လက်မှတ် ထုတ်ပေးမည် ဖြစ်ပါသည်။

- သင်တန်းဖွင့်မည့်ရက် > ၃-၅-၂၀၁၆ မှ ၃၀-၆-၂၀၁၆ အထိ
- သင်ကြားမည့်နေ့ > တနင်္လာနေ့ မှ သောကြာနေ့ အထိ
- သင်ကြားမည့်အချိန် > ၉း၀၀ နာရီမှ ၄း၀၀ နာရီအထိ
- သင်တန်းဖွင့်မည့်နေရာ > မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်
- ပညာအရည်အချင်း > အနိမ့်ဆုံး အခြေခံပညာအထက်တန်းအောင် နှင့် အခြားတွဲရများလည်း တက်ရောက်နိုင်ပါသည်
- လျှောက်လွှာစတင်လက်ခံမည့်ရက် > ၂၀-၄-၂၀၁၆ နံနက် (၉း၃၀)နာရီ
- လျှောက်လွှာပိတ်ရက် > ၆-၅-၂၀၁၆ ညနေ (၄း၀၀)နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် 01-519673-76 (Extension) 216, 09-795220950

Y.E.S. Since 1994

ကျောင်းခွဲမရှိပါ။

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

International English Language Centre

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
- Mon to Thurs-7:30-9:30 am 16,30 May
- Mon to Thurs-10:00-12:00am 16 May
- Mon to Thurs-3:00-5:00 pm 16,30 May
- Sat & Sun - 9:00-12:00 am 21 May
- Mon to Thurs-1:00-3:00pm 23 May
- Mon to Thurs-5:30-7:00pm 23 May

Grammar Foundation Course
- Mon to Thurs - 10:00-12:00am 16 May

Vocabulary Enrichment Course
- Sat & Sun 10:00-12:00am 28 May

Structure & Written Expression
- Sat & Sun - 12:30-3:30 pm 21 May
- Mon toThurs 5:30-7:00pm 16 May

Intermediate English
- Mon to Thurs-1:00-3:00pm 30 May

Academic Preparation For IELTS (API)
- Mon to Thurs-10:30-12:30am 30 May

SAT Mon to Thurs -3:30-5:00pm 30 May

IELTS(Foundation) Mon to Thurs 5:30to7pm 30 May

IELTS(Test Practice) San&Sun 10:30to12:30am 28May

IELTS(Speaking) San&Sun 1:00to3:30pm 28May

Academic Writing Course
- Sat & Sun - 5:00 - 7:00 pm 28 May

NEW SAT Sat & Sun -5:00-7:00pm 28May

No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ စပွန်ဆာစာချုပ်ပွဲနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် AYA Bank Cup 2016 လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ Title Sponsorship စာချုပ်လက်မှတ်ရေးထိုးပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ဟိုတယ်ရန်ကုန်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် CEO ဦးသန်းဇော်က အမှာစကားပြောကြားပြီး ရောဝတီဘဏ် လီမိတက်မန်နေဂျင်း ဒါရိုက်တာ ဦးဖြိုးအောင်က Title Sponsor ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးသန်းဇော်နှင့် မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးအောင်တို့က AYA Bank Cup ပြိုင်ပွဲ Title Sponsorship စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပသည်။

လေးနိုင်ငံဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၆ ရက်အထိရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ ဗီယက်နမ်၊ ဟောင်ကောင်နှင့်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို ဆီမီးဖိုင်နယ် တတိယနေရာလုပွဲ၊ ဗိုလ်လုပွဲပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ရေးဆွဲထားမှုအရ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဇွန်၃ ရက်ညနေ ၃ နာရီခွဲတွင် ဗီယက်နမ် လက်ရွေးစင်အသင်းနှင့် ဟောင်ကောင် လက်ရွေးစင်အသင်း၊ ညနေ ၆ နာရီ ၁၅မိနစ်တွင် အိမ်ရှင်မြန်မာအသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

AYA Bank သည် နိုင်ငံတကာပြိုင်ပွဲများ ကျင်းပရန်အတွက် တစ်နှစ်လျှင် ကျပ်သိန်း ၃၀၀၀ ဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့အတွက် စပွန်ဆာပေးသွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင်ထပ်မံကျင်းပသွားမည်ဖြစ်သည်။ ဆုကြေးများအဖြစ် ပထမဆု အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၅၀၀၀ တို့ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းပွဲစဉ်များကို အခမဲ့ ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်လျက်ရှိပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၃၀၀၀နှင့် ရိုးရိုးတန်း ငွေကျပ် ၁၀၀၀ သတ်မှတ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲဟာ ဆုဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေထဲက တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆုဇူကီးဖလားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ကြိုးပမ်းနေသလို လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှာလည်း အောင်မြင်ချင်ပါတယ်။ ဆုဇူကီးဖလားပြိုင်ပွဲအတွက် ကျွန်တော်တို့ စတင်ပြင်ဆင်နေပြီဖြစ်ပေမယ့် MNL ညွန့်ပေါင်းအသင်းနဲ့ ပွဲမတိုင်ခင် လူစုလေ့ကျင့်ချိန် နှစ်ရက်ပဲရှိခဲ့ပါတယ်။ လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲမတိုင်ခင်မှာ မလေးရှားက လက်ရွေးစင်အသင်းနဲ့ ခြေစမ်းကစားဖို့ရှိပြီး ဒီပွဲအတွက် မေလစတုတ္ထပတ်မှာ စတင်ပြင်ဆင်မှာဖြစ်ပြီး မတိုင်ခင်မှာလည်း တစ်ပတ် တစ်ရက် လေ့ကျင့်သွားဖို့ရှိပါတယ်။ ဆုဇူကီးဖလားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ကြိုးပမ်းနေပေမယ့် ပြင်ဆင်ဆဲကာလဖြစ်လို့ ဘယ်အဆင့်ရောက်မလဲဆိုတာ ကြိုမပြောနိုင်သေးပါဘူး"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **ညီမြတ်သော်တာ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ်တို့ စပွန်ဆာစာချုပ်နေစဉ် **ဓာတ်ပုံ-ဖိုးသော်ဇင်**

လန်ဒန်ဒါဘီပြိုင်ပွဲအပြီး လက်စတာတို့ ပရီမီယာလိဂ်ဖလား ဆွတ်ခူး

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၃၆) မှ လန်ဒန်ဒါဘီပြိုင်ပွဲဖြစ်သော ချယ်ဆီးအသင်းနှင့် စပါးအသင်းတို့သည် မေ ၃ ရက် နံနက်ပိုင်းက ချယ်ဆီး၏ စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

စပါးအသင်းသည် ပထမပိုင်းပွဲချိန် ၃၅ မိနစ်တွင် ဟယ်ရီကိန်း၊ ၄၄ မိနစ်တွင် မင်ဆန်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ချယ်ဆီးအတွက် ချေပဂိုးများကို ၅၈ မိနစ်တွင် ဂယ်ရီကာဟေးလ်၊ ၈၃ မိနစ်တွင် ဟာဇာတ်တို့က သွင်းယူခဲ့သည်။ လန်ဒန်ဒါဘီပြိုင်ပွဲတွင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပွဲပြီးချိန်တွင်တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရကာ စပါးအသင်းသည် ချန်ပီယံလမ်းကြောင်းပေါ်မှ ထွက်ခွာခဲ့ရသည်။

ချယ်ဆီးသည် တစ်ပွဲလျော့ဖြင့် ရမှတ် ၄၈ မှတ် အဆင့် ၉ တွင် ရပ်တည်နေပြီး စပါးအသင်းမှာ ရမှတ် ၇၀ ဖြင့် အဆင့် ၂ တွင် ရပ်တည်ကာ လက်စတာစီးတီးနှင့် ၇ မှတ်ကွာခြားခဲ့သည်။

ယင်းပွဲစဉ်ကို လက်စတာစီးတီးပရိသတ်များ ပြင်ပတွင် ကြည့်ရှုအားပေးခဲ့ကြပြီး သရေရလဒ်အပြီးတွင် လမ်းမပေါ်များ၌ အောင်ပွဲခံခဲ့ကြသည်။ ၁၉၉၂ တွင် စတင်ခဲ့သည့် ပရီမီယာလိဂ်ဖလားကို အသင်းငါးသင်းသာ ဗိုလ်စွဲခဲ့ပြီး ယင်းအသင်းများမှာ မန်ယူ၊ ဘလက်ဘန်း၊ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီးတို့ဖြစ်ကြသည်။ ယခုနှစ်ရာသီတွင် မထင်မရှားအသင်းဖြစ်သော လက်စတာစီးတီး၏ အံ့မခန်းခြေစွမ်းတို့နှင့်အတူ ခြောက်သင်းမြောက် ချန်ပီယံအသင်းဖြင့် ရပ်တည်နိုင်ခဲ့သည်။

လက်စတာမြို့၏ အောင်ပွဲဟုဆိုရမည်ဖြစ်ပြီး လန်ဒန်ဒါဘီပြိုင်ပွဲအပြီးတွင် လက်စတာစီးတီးအသင်းသားများနှင့် ပရိသတ်များ အောင်ပွဲခံနေချိန်တွင် လက်စတာစီးတီးအသင်း၏ မြို့ခံပရိသတ်တစ်ဦးဖြစ်သော မာ့ခ်ဆယ်ဘီသည် ကမ္ဘာ့ချန်ပီယံရှစ်

စနူကာပြိုင်ပွဲ (ဗိုလ်လုပွဲ)တွင် တရုတ်နိုင်ငံသား ဒင်ဂျောင်းဝေးလ်ကို ၁၈ ပွဲ-၁၄ ပွဲနှင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ပြီး လက်စတာစီးတီးအလံနှင့်အတူ တစ်ချိန်တည်း အောင်ပွဲခံခဲ့သည်။

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၈) မရောက်ခင် နှစ်ပွဲအလိုတွင် ဖလားရရှိခဲ့သည့် လက်စတာစီးတီး၏ ခြေစွမ်းခြေစကို လာမည့် ၂၀၁၆-၁၇ ဘောလုံးရာသီတွင် ယူအီးအက်ဖ်အေချန်ပီယံလိဂ်ပြိုင်ပွဲနှင့်အတူ ကမ္ဘာတစ်ဝန်းလုံးမှ ပရိသတ်များစောင့်မျှော်ကြည့်ရှုရဦးမည်ဖြစ်သည်။

သီဟ

အမည်ပြောင်း

ဦးမင်းမင်းသန်း၏ သမီးဖြစ်သူ ပုသိမ်မြို့၊ သင်္ဘောကျဉ်း အထက (၈)ဒုတိယတန်းမှ မကြယ်ဇင်ထက်အား မကြယ်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

မကြယ်ဇင်

အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် ဦးမြတင်၊ ဒေါ်လှတို့၏ သမီး မရင်နန်းဇင်၏ အမည်မှန်မှာ မယဉ်နန်းဇင်ဖြစ်ပါသည်။

မယဉ်နန်းဇင်

မိခင်အမည်မှန်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်းမှ ကျောင်းသား မောင်နိုင်သူဦး၊ အဋ္ဌမတန်းမှ ကျောင်းသား မောင်ဝေလင်းထွန်းတို့၏မိခင်အမည်မှန်မှာ ဒေါ်မော်မော်ဖြစ်ကြောင်း။

ဖခင်အမည်မှန်

လောက်ကိုင်မြို့၊ ရပ်ကွက်(၁)၊ တာမြောင်းလမ်း၊ အိမ်အမှတ် (၃၄) နေ မစိုးစိုးဖြူ၊ မမြင့်မြင့်ခိုင်နှင့် မောင်လီတီးလုံ(ခ) မောင်ကောင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးလီလျှောက်ကျိုး ဖြစ်ပါသည်။

ဦးလီလျှောက်ကျိုး
၁၃/လကန(နိုင်) ၀၀၁၄၁၈

မိဘအမည်မှန်

အဝေးသင်တက္ကသိုလ်၊ လားရှိုးဌာနခွဲ မြန်မာစာ (ဒုတိယနှစ်)တွင် တက်ရောက်ပညာသင်ကြားနေသော မဆုပြည့်ကျော် ၁၃/သနန(နိုင်) ၀၄၈၇၉၈ ၏ မိဘအမည်မှန်မှာ ဦးမိုးတင်၊ ဒေါ်အေးအေးခိုင်ဖြစ်ပါကြောင်း။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော ပရီမီယံဒီဇယ်ဆီဂါလန်(၁၀၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၆-၅-၂၀၁၆ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/2156 Toyota Premie S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးပို ၁၂/ကမရ(နိုင်)၀၀၈၆၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

မွေးသက္ကရာဇ် အမှန်

မေမြို့ဆောင် အခန်း(၁၁) အင်းစိန်ရဲစခန်းဝင်းနေ (ဘ)ဦးဝင်းအောင် (မိ)ဒေါ်ကျင်မြိုင်၏သမီး မအိမွန်အောင်၏ မွေးလအမှန်မှာ ၂၃-၂-၂၀၀၃ ဖြစ်ပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
မော်လမြိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် မွန်ပြည်နယ်အတွင်း ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က)	မြေသားလမ်း	(၉/၄)မိုင်
(ခ)	ကျောက်လမ်း	(၁၇/၀)မိုင်
(ဂ)	ကွန်ကရစ်တံတား	(၁၉)စင်း၊(၄၅၄)ပေ
(ဃ)	ကွန်ကရစ်ရေပြွန်	(၁၇)ခု
(င)	ရုပ်/သံစက်ရုံ (၁၁)ရုံစက်ပစ္စည်းတပ်ဆင်ခြင်း	၁၁ စုံ
(စ)	ရုပ်/သံစက်ရုံ(၁၁)ရုံ ဆိုလာပါဝါတပ်ဆင်ခြင်း	၁၁ စုံ
(ဆ)	ကျေးရွာများတွင် ဆိုလာပါဝါတပ်ဆင်ခြင်း	၈၇၄ စုံ

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၉-၅-၂၀၁၆ ရက်

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၄-၆-၂၀၁၆ရက်(၁၆း၃၀)နာရီ

၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မော်လမြိုင်) တွင် ရယူနိုင်ပါသည်။ ဖုန်း-၀၅၇-၂၇၀၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8006 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုလွင် ၁၀/သထန(နိုင်) ၂၀၅၂၁၄ မှ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ဃ/၄၁၈၉၃ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ Galaxy Force Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

ရမ္မာဝတီရိုးရာလှီ(လှေ)ပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့၌ ရမ္မာဝတီရိုးရာလှီ(လှေ)ပြိုင်ပွဲကို (၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၂ရက်မှ ၅ ရက်အထိ) ၂၀၁၆ ခုနှစ် မေလ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရမ္မာဝတီရိုးရာလှီ(လှေ)ပြိုင်ပွဲတွင် ရခိုင်ရိုးရာကျင်ပွဲဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပုသိမ်မြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီးရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၁

ဦးဝင်းရွှေ **နှင့်** ၁။ ဦးမင်းညို
၂။ ဒေါ်နယ်လီဝင်း

တရားလို **တရားပြိုင်များ**

ပုသိမ်မြို့၊ ကမ်းနားအုန်းတောလမ်း၊ ဂျမ်းတန်း(၂)ရပ်ကွက်၊ ချောင်းသာကျေးရွာ၊ ရွှေသောင်ယံမြို့နယ်ခွဲနေ ဦးမင်းညို၊ ဒေါ်နယ်လီဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ် ၁၈ သိန်း(ကျပ်တစ်ဆယ့်ရှစ်သိန်းတိတိ) ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မေ ၁၁ရက်(၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဧပြီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးသည်။

မဟာဗလ
ဒုတိယမြို့နယ်တရားသူကြီး
ပုသိမ်မြို့နယ်တရားရုံး

အဖြူရောင်နှလုံးသား ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က အခမဲ့ နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်ပေး

မော်လမြိုင်ကျွန်း မေ ၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့မှ အဖြူရောင်နှလုံးသား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသအဖွဲ့သည် ဧပြီ ၃၀ ရက်က မြို့နယ်အတွင်းရှိ ပုတ်တန်းကျေးရွာ ဓမ္မပါလတိုက်ကျောင်း၌ အခြေပြု၍ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆေးကုသပေးရာတွင် ပုတ်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ ခုနစ်ရွာမှ ပြည်သူ ၁၂၁ ဦးကို ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း၊အဖြူရောင်နှလုံးသား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ တာဝန်ခံဆရာဝန် ဒေါက်တာပြည့်စုံခန့်နှင့် အဖွဲ့ဝင်များက ကုသပေးခဲ့ပြီး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့် အမှုဆောင်များ၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဖြူရောင်နှလုံးသား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့သည် နယ်လှည့်၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အခြားကျေးရွာများတွင်လည်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

နိုင်ငံနှင့် တိုင်းဒေသကြီး လက်ရွေးစင်ဟောင်း သက်ကြီးအားကစားသမားများအား ဂါရဝပြု

ထားဝယ် မေ ၃

တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ထားဝယ်မြို့နယ်အတွင်းမှ မြန်မာ့လက်ရွေးစင်နှင့် တိုင်းဒေသကြီးလက်ရွေးစင်ဟောင်း သက်ကြီးအားကစားသမားများအား ဂါရဝပြု ပူဇော်ကန်တော့ပွဲကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်က ဂါရဝပြုပွဲ ကျင်းပသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြန်မာ့လက်ရွေးစင်နှင့် တိုင်းဒေသကြီးလက်ရွေးစင်ဟောင်း သက်ကြီးအားကစားသမားများအား ဂါရဝပြုပူဇော်ကန်တော့ကာ ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ဂါရဝပြုအပူဇော်ခံ မြန်မာ့ဘောလုံးလက်ရွေးစင်အားကစားသမားဟောင်း ဦးစိန်ဝင်းနှင့် ထူးချွန်သက်ကြီးအားကစားသမားကြီးများက မိမိတို့၏ အားကစားအတွေ့အကြုံများကို ပြောကြားခဲ့သည်။

အခမ်းအနားသို့ လက်ရွေးစင်ဟောင်း သက်ကြီးအားကစားသမား ၁၂ ဦး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဖိုးရွှေသွန်း(ထားဝယ်)

သတင်းတိုများ

ရေထိန်းတံခါးကြောင့် လယ်မြေများ ရေနစ်ဆုံးရှုံးမှုနှင့် ပတ်သက်၍ဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း ရေထိန်းတံခါးကြောင့် လယ်မြေများ နှစ်စဉ် ရေနစ်ဆုံးရှုံးနေရမှုနှင့် ပတ်သက်၍ ဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် သုံးခွမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး၊ ဒေသခံတောင်သူများနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ ဧပြီ ၃၀ ရက်က သုံးခွမြို့နယ် တကောကျေးရွာ ရေထိန်းတံခါးရှင်းလင်းဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

နှစ် (၇၀) ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ခင်မောင်ရီနှင့် တပ်ဖွဲ့ဝင်များ မေ ၁ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့် ခရိုင်နှင့် မြို့နယ်များမှ သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦးက စုပေါင်း၍ သွေးလှူဒါန်းခဲ့ခြင်းဖြစ်သည်။ သွေးလှူဒါန်းသော မီးသတ်တပ်ဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇေယျ၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်နှင့် ထားဝယ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်မှ တာဝန်ခံဆရာဝန် ဒေါက်တာစန်းစန်းဝင်းတို့က အားဖြည့်အာဟာရနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

စိန်ဝင်း(ထားဝယ်)

ရေရှားပါးသော ရပ်ကွက်သို့ သောက်သုံးရေများလှူဒါန်း

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ သောက်သုံးရေ ရှားပါးပြတ်လပ်နေသော ရွာကောက်ရပ်ကွက် ကုန်းမြင့်ရပ် နယ်မြေ(၉)မှ ဒေသခံပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်သူရနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် ပူးပေါင်း၍ မေ ၁ ရက်က သွားရောက်လှူဒါန်းခဲ့ကြပြီး သောက်သုံးရေ ဂါလန် ၂၀၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

ကွမ်းစားခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်း လျော့နည်းစေရန် တာချီလိတ်မြို့၌ မကြာမီ ဆောင်ရွက်တော့မည်

တာချီလိတ် မေ ၃

ရှမ်းပြည်နယ် တာချီလိတ်မြို့၌ ကွမ်းယာစားခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းများ လျော့နည်းပပျောက်စေရန်အတွက် မကြာမီကာလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပညာပေးလုပ်ငန်း၊ ကွမ်းနှင့် ဆက်စပ်ပစ္စည်းများကို တားမြစ်ခြင်းလုပ်ငန်း၊ အရေးယူအပြစ်ပေးခြင်းလုပ်ငန်းနှင့် အခြားဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်းများဟူ၍ အဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာပေးလုပ်ငန်းအဆင့်တွင် ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပေါ်ခံစားရနိုင်သည့် ရောဂါများ၏ ဆိုးကျိုးများကို ဓာတ်ပုံဗီနိုင်းများဖြင့် ပြသ၍ အသိပညာပေးခြင်း၊ အများပြည်သူနှင့် သက်ဆိုင်ရာနေရာများတွင် ကွမ်းယာစားခြင်းကို တားမြစ်ခြင်းနှင့် ကွမ်းတံတွေးထွေးသည့်အခါတွင် သတ်မှတ်နေရာများတွင်သာ ထွေးရန် ဆောင်ရွက်ပေးခြင်း၊ ပြည်သူများအား ကွမ်းစားသုံးခြင်း၏ ဆိုးကျိုးများကို ပညာပေးဟောပြောခြင်း စသည့်လုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ကွမ်းနှင့် ဆက်စပ်ပစ္စည်းများကို တားမြစ်ခြင်းလုပ်ငန်းအဆင့်တွင် ကွမ်းယာများတွင် ထည့်သွင်းစားသုံးသည့် ပြည်ပမှ တင်သွင်းလာသော ဆေးဝါးများတွင် လူကိုဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုဆေးဝါးများ ပါဝင်ခြင်းရှိ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အရေးယူအပြစ်ပေးခြင်း လုပ်ငန်းအဆင့်ကို ပညာပေးကာလ ကျော်လွန်သွားပါက ဆောင်ရွက်မည်ဖြစ်ပြီး ကွမ်းမစားရ၊ ကွမ်းတံတွေးမထွေးရ နယ်မြေများတွင် သတ်မှတ်ချက်ကို မလိုက်နာပါက သင့်တော်သော ငွေပမာဏကို ဒဏ်ရိုက်ခြင်း၊ ကွမ်းတံတွေးထွေးသည့် နေရာကို ပြန်လည်သန့်ရှင်းစေခြင်း စသည့် အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကာ လိုအပ်သည့် အရေးယူမှုများ ပြုလုပ်နိုင်ရန်အတွက် ဒေသန္တရအမိန့် ထုတ်ပြန်ခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြားဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနေဖြင့် ကွမ်းယာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များကို မှတ်ပုံတင်ခြင်း၊ ပုံမှန်ကောက်ခံနေသည့် အခွန်အခများထက် တိုးမြှင့်ကောက်ခံခြင်း၊ ကွမ်းယာအရောင်းဆိုင်များတွင် ကွမ်းနှင့်အတူ ကွမ်းတံတွေးထွေးရန် ဘူးများကို တစ်ပါတည်း မယူမနေရ ထည့်သွင်းရောင်းချစေခြင်း စသည်တို့အပါအဝင် လိုအပ်သော စည်းကမ်းသတ်မှတ်ချက်များကို ဆင့်ကဲချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကွမ်းစားသုံးမှု လျော့နည်းကျဆင်းစေရေး လုပ်ငန်းစဉ်များကို မကြာမီကာလအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ကွမ်းယာစားသည့်ဓလေ့သည် မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာတစ်ခုဖြစ်ပြီး ရာစုနှစ်များစွာကပင် ထွန်းကားတည်ရှိခဲ့သော်လည်း ယခုအခါတွင် ကွမ်းယာစားသူများ၏ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းများကြောင့် မြို့ရွာနှင့် အဆောက်အအုံများ၏ သန့်ရှင်းလှပမှုကို ပျက်စီးစေသလို ကွမ်းစားသူများကိုယ်တိုင်အတွက်လည်း ပါးစပ်ကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် လျှာကင်ဆာ စသည့် ရောဂါဆိုးများကို ဖြစ်ပွားစေပြီး အသက်အန္တရာယ်ကိုပင် ဖြစ်ပေါ်စေနိုင်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ကွမ်းယာစားခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းများ လျော့နည်းကျဆင်း ပပျောက်စေရန် ဆောင်ရွက်တော့မည်ဖြစ်သည်။

မောင်ယဉ်ကျေး

ခရီးသွားရာသီကုန်ဆုံးသော်လည်း မြင်းလှည်းငှားရမ်းစီးနင်းသူများရှိနေသေး၍ ပုဂံညောင်ဦးမြို့ပေါ်မှ မြင်းလှည်းအငှားလိုက်သူများ အလုပ်ဖြစ်

ညောင်ဦး မေ ၂

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသတွင် ခရီးသွားရာသီချိန် ကုန်ဆုံးသွားသော်လည်း ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်လည်ပတ်လျက်ရှိနေဆဲဖြစ်ကြောင်းနှင့် နိုင်ငံခြားဧည့်သည်များသည် ပုဂံညောင်ဦးမြို့ပေါ်၌ လည်ပတ်ရာတွင် မြင်းလှည်းများကိုငှားရမ်း၍ လည်ပတ်ကြသောကြောင့် မြင်းလှည်းအငှားလိုက်သူများမှာ အလုပ်ဖြစ်နေဆဲဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသမှာ ယခုအချိန် ခရီးသွားရာသီ မဟုတ်တော့ပေမယ့် ပြည်ပနိုင်ငံအသီးသီးက နိုင်ငံခြားသားတွေ လာရောက်လည်ပတ်ကြနေတုန်းပါပဲ။ ကျွန်တော်တို့ ပုဂံညောင်ဦးဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေပေါကြွယ်ဝတဲ့ ဒေသတစ်ခုအဖြစ် ကမ္ဘာက သိနေတော့ နိုင်ငံခြားသားတွေအများစုက စိတ်ဝင်တစားနဲ့ လာရောက်လည်ပတ်နေတာဖြစ်မယ်လို့ ထင်ပါတယ်။ နောက်ပြီး လည်ပတ်တဲ့အခါမှာလည်း ပုဂံညောင်ဦးမြို့မှာရှိတဲ့ အထင်ကရ ရှေးဟောင်းသမိုင်းဝင်ဘုရားတွေရဲ့ သမိုင်းကြောင်းတွေကို လေ့လာကြပြီး ပုဂံညောင်ဦးမြို့ အပေါ်စီးကနေ ဘုရားတွေရဲ့ရှုခင်းအလှ မှတ်တမ်းဓာတ်ပုံရိုက်ရတာကို နိုင်ငံခြားသားတိုင်းလိုလို နှစ်သက်သဘောကျကြပါတယ်။ ဒါ့ကြောင့် ညနေပိုင်း ငါးနာရီဝန်းကျင်ဆိုရင် နေဝင်ဆည်းဆာရှုခင်းပုံတွေ ရိုက်ချင်တဲ့ နိုင်ငံခြားသားတွေက ကျွန်တော်တို့ မြင်းလှည်းတွေကို ငှားရမ်းပြီးသွားကြပါတယ်။ အခုလည်း ကျွန်တော် နိုင်ငံခြားသားကို ပို့ပြီး ပြန်လာတာပါ၊ မြင်းလှည်းငှားရမ်းခ ဈေးနှုန်းခတွေကတော့ ပြည်တွင်း၊ပြည်ပ ဈေးနှုန်းမတူပါဘူးခင်ဗျ။ ပြည်တွင်းဘုရားဖူးဧည့်သည်တွေက ပုဂံညောင်ဦးမြို့မှာရှိတဲ့ ဘုရားစုံကိုဖူးချင်တဲ့သူ များတာဖြစ်လို့ ပို့ရတဲ့လမ်းကြောင်းအပေါ်မူတည်ပြီး ငွေကြေးတောင်းပါတယ်။ နိုင်ငံခြားဧည့်သည်ကတော့ တစ်နေ့ကုန်ဆိုပေမယ့် ခြောက်နာရီပဲ မောင်းပို့ပေးပါတယ်။ ခြောက်နာရီမောင်းပို့တဲ့အခါမှာလည်း မြင်းရော၊လူရောသက်သာအောင် မနက်ပိုင်းသုံးနာရီ၊ ညနေပိုင်းသုံးနာရီ ပို့ပေးတာပါ။ သူတို့ကိုကျတော့ ငှားရမ်းခ ကျပ် ၁၅၀၀၀၊ ၁၇၀၀၀ မှ ၂၀၀၀၀ လောက်အထိ ယူပါတယ်။ ကျွန်တော်တို့ ပုဂံညောင်ဦးမြို့မှာ ခရီးသွားရာသီချိန် ကုန်ဆုံးခဲ့ပြီဖြစ်ပေမယ့် နိုင်ငံခြားသားတွေ ဝင်ရောက်လည်ပတ်နေဆဲဖြစ်လို့ ကျွန်တော်တို့ မြင်းလှည်းသမားတွေအတွက် နေ့စဉ် ဝင်ငွေရရှိနေပြီး အဆင်ပြေကြပါတယ်”ဟု ညောင်ဦးမြို့ပေါ်ရှိ မြင်းလှည်းမောင်းသူတစ်ဦးက ပြောသည်။

ရဲဝင်းနိုင်(ညောင်ဦး)

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

ဖြေ လမ်းပေါ် ပျော်ပွဲစားထွက်ခြင်း

ဆူးငှက်

ငယ်ဘဝကိုပြန်တွေးလိုက်တော့ မေးခွန်းတစ်ခုကခေါင်းထဲသို့ ရုတ်ချည်းပေါ်လာသည်။

"ဘာလို့ အားနေတာပါလိမ့်..."တဲ့။

ဟုတ်သည်၊ ငယ်ဘဝကိုပြန်တွေးလိုက်တိုင်း အားနေတဲ့ ရက်တွေက များနေတာကိုး။ ထိုအခါ ပြန်လှန်မေးခွန်းထုတ်စရာတစ်ခုကလည်း ရှိလာချေ၏။ "ကလေးဘဝပဲဗျာ၊ ဘာလုပ်စရာ ရှိတာမှတ်လို့၊ အားမနေပေဘူးလား"ဟူလို့။

တကယ်တော့ ငယ်ဘဝဟုသာ သိမ်းကျုံးခေါ်လိုက်ရသည်။ သေချာပြန်စဉ်းစားကြည့်တော့ မနေ့တစ်နေ့ကအထိ အားနေသေးသည်မဟုတ်လော။ ဘာလို့များ တစ်နှစ်ထက်တစ်နှစ်၊ တစ်လထက်တစ်လ၊ တစ်ရက်ထက်တစ်ရက် မအားလပ်မှုတွေ ဖိစီးလာပါလိမ့်။ မအားလပ်မှုတွေများလာမှ အားလပ်မှု၏ တန်ဖိုးကိုသိလာသည်။ အားလပ်ခြင်း၏ အရသာကိုသိလာသည်။ အားလပ်မှုဆိုသည်နှင့်အတူ နောက်ကွယ်မှ ဝါသနာပါသည့်၊ နှစ်ခြိုက်သည့်လုပ်ငန်းများကို စိတ်လိုလက်ရ လုပ်ကိုင်နိုင်၍ ဝမ်းသာပီတိဖြစ်ရခြင်းဟူသည်ကလည်း ကပ်ပါလာသည် မဟုတ်လော။ ပြေးဟယ် လွှားဟယ် အလုပ်ရှုပ်နေချိန်မှာ စိတ်တွေက အများသား။ မပြတ်သေးသော အလုပ်တစ်ခုအတွက် နောက်ဆံတင်း။ ချိန်းဆိုထားသည့် ကိစ္စတစ်ခုအတွက်စိတ်မော။ နောက်ရက်တွေ၊ နောက်ရက်တွေအတွက် တန်းစီနေသည့် ပြဿနာအတွက် တွေးပူ။ ထိုအခါ ရောက်သည့်နေရာ၊ ရောက်သည့်လမ်း၊ ရောက်သည့်အရပ်ဆိုတာ အလုပ်ဟူသော ဝန်ထုပ်ဝန်ပိုးကြီးဖြင့် အေးဆေးသက်သာစွာနေထိုင်နိုင်မှုက ပါးလျားသေးသိမ် ပျောက်ကွယ်သွားရတော့၏။

ထိုအခါ ရသည့်နည်းဖြင့် အားလပ်မှုကိုဇွတ်ဖန်တီးယူရတော့သည်။ မနေ့က အဖြစ်အပျက်ကိုပဲ ကြည့်ပါလား။

မိတ်ဆွေတစ်ယောက်က သူ့သားမင်္ဂလာဆောင်ကို ဖိတ်ထားသည်။ မင်္ဂလာဆောင်ကရွှေဘိုမှာဖြစ်၏။ မိတ်ဆွေကလည်း ဖိတ်ကတည်းက တကူးတကန့် လာစရာမလို၊ အသိပေးသည့်သဘော ဖိတ်တာပါဟုဆိုထားသည်။ ဖိတ်ကြားခံရသူ မိမိတို့အပေါင်းအသင်းများမှာလည်း ဒီရက်ပိုင်းမှာယားလို့မျှပင် မကုတ်အားအောင် ကိစ္စများမြောင်ဖြင့် ရစ်ပတ်ရှုပ်ထွေးပွေလီနေသည်။ မင်္ဂလာဆောင် ဖိတ်စာလေး

သေချာပြန်စဉ်းစားကြည့်တော့ မနေ့တစ်နေ့ကအထိ အားနေသေးသည် မဟုတ်လော။ ဘာလို့များ တစ်နှစ်ထက်တစ်နှစ်၊ တစ်လထက်တစ်လ၊ တစ်ရက်ထက်တစ်ရက် မအားလပ်မှုတွေ ဖိစီးလာပါလိမ့်။ မအားလပ်မှုတွေများလာမှ အားလပ်မှု၏ တန်ဖိုးကို သိလာသည်။ အားလပ်ခြင်း၏ အရသာ ကိုသိလာသည်၊

ဖွင့်ကြည့်ကာဘေးသို့ချထားပြီး ကိုယ့်အလုပ်ကိုယ်ဆက်လုပ်၊ ကိုယ့်လမ်းကိုယ် ဆက်သွားနေကြရ၏။ ထို့ကြောင့် မင်္ဂလာဆောင်နှင့်ပတ်သက်၍ ရှေ့ဆက်ဘာမျှမပြောဖြစ်ကြ။ သို့သော် မနေ့ကတော့ မနက်ပိုင်းစောစောထပြီးစားပွဲထိုင် အလုပ်လုပ်နေဆဲမှာပင် မိတ်ဆွေတစ်ဦး ကားနှင့်ရောက်လာသည်။ အလုပ်ကိစ္စတစ်ခုနှင့် စစ်ကိုင်းခဏသွားကြဖို့ လာခေါ်တာတဲ့။ ဒါနဲ့ လုပ်လက်စအလုပ် အမြန်လက်စသတ်၊ စာတိုက်သွားဖို့ကိစ္စ မှာစရာမှာပြီး မိတ်ဆွေကားနှင့် ထလိုက်ရသည်။

ထို့နောက် ထိုင်နေကျလက်ဖက်ရည်ဆိုင်သွားကာ မနက်စာ လက်ဖက်ရည်ဝင်သောက်ကြတော့ နောက်ထပ် မိတ်ဆွေ



နှစ်ဦးလည်း ရောက်လာ၏။ သူတို့ကလည်း အချိန်ရတုန်းလေး လက်ဖက်ရည်လာသောက်တာတဲ့လေ။ ဆုံမိကြတော့ မှတ်မှတ်ရရ မင်္ဂလာဆောင် ဖိတ်စာလေးအကြောင်း ပြောမိကြ၏။ "ဒီနေ့ပဲဗျ၊ ရွှေဘိုကိုကျော်ဝင်းသားမင်္ဂလာဆောင်"ဟု တစ်ယောက်က သတိရမိခြင်းဖြစ်သည်။ ထိုအခါ စစ်ကိုင်းသွားဖို့ ကားပါလာသူက-

"ကိုင်း-ဒါဖြင့်သွားလိုက်ကြရအောင်လား" တဲ့ စကားစ၏။ အားလုံးကအံ့အားသင့်သွားသည်။ ရုတ်ချည်းပင် ဆုံးဖြတ်လိုက်ကြ၏။ "ကဲ-သွားမယ်၊ မြောက်ပြင်ကလူကို အပြင်မထွက်မီ အုပ်မိအောင်သွားခေါ်။ ထွက်ရင်းနဲ့ တာရဲတန်းကလူ ဝင်ခေါ်မယ်"...သူက မနက် ၉ နာရီခွဲလောက်မှ အိပ်ရာထတာမို့ မတွေ့မှာမပူရ။ ဤသို့ဖြင့်တစ်မုဟုတ်ချင်းစီစဉ်ဖြစ်ပြီး ကားလေးပေါ် အသီးသီး စွေ့ခနဲ့ဝင်ထိုက်လိုက်ကြကာ အရှေ့ကျုံးလမ်းအတိုင်း ကားမောင်းပြီး မြောက်ပြင်က မိတ်ဆွေသွားခေါ်ကြ၏။

"ရွှေဘိုသွားမယ်"ဟု ဆုံးဖြတ်ချက်ချပြီးကားပေါ်တက်၊ ကားတံခါးပိတ်လိုက်ကတည်းက ကျွန်တော်တို့သည် အလုပ်အသီးသီးကို ဖြတ်တောက်လိုက်ကြပြီဖြစ်သည်။ စိတ်ဒုံးဒုံးချဖြတ်တောက်လိုက်ကတည်းက လူမှာပေ့ါပါးလွတ်လပ် ရွှင်လန်းသွား၏။ ဤသို့ဖြင့် အလွန်အလုပ်ရှုပ်လှုပါသည်ဟု ညည်းတွားကာ တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်လောက်အောင် မအားလပ်ခဲ့ကြသော မိမိတို့ခုနစ်ဦးမှ မချိန်းဆိုရပါဘဲ ရုတ်ချည်းခရီးထွက်ဖြစ်ခဲ့ကြခြင်းဖြစ်၏။

စစ်ကိုင်းရောက်တော့ တောင်ခြေနန်းဦးတိုက်အလှူတစ်ခုမှာ ကားဝင်လဲကြသည်။ ပြီးတော့ရွှေဘိုသို့ တောက်လျှောက်ထွက်ခဲ့ကြခြင်းဖြစ်၏။ တကယ်တော့ ရွှေဘိုသွားခြင်းက မိတ်ဆွေသား မင်္ဂလာဆောင်ဝင်ရန်ဖြစ်ပါသည်။ ဦးတည်ချက်က မင်္ဂလာဆောင်ဖြစ်၏။ ရွှေဘိုမင်္ဂလာဆောင်ကလည်း ထူးခြားသည်။ မင်္ဂလာညှော်ခံချိန်က နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိတဲ့။ သည်တော့ ၁၁ နာရီကျော်မှ ရွှေဘိုရောက်လည်း ဖြစ်ပါသည်။ ညနေ ၄ နာရီအတွင်းတော့ ရောက်ရမှာပေ့ါ။ ဒါကလည်းအကန့်အသတ်တစ်ခုဖြစ်နေ၏။ လွတ်လပ်ပေ့ါပါးစွာ ခရီးထွက်ခြင်းအပေါ် အနှောင်အဖွဲ့တစ်ခု ဖြစ်နေချေသေးသည်။ သူ့သားမင်္ဂလာဆောင်ကို မလာဖြစ်တော့ဘူးဟု မိတ်ဆွေကစွဲမှတ်ထားသဖြင့် မျှော်နေမှာတော့ ပူစရာမလို။ မိမိတို့ခုနစ်ယောက်ကားပေါ်မှာပင် ဆုံးဖြတ်လိုက်ကြသည်။ ရွှေဘိုသွားတာ မင်္ဂလာဆောင်သွားတာမဟုတ်။ ခရီးထွက်အပန်းဖြေခြင်းပဲ သဘောထားကြစို့။ ရောက်ချင်သည့်အချိန်မှ ရောက်ပေရော့။

ထို့ကြောင့် ကားကို ဖြည်းဖြည်းမောင်းရင်း လမ်းတစ်လျှောက် စကားတွေ ပြောကြ။ သီချင်းတွေဆိုကြသည်။ သည်လိုနှင့် လမ်းခုလတ်ကျားမင်းကြီးရွာရောက်တော့ ၁၁ နာရီထိုးလုပြီ။ ရွာကလေးကလမ်းဘေးမှာပဲရှိသည်။ လမ်းပေါ်က လှမ်းကြည့်လိုက်တော့ ပဲစင်းငုံတွေရိတ်သိမ်းပြီး စုပုံထားတာတွေ့ရသည်။ တလင်းပြင်တွေမှာ ပဲစင်းငုံရိုးပြတ်တွေရှိသည်။ တလင်းဘေးမှာ တမာရိပ်၊ ထနောင်းရိပ်တို့လည်း ရှိနေ၏။ ခပ်ဖြည်းဖြည်းမောင်းလာတဲ့ကားကလေးက ရွာကလေး၏ မြင်ကွင်းအစုံကို တစ်ကွက်ချင်း မြင်တွေ့ခွင့်ပေးနေသလား အောက်မေ့ရသည်။ လမ်းနံဘေးရွာထဲက အိမ်တစ်အိမ်မှာတော့ ပြောင်းရိုးစဉ်းစက်သံ တထိန်းထိန်း ကြားနေရသည်။ ထိုအခါ ကျွန်တော်တို့သည် လမ်းနံဘေး သစ်ပင်ရိပ်အောက် ကားကိုထိုးရပ်လိုက်၏။ မလှမ်း မကမ်းက အိမ်ကလေးဆီ သွားကြည့်တော့ ဆိုင်ကလေးတစ်ဆိုင်ဖြစ်နေတာ အခန့်သင့်တွေ့ရသမည်။

ဆိုင်ကလေးမှာ စားသောက်စရာလေးတွေတချို့ ရှိနေပါသည်။ တစ်နေရာဆိုင်ကလေး နံရံမှာ အဝကျဉ်းမြေအိုး သစ်သစ်လေးတွေ သုံးလေးလုံး အစီအရီတွေ့ရသည်။ အိုးလေးနှုတ်ခမ်းကို ပလတ်စတစ်ကြည်ကြည်လေးပိတ်ပြီး သားရေပင်လေးဖြင့် သပ်သပ်ရပ်ရပ် ပိတ်ထားသည်။

မြေအိုးလေးတွေမှာ စိုစွတ်ရဲမှည့်နေ၏။ ဆိုင်ရှင်က-

"ပင်ပေါ်ကျလေးတွေလေ" ... တဲ့။

ဆိုင်လေးထဲ မျက်လုံးဝေ့ကြည့်လိုက်တော့ ကျပ်တင်ထားသော အသားကင်ရဲရဲတွေလည်း အနံ့တသင်းသင်း မြင်နေရ၏။ ပါလာသည့် ရွှေဘိုသားမိတ်ဆွေက -

"အဲဒါ လယ်ကြွက်ကင်တွေလေ၊ စူနေတာပဲဗျာ" တဲ့။

ဆိုင်ကလေးဆီမှ လှမ်းမျှော်ကြည့်လိုက်တော့ ကားလမ်းမ၏ တစ်ဖက်မှာ တလင်းပြောင်ပြောင်လေးက တမာရိပ်လေးတွေ ဝန်းရံပြီး အေးမြမြ လှမ်းမြင်နေရသည်။ တလင်းလေးထဲမှာ ပဲရိုးတွေပုံထား၏။ တလင်းဘေးမှာ နွားစာတဲလေးရှိနေသည်။ တလင်းလေးအဝင်မှာက စဉ်းပြီးသား ပဲရိုးအိတ်တွေတင်ထားသော လှည်းတစ်စီးကို ချွတ်ထားသည်။ ပြီးတော့ နွားစာတဲလေးမှာ ထန်းတက်သည့် ရင်းထောင်များလည်း ထောင်ထား၏။ အနားမှာ ထန်းရွက်အသစ်အပုံတစ်ပုံ ထပ်ထား၏။ ကျွန်တော်တို့ ထိုနေရာလေးကို အာရုံရနေကြသည်။ ဘယ်သူ့ဘယ်သူမှ ညှိနှိုင်းစရာ တိုင်ပင်စရာမလိုဘဲ ကားတံခါးကို သေချာပိတ်၊ သော့ခတ်ကာ တလင်းလေးဆီ အားလုံးက ခြေဦးလှည့်လိုက်ကြတော့သည်။

တလင်းပြင်ရောက်တော့ အနားမှာရှိသည့် ထန်းရွက်ခြောက်နှင့်ပဲရိုးတွေ ရှင်းလင်းလိုက်၏။ အပေါက်ဝက ပဲရိုးအိတ်လှည်းကို ဒေါက်ဖြုတ်ပြီး နွားစာတဲလေးရှေ့တွန်းရွှေ့လိုက်သည်။ ဆိုင်ရှင်အစ်ကိုကြီးလည်း ရောက်လာပြီး ကူညီညာရွှေ့ပေးသည်။ လှည်းကလေးကို နွားစာတဲလေးရှေ့ ခပ်ခွာခွာနေရာမှာ ထောက်ပြီးသောအခါ ရင်းထောင်များကို ယူပြီး တဲလေးခေါင်မိုးနှင့် လှည်းပေါ်မှပဲရိုးအိတ်များပေါ် ပေါင်းကူးတင်လိုက်သည်။ ထို့နောက် ရင်းထောင်များပေါ် ထန်းရွက်အသစ်တွေ ဖြန့်မိုးလိုက်၏။ နွားစာတဲလေးထဲက ရိုင်ဖျာအသစ်ကိုယူပြီး ထန်းရွက် မိုးလေးအောက်မှာ ဖြန့်ခင်းလိုက်ကြသည်။ ထို့နောက် ဆိုင်ကလေးဆီမှ စားစရာသောက်စရာတွေ မှာလိုက်ကြသည်။ လယ်ကြွက်ကင်နှင့် တောဟင်း တောထမင်းပေ့ါ။ နီနီရဲရဲမြေအိုးလေးတွေလည်း ပါတာပေ့ါ။

ထန်းလျှော်ကရွတ်ခွေလေးခံထားသော မြေအိုးလေးတစ်လုံးကို ဖုံးထားသည့် ပလတ်စတစ်စလေး ဖယ်လိုက်သည်။ ထို့နောက် အုန်းမှုတ်ခွက်လေးထဲ လောင်းထည့်ဖို့ အိုးလေးကို လက်နှစ်ဖက်နှင့် မလိုက်တော့ အိုးကလေးအတွေ့အထိက ထူးထူးကဲကဲ အေးစက်နေသည်။ အသာအယာမကာ အုန်းမှုတ်ခွက်ထဲ လောင်းထည့်၏။ ထို့နောက် ရေငတ်နေလို့ အားပါးတရ သောက်ချလိုက်သည်။ ထူးထူးခြားခြား ရင်ထဲမှာ အေးမြဆင်းသွား၏။ လောလောလတ်လတ် ရေခဲသေတ္တာထဲမှ ထုတ်ယူလာခါစ အအေးဓာတ်မျိုးပဲ ဖြစ်ပါသည်။

(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)

ကောင်းကျိုး၊ ဆိုးပြစ်များလွန်းသော လူမှုမီဒီယာ

မြင့်ကျော်(ဇလွန်)

ယနေ့ခေတ်သည် နည်းပညာ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာသော ခေတ်ကာလဖြစ်သည်။ နည်းပညာတိုးတက်ဖြစ်ထွန်းလာသည်နှင့်အတူ လူသားတို့၏ နေမှုပုံစံ၊ စားသောက်မှု၊ ဆက်ဆံရေး၊ ယုံကြည်မှု၊ အတွေးအခေါ်၊ စီးပွားရေးနှင့် အယူအဆများပါ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာသော အခြေအနေကို အားလုံးလက်ခံကြုံတွေ့နေရပြီဖြစ်သည်။

အရွယ်မျိုးစုံ လူထု လူတန်းစားအလွှာအသီးသီးတွင် လူမှုရေးကိစ္စတိုင်းလိုလို၌ နည်းပညာကို ချန်လှပ်မေ့ထား၍မရသောအခြေအနေကို ဆိုက်ရောက်နေပြီဟု ဆိုရမည်။

ကျေးလက်တောရွာပါမကျန် အခြေခံလူထုလူတန်းစားများအထိ လက်ကိုင်ဖုန်းများ ဈေးနှုန်းသက်သက်သာသာ သုံးစွဲလာနိုင်ခြင်းက လူအများစုအား နည်းပညာရေကန်ကြီးထဲ ခုန်ဆင်းပျော်မြူးစေသော အဓိကအကြောင်းတရား ဖြစ်သည်။ ကမ္ဘာပေါ်၌ အားကောင်းစွာ ထင်ရှားလူသုံးများလာသော လူမှုမီဒီယာ (Facebook, Viber, Twitter, Skype) တို့ကလည်း အခြေခံလူတန်းစားများအတွက် ကြီးမားသည့်အိပ်မက်ဖျော်ဖြေရေးစင်မြင့်ကြီး ဖြစ်လာခဲ့သည်။

ကျွန်တော်တို့ နိုင်ငံတွင်တော့ Facebook သည် အလွှာအသီးသီး၏ ကိုယ်ပိုင်မီဒီယာရပ်ဝန်းတစ်ခုဖြစ်လာပြီဟုဆိုနိုင်သောအနေအထားသို့ ရောက်ရှိလာနေသည်။ ငွေကုန်ကြေးကျသက်သာစွာဖြင့် ပုံစံမျိုးစုံ၊ ရှုထောင့်အဖုံဖုံဖြင့် အတားအဆီးမဲ့ အကန့်အသတ်လွတ် ရေးကြ၊ တင်ကြ၊ ပြောကြ၊ ဆိုကြ၊ ဝေဖန်ကြ၊ သုံးသပ်ကြသည့် အနေအထားကို မြင်နေကြရသည်။

ယင်းအခြေအနေတွင် ဆင်ခြင်တုံတရားမဲ့ ပြုမူမှုများ၊ ကိုယ်ချင်းစာတရားလက်လွတ်မှုများနှင့် ကောလာဟလ လုပ်ကြံဖန်တီးမှုများက ကိုယ်ပိုင်လူမှုမီဒီယာနယ်ပယ်တွင် စက္ကန့်မလပ် အချိန်မရွေး တိုးဝင်ခြယ်လှယ်မှုများ ရှိလာနေသည်ကို တွေ့ကြ၊ မြင်ကြရမည်ဖြစ်သည်။

လွတ်လပ်ခွင့်အပြည့်အဝရရှိနေသောအနေအထားကြောင့် ပွင့်လင်းမြင်သာမှု အားကောင်းလာနေမှုအပေါ် လေ့လာမှုနှင့် ထိန်းသိမ်းချင့်ချိန်မှုက မဖြစ်မနေ ကပ်ပါဆောင်ရွက်ရမည်ကို အပြည့်အဝ နားလည်မှု မရှိသူများအတွက် ကြီးမားသည့် အန္တရာယ်သည် မိမိနှင့် လက်တစ်ကမ်းတွင်ရှိနေသည်ကိုသိရှိရန် အထူးလိုအပ်လာသော အချိန်ကာလလည်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅၄) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်ဟု ဖော်ပြထားသည်-

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးစံများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖော်ပြထားသော အချက်အလက်များကို ကောင်းစွာနားလည် လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ မိမိ၏ကိုယ်ပိုင်လူမှုမီဒီယာ ဖော်ပြချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ (၃၅၄)ပါ အချက်များနှင့် ကိုက်ညီရန် အထူးလိုအပ်လှသည်။ ယနေ့ လူမှုမီဒီယာစာမျက်နှာပေါ်တွင် ပုဒ်မ (၃၅၄)ကို ကျူးလွန်ဖောက်ဖျက်နေသည်များ၊ ဥပဒေကို လက်တစ်လုံးခြားလုပ်နေသူများကို တွေ့မြင်ကြပြီး ဖြစ်ပေမည်။

ဒီမိုကရေစီနိုင်ငံတော်သို့ လျှောက်လှမ်းကြရာတွင် လူတစ်ဦးချင်းစီက သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေများကို အလေးထားလိုက်နာရေးသည် အထူးအရေးကြီးသောကိစ္စရပ်တစ်ခုဖြစ်သည်။ မိမိ၏ပုဂ္ဂလိကလွတ်လပ်မှုသည် ပတ်ဝန်းကျင်နှင့် အခြားသူများအပေါ် ဒုက္ခများမဖြစ်စေရေးကို အထူးဂရုပြုကြရမည်ဖြစ်သည်။

အတိုင်းအဆမဲ့ စိတ်ခံစားချက်များကို စည်းကမ်းဘောင်များက ထိန်းသိမ်းရသောသဘောရှိသဖြင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးတိုင်းသည် မျှတမှု၊ ညီညွတ်မှုရှိရေးမှာ လူမှုအသိုက်အဝန်းအတွက် အထူးအရေးကြီးလှသည်။

နည်းပညာတိုးတက်လွန်းသော ယနေ့အချိန်ကာလတွင် လူတစ်ဦးချင်းစီ၏ စည်းကမ်းလိုက်နာမှုနှင့် မိမိစိတ်ကို ထိန်းသိမ်းနိုင်စွမ်းက အရေးပါသောအခြေအနေတစ်ရပ် ဖြစ်သည်။ လူမှုမီဒီယာ၏ကောင်းကျိုး၊ ဆိုးပြစ်များကိုလည်း သေသေချာချာ သိရှိနားလည်ကြရန် လိုအပ်လာပြီဖြစ်သည်။

လူမှုမီဒီယာအသုံးပြုမှုများပြားလာသည်နှင့်အမျှ လူမှုမီဒီယာ၏ နောက်ဆက်တွဲပြဿနာများကိုလည်း လေ့လာကြရမည်ဖြစ်သည်။ လူမှုမီဒီယာသည် သတင်းအချက်အလက်များကို မြန်ဆန်စွာသိခွင့်ရလာသည်မှာ မှန်သော်လည်း အဆိုပါသတင်းအချက်အလက်သည် ရာခိုင်နှုန်းပြည့် မှန်ကန်ယုံကြည်ရန် မလွယ်ကူကြောင်းကို သိရှိကြရမည်။

ကောလာဟလသတင်းများသည်လည်း အချိန်ပြည့် ပျံ့နှံ့နေသည်ကို နားလည်သဘောပေါက်ကြရမည် ဖြစ်သည်။ ထို့အပြင် လူမှုမီဒီယာသည် မိမိ ကိုယ်တိုင်အသုံးချခံပုံစံမျိုး ရောက်ရှိသွားနိုင်ကြောင်းကိုလည်း အလေးအနက် ဂရုပြုကြရမည်ဖြစ်သည်။

လူမှုမီဒီယာကို စွဲလမ်းတပ်မက်သုံးစွဲမှုကြောင့် မိမိ၏ မူရင်းအလုပ်များ၊ အိမ်မှုကိစ္စများ၊ ပညာရေး၊ စီးပွားရေးနှင့် ပကတိလူမှုရေးများ ဆုံးရှုံးပျက်ပြားနိုင်ကြောင်းကိုလည်း သဘောပေါက်နားလည်ကြဖို့ အထူးလိုအပ်သည်။ လူမှုမီဒီယာကို စွဲလမ်းမိ၍ ကျန်းမာရေးထိခိုက်ယိုယွင်းမှုများ ပကတိလူမှုဆက်ဆံရေး ပျက်ပြားအားနည်းမှုများ ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်းကို အထူးအလေးအနက်ထား သိရှိဆင်ခြင်ကြရန် လိုအပ်လှပေသည်။

နည်းပညာ တစ်ခေတ်ဆန်းလာပြီး လူတိုင်းအသုံးပြုလာနိုင်သော အခြေအနေတွင် ကောင်းကျိုး၊ ဆိုးပြစ်များကို ဝေဖန်ပိုင်းခြားနိုင်ကြပြီး မိမိအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း၊ ပတ်ဝန်းကျင်အတွက်သော်လည်းကောင်း ဖြည့်စွက်တွေးတော စဉ်းစားနိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒီမိုကရေစီနိုင်ငံတော်သို့ လျှောက်လှမ်းကြရာတွင် လူတစ်ဦးချင်းစီက သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေများကို အလေးထားလိုက်နာရေးသည် အထူးအရေးကြီးသောကိစ္စရပ်တစ်ခုဖြစ်သည်။ မိမိ၏ပုဂ္ဂလိကလွတ်လပ်မှုသည် ပတ်ဝန်းကျင်နှင့် အခြားသူများအပေါ် ဒုက္ခများမဖြစ်စေရေးကို အထူးဂရုပြုကြရမည်ဖြစ်

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် ကျေးရွာသို့ ကွင်းဆင်းကုသမှုများ အချိန်မီ ဆောင်ရွက်ပေးနေ

ကျောက်ပန်းတောင်း မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာအုပ်စု ပွေးကျစ်တောင်ရွာ၌ ဧပြီ ၁ ရက်က ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေသဖြင့် တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းကုသပေးခြင်းနှင့် ရောဂါကာကွယ်ရေးပညာပေးလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မေ ၁ ရက်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသဖြင့် ပွေးကျစ်တိုက်နယ်ဆေးရုံသို့ လာရောက်ပြသ၊ ကုသမှုခံယူသူ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၄၀ ရှိကြောင်း သိရသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရသည့်အကြောင်းအရင်းမှာ အစားမှား၍ ဝမ်းသွားသူတစ်ဦးက ဝမ်းသွားထားသည့် အဝတ်အစားများကို အများသုံးရေတွင်းတွင် သွားရောက်လျှော်ဖွတ်ခဲ့ရာမှ ၎င်းရေတွင်းမှစတင်ကာ အခြားရွာသူ၊ ရွာသားများကို ကူးစက်ခဲ့ခြင်းဖြစ်နိုင်ကြောင်းနှင့် ဧပြီ ၂၉ ရက်တွင် လူနာခြောက်ဦးသည် ပွေးကျစ်တောင်ကျေးရွာရှိ အရန်သားဖွားဆရာမထံတွင် ပြသခဲ့ပြီး ဧပြီ ၃၀ ရက် ညနေပိုင်းတွင် အဆိုပါလူနာ ခြောက်ဦးအား တိုက်နယ်ဆရာဝန်ထံ လွှဲပြောင်းကုသစေခဲ့ကြောင်း၊ ဆက်လက်၍ မေ ၁ ရက်တွင် လူနာ ၄၀ အထိ တိုက်နယ်ဆေးခန်းသို့ လာရောက်ပြသ ကုသမှုခံယူခဲ့ကြခြင်းဖြစ်ကြောင်း၊ လူနာများမှာ သွေးပေါင်ကျခြင်း၊ ဖျားနာခြင်းမရှိကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် ပွေးကျစ်တောင်ကျေးရွာသို့ ပွေးကျစ်တိုက်နယ်ဆရာဝန် ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်း ၁၀ ဦးက ယာယီဆေးခန်းဖွင့်လှစ်၍ ကွင်းဆင်းကုသမှုများပြုလုပ်ပေးနေပြီး လူနာရှာဖွေခြင်း၊ ရေနမူနာ၊ ဝမ်းနမူနာယူခြင်းများနှင့် ကျေးရွာအတွင်း ထုံးဖြူးခြင်း၊ ရေတွင်းရေကန်များတွင် ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

မန္တလေးမြို့ ရေထွက်ပေါက်လမ်းများ ရေစီးရေလာကောင်းမွန်ရန် လိုအပ်

မန္တလေး မေ ၃

မန္တလေးမြို့တွင် ယခုရက်များအတွင်း မိုးရွာပြီးတိုင်း ရေများမှာ လမ်းများပေါ်တွင် တင်ကျန်နေသည့်အတွက် ပြည်သူများအနေဖြင့် သွားလာရေး ခက်ခဲနေပြီး ရေမြောင်းများ၊ ရေထွက်ပေါက်လမ်းများကို ရေစီးရေလာကောင်းမွန်အောင် ပြုပြင်ပေးရန် လိုအပ်လျက်ရှိနေကြောင်း ဒေသခံပြည်သူများက ပြောသည်။

မေ ၁ ရက် ညပိုင်းက ရွာချခဲ့သောမိုးကြောင့် မန္တလေးမြို့ ၇၄ လမ်းတွင် မိုးရေများသည် နံနက်မိုးလင်းသည့် အချိန်အထိ ကတ္တရာလမ်းမပေါ်တွင် တင်ကျန်နေခဲ့ကာ အချို့နေရာ၌ ရေများပြည့်လျှံနေသည့်အတွက် လမ်းသွားလမ်းလာများမှာ ရေများရှိနေသည့်အချိန်များတွင် ခက်ခဲစွာ သွားလာခဲ့ရသည်။

မန္တလေးမှာက မိုးတိမ်တောင်တက်လာရင်မကြာဘူး။ လေရောမိုးရော ရွာတော့တာ။ နောက်ပြီး လေကလည်းတိုက်တော့ လမ်းသွားလမ်းလာတွေ အန္တရာယ်များတယ်။ မိုးရွာပြီးလို့ မိုးရပ်ပြန်တော့လည်း လမ်းမကြီးအချို့မှာ ရေတွေက တော်တော်နဲ့မကျဘူး။ ရေစီးရေလာကောင်းမွန်ဖို့ရာ လိုအပ်နေပါသေးတယ်”ဟု မြို့ခံတစ်ဦးက ပြောသည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ တတိယမြို့တော်ဖြစ်ပြီး မြန်မာနိုင်ငံအထက် ပိုင်းတွင် အချက်အချာကျသော မြို့ကြီးတစ်မြို့လည်းဖြစ်၍ မြို့တွင်းရှိ ရေမြောင်းများ၊ ရေထွက်ပေါက်လမ်းများကို ကောင်းမွန် စေရန်နှင့် မိုးရေတင်ကျန်ခြင်းများမရှိစေရန် ပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူများက ပြောကြားလျက်ရှိသည်။

သန်းမောင်လေး

ကွမ်းခြံများ မိုးသီးထိ၍ ကွမ်းဈေးများ နှစ်ဆခန့်မြင့်တက်

မန္တလေး မေ ၃

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသီးများထိမှန်၍ ကွမ်းခြံများထိခိုက်ပျက်စီးမှုရှိခဲ့သဖြင့် ယခုရက်ပိုင်းအတွင်း ကွမ်းရွက်ဈေးနှုန်းများ နှစ်ဆခန့်မြင့်တက်လာကြောင်း မန္တလေးမြို့မှ ကွမ်းဖြန့်ချိရေးဒိုင်များမှ သိရသည်။

“မိုးသီးတွေက ထုထည်ကြီးမားပြီး အဆက်မပြတ်ကျလာတဲ့အတွက် ကွမ်းရွက်တွေပျက်စီးကုန်တာပါ။ သင်္ကြန်မတိုင်ခင် ပေါက်ဈေးထက် နှစ်ဆ ခုန်တက်သွားတယ်။ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးက ကွမ်းခြံတွေ အများဆုံးပျက်စီးသွားတာပါ” ဟု ရန်ကင်းကွမ်းဖြန့်ချိရေးမှ ကိုကျော်သင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်မှထွက်ရှိသော ကွမ်းဈေးနှုန်းမှာ သင်္ကြန်မတိုင်မီအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀သာ ရှိခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ခြံဖြတ်ဈေး ငွေကျပ် ၈၀၀၀အထိ မြင့်တက်ခဲ့သဖြင့် ကွမ်းဖြန့်ချိရေးဒိုင်များမှ လက်လီတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဈေးအထိ ဖြန့်ချိရောင်းချခဲ့ကြောင်း သိရသည်။

ကွမ်းဈေးကွက်အနေဖြင့် မိုးကြိုကာလရာသီတွင် အထွက်နှုန်းနည်းပြီး ဈေးမြင့်တက်တတ်သော်လည်း ယခုကဲ့သို့ ရာသီဥတုဆိုးရွားမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာသဖြင့် ဈေးနှုန်းများပိုမိုမြင့်တက်လာပြီး ဆက်လက်၍ မြင့်တက်ဖွယ်ရှိကြောင်း ပုသိမ်ကြီးမြို့နယ်မှ ကွမ်းစိုက်တောင်သူ ဦးမိုးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကွမ်းအများဆုံးစိုက်ပျိုးသည့်ဒေသများမှာ မတ္တရာ၊ ကျောက်ဆည်၊ ရေဦး၊ တန့်ဆည်၊ ရွှေဘို စသည့်မြို့များမှ အဓိကစိုက်ပျိုးကြပြီး ရေဦးနှင့် တန့်ဆည်ထွက်ကွမ်းများမှာ အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နှစ်ပေါင်း တစ်ရာကျော်သက်တမ်းရှိ စစ်တွေကန်တော်ကြီး ပြန်လည်ပြုပြင်

စစ်တွေ မေ ၃

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ အဓိက သောက်သုံးရေဖြန့်ဝေပေးနေသော နှစ်ပေါင်း ၁၀၇ နှစ်သက်တမ်းရှိ စစ်တွေကန်တော်ကြီးကို ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ပြည်နယ် ဆည်မြောင်းဦးစီးဌာနနှင့် JICA အဖွဲ့တို့ပူးပေါင်းပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

စစ်တွေကန်တော်ကြီး ပြုပြင်မှုလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၆၈ သန်းဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ကန်တော်ကြီးပြုပြင်ခြင်းလုပ်ငန်းများအဖြစ် ကန်အပြင်ဘက်နှင့် အတွင်းဘက်ကို အသေးစိတ်တိုင်းတာခြင်း၊ ကန်ပေါင်အတွင်းရှိသော အပင်များ၊ အမှိုက်သရိုက်များအား ဖယ်ရှားရှင်းလင်းခြင်း၊ ကန်တော်ကြီးကို အနက်ရှစ်ပေအထိရအောင် ပြန်လည်တူးဖော်ခြင်း၊ ကန်တော်ကြီးအသုံးပြုမည့်မြေကို ခြောက်လက်မခန့် မြေလှန်ခြင်း၊ ရေပိုလွှဲများပြုပြင်ခြင်း၊ ကန်တော်ကြီး အတွင်းပိုင်းမျက်နှာပြင်ကို ကျောက်ကြီးစီခြင်း၊ ကန်တော်ကြီး အပြင်ဘက်တွင် မြက်ပင်များစိုက်ပျိုးခြင်း၊ အရံကန်ငယ်များကို တာပေါင်မြှင့်ခြင်း စသည့်လုပ်ငန်းများအပြင် ရေသွင်းရေစုပ်စက်များကို ထရန်စဖော်မာများတပ်ဆင်ခြင်း၊ ကန်တော်ကြီးရေပေးဝေရေးစနစ်ရှိ ပိုက်လိုင်းများအား ၁၀ လက်မ၊ ၈ လက်မ၊ ၆ လက်မ ပိုက်များဖြင့် အစားထိုးလဲလှယ်ခြင်းစသည့်လုပ်ငန်းများကိုလည်း အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တွေကန်တော်ကြီးသည် ၁၉၀၆ ခုနှစ်က စတင်တူးဖော်ခဲ့သော ကန်တော်ကြီးဖြစ်ပြီး စစ်တွေမြို့ လူဦးရေ ၃၇၀၀၀ အား သောက်သုံးရေများဖြန့်ဝေပေးခဲ့သည်။ လက်ရှိအခြေအနေတွင် စစ်တွေမြို့၌ လူဦးရေသည် ၁၃၀၀၀၀ ကျော်အထိ ရှိလာပြီး မြို့ပေါ်ရပ်ကွက် ၃၂ ရပ်ကွက်ရှိလာရာ အဆိုပါရပ်ကွက်များအနက် ၂၉ ရပ်ကွက်ကို ရေဖြန့်ဝေပေး လျက်ရှိသည်။

ကန်တော်ကြီးကို စတင်တူးဖော်စဉ်က ၁၈ ပေခန့် အနက်ရှိပြီး အချိန်ကြာမြင့်လာသည်နှင့်အမျှ မြေသားများပေါ်လာခြင်း၊ ကျွန်းများဖြစ်ပေါ်ခြင်းကြောင့် ရေနေဧရိယာ နည်းပါးလာပြီး ရေအနက်မှာ ရှစ်ပေခန့်သာကျန်ရှိတော့သည်။ မြို့ပေါ်တွင် နေထိုင်သည့် လူဦးရေများပြားလာခြင်း၊ လူနေမှုစနစ်မြင့်မားလာပြီး ရေသုံးစွဲမှုစနစ်များ များပြားလာခြင်းကြောင့် နှစ်စဉ်နှစ်တိုင်း သောက်သုံးရေ မလုံလောက်မှုများ ဖြစ်လာသဖြင့် အရန်ကန်ငယ် ငါးကန်ကို တူးဖော်အားဖြည့်ကာ စစ်တွေမြို့သို့ ရေဖြန့်ဝေပေးနေရကြောင်း၊ ကန်တော်ကြီး ပြန်လည်ပြုပြင်ရန် တိုင်းတာခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံမှ JICA အဖွဲ့နှင့် ညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ပြီးနောက် ကန်ပြုပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ထွန်းက ပြောသည်။

ယခုဆောင်ရွက်နေသော ကန်တော်ကြီး အကြီးစားပြုပြင်ခြင်းလုပ်ငန်းအရ ကန်တော်ကြီးအပါအဝင် ကန်ငယ်ငါးခု စုစုပေါင်းဧရိယာ ၁၈၀ ဒသမ ၇၁ ဧကကို ပြန်လည်တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ စစ်တွေကန်တော်ကြီး၏ လက်ရှိ ရေသိုလှောင်နိုင်မှုပမာဏမှာ ၄၄၈ ဒသမ ၂၄ ဂါလန်သန်းရှိပြီး ပြုပြင်တူးဖော်မှုများ ပြီးစီးပါက ၎င်းရေပမာဏထက် ထပ်မံတိုးလာမည့် ပမာဏမှာ ၂၂၄ ဒသမ ၇၅ ဂါလန်သန်းအထိ ပိုမိုသိုလှောင်နိုင်မည်ဖြစ်၍ စစ်တွေမြို့ပေါ် ရပ်ကွက်များအတွက် ရေလုံလောက်စွာ ဖြန့်ဝေ ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့သည် ဒေသအနေအထားအရ ပင်လယ်နှင့်နီးကပ်သောကြောင့် သောက်သုံးရေအတွက် ဆည်ကြီးများ၊ တစ်ဖက်ပိတ်ဆည်များတည်ဆောက်၍ မိုးရေများသိုလှောင်ကာ ရေပေးဝေသည့်စနစ်ကို အဓိက အားထားနေရသော မြို့ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကန်တော်ကြီး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းငယ်များကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်ကာ နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်အနက် ၁၄ မြို့နယ်တွင် နှစ်အလိုက်စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်လာခဲ့ရာ ၁၁ မြို့နယ်မှာ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရန် သုံးမြို့နယ်သာ ကျန်ရှိနေကြောင်း သိရသည်။

မြတ်ဝေ

သီတဂူ ဗုဒ္ဓတက္ကသိုလ်စီမံကိန်းနှင့်ပတ်သက်၍ ဩဝါဒခံယူပွဲကျင်းပ

ကျွန်းလှ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှဒေသအတွင်းရှိ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စီမံကိန်း (Global Buddhist University Project)နှင့်ပတ်သက်၍ ကန့်ဘလူ၊ ကျွန်းလှဒေသဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြည်ညိုပွဲနှင့် သာသနဇောတိကဓဇဗ္ဗဇရိယ(Ph.D)ဘွဲ့ရဆရာတော်များအား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို မေ ၁ ရက်က အဆိုပါကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပင့်သံဃာ ၂၀၂ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး ကျွန်းလှမြို့ ကျွန်းရွှေဝါကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် လှူဖွယ်ဝတ္ထုငွေနှင့် ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ပူဇော်ပွဲဖြစ်မြောက်ရေးတာဝန်ခံ စစ်ကိုင်းမြို့ IBEC ဆရာတော် အရှင်သောဘိတက ဗုဒ္ဓတက္ကသိုလ် စီမံကိန်းနှင့် ဂုဏဝိသိဋ္ဌပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်လုပ်ငန်းများ ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် ကန့်ဘလူနှင့် ကျွန်းလှမြို့နယ် သံဃနာယကဆရာတော်များက ဩဝါဒမိန့်ကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပေးပို့သော သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို ကျွန်းလှမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းက ဖတ်ကြားလျှောက်ထားသည်။

အဆိုပါ ဂုဏဝိသိဋ္ဌပူဇော်ပွဲတွင် ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်တို့မှ သာသနဇောတိကဓဇဗ္ဗဇရိယဆရာတော် ၁၄၂ ပါး၊ Ph.D ဒေါက်တာဘွဲ့ရဆရာတော် ၁၂ ပါးရှိကြောင်းနှင့် ဆရာတော် ၂၀၂ ပါးအား တစ်ပါးလျှင် အလှူငွေ ကျပ် တစ်သိန်းစီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ပုပ္ပား စိန်တလုံးသရက်သီးမှည့်များ ဈေးကောင်းရ

ညောင်ဦး မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသရှိ စိန်တလုံးသရက်ခြံများမှ စိုက်ပျိုးထွက်ရှိသော သရက်သီးများ ညောင်ဦးမြို့ဈေးကွက်သို့ ပုံမှန်သရက်သီးမှည့်ပေါ်ချိန်ထက်စော၍ ဝင်ရောက်လာလျက်ရှိကာ ဈေးကောင်းရလျက်ရှိကြောင်း ညောင်ဦးမြို့ရှိ သရက်သီးရောင်းဝယ်သူများထံမှ သိရသည်။

"ဒီနှစ် ပုပ္ပားဘက်က စိန်တလုံးသရက်သီးတွေကို ကျွန်မတို့က ညောင်ဦးဈေးအတွင်း လာရောက်ရောင်းချတာပါ။ အရင်နှစ်က ဒီအချိန်မှာ သရက်သီးမှည့် မပေါ်သေးပါဘူး။ သရက်သီးက ဦးဦးဖျားဖျားပေါ်တာဆိုတော့ ဝယ်ယူစားသုံးတဲ့သူ တော်တော်ပေါ်တယ်။ သရက်သီးတစ်လုံးကို ၃၅၀ ကျပ်နှုန်းရောင်းတယ်။ တစ်ထောင်ဖိုးဝယ်ရင် သုံးလုံးက လေးလုံးအထိ ရောင်းပေးတယ်"ဟု ညောင်ဦးဈေး၌ သရက်သီး ရောင်းချနေသည့် ဈေးသည်တစ်ဦးကပြောသည်။

"ကျွန်တော်တို့ ပုပ္ပားဘက်က ရေမြေသဘာဝကိုက်ညီပြီး စိန်တလုံးသရက်ခြံတွေ စိုက်ပျိုးကြပါတယ်။ အခုနှစ် သရက်သီးမှည့်ချိန်နဲ့ လေတိုက်ချိန်ကိုက်ညီတော့ ဈေးကွက်စောင့်မရောင်းရတော့ဘူး။ အနာပါပြီးမှည့်တဲ့သဘောဆိုတော့ နီးစပ်ရာမြို့တွေကို ရောင်းရတယ်။ ပေါ်ဦးပေါ်ဖျားဆိုတော့လည်း ဈေးကောင်းတော့ ရောင်းရပါတယ်။ အခုနှစ် ကျွန်တော်တို့ သရက်သီးပေါ်ချိန်မှာ တောင်လေကြမ်းကြမ်း တိုက်ခဲ့တဲ့အတွက် တောင်သူတွေ တော်တော်နစ်နာပါတယ်"ဟု ပုပ္ပားဘက်မှ သရက်ခြံစိုက် တောင်သူတစ်ဦးက ပြောသည်။

ကျော်ဌေး(ညောင်ဦး)

ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း

သဲကုန်း မေ ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး စာအုပ်၊ စာစောင်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၉ ရက် နံနက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူတင်က စာအုပ်၊ စာစောင်များ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာအုပ်စာစောင်များ လှူဒါန်းပွဲဆက်လက်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ (SVA)ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့၊ ကျေးလက်ဦးစီးဌာန၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ စုပေါင်းလှူဒါန်းသော သုတ၊ ရသ၊ မဂ္ဂဇင်း၊ စာစောင်မျိုးစုံ ၄၈၆၆ အုပ်ကို စာကြည့်တိုက် ၂၂ တိုက်အတွက် တစ်တိုက်လျှင် ၈၃ အုပ်စီနှင့်ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်အုပ်စုစီအတွက် အုပ်ရေ ၈၀ တို့ကို တာဝန်ရှိသူက ပေးအပ်လှူဒါန်းရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်းထန်နေဆဲ ပရီးမီးယားလိဂ် ရာသီကုန်ပွဲစဉ်တွေ

မိုးမြင့်လင်းလက်

ပရီးမီးယားလိဂ်ပွဲစဉ်(၃၇)ကို မေ ၇ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ရာသီကုန်ပွဲစဉ်တွေအဖြစ် အသင်းတိုင်း ရေကုန်ရေခန်းကြိုးစားယှဉ်ပြိုင်နေရသလို ပွဲရလဒ်တွေကလည်း အတိမ်းအစောင်းမခံတော့တာမို့ ပွဲတိုင်းအရေးကြီးတဲ့အနေအထားရောက်ရှိနေပါတယ်။ ထိပ်တန်းအသင်းတွေရော အသင်းငယ်တွေပါ ရပ်တည်မှုအပြောင်းအလဲဖြစ်နိုင်တာမို့ ပရိသတ်တွေအတွက် မလွတ်တမ်းကြည့်ရှုအားပေးရမယ့်ပွဲတွေဖြစ်နေပြန်ပါတယ်။

လက်စတာနှင့် အဲဗာတန်

လက်စတာအတွက်တော့ အဲဗာတန်တို့က ပြိုင်ဘက်ကောင်းအဖြစ် ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ လက်စတာတို့ ဒီနှစ်ဘောလုံးရာသီမှာ ခြေစွာပြီး ပွဲတိုင်း တည်တည်ငြိမ်ငြိမ်နဲ့ကျော်ဖြတ်နေပေမယ့် အဲဗာတန်တို့ကတော့ လက်စတာကို ဘယ်လိုကစားရမယ်ဆိုတာ သိနေပါတယ်။ လက်စတာနဲ့ အဲဗာတန်တို့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲသရေကျပြီး တစ်ပွဲစီနိုင်ထားတာမို့ ရလဒ်မပြတ်သားပါဘူး။ လက်စတာကွင်းမှာ လက်ခံကစားခဲ့တဲ့ နောက်ဆုံးနှစ်ပွဲမှာ သရေပွဲနှစ်ပွဲစလုံးဖြစ်ခဲ့တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်သမိုင်းမှာ ဒီနှစ်သင်းဆုံတွေ့မှုကိုကြည့်ရင် လက်စတာက ၂၉ ပွဲနိုင်ပြီး အဲဗာတန်က ၃၄ ပွဲနိုင်ကာ သရေပွဲ ၃၀ ဖြစ်ထားခဲ့ပါတယ်။ လောလောဆယ်မှာ လက်စတာရဲ့ခြေစွမ်းကိုကြည့်ရင် မန်ယူကို တစ်ဂိုးစီသရေကစားခဲ့သလို ဆွမ်ဆီးကိုတော့ လေးဂိုးပြတ်နိုင်ပွဲရယူခဲ့ပါတယ်။ အဲဗာတန်တို့ကတော့ ရှုံးပွဲတွေများနေတာမို့ အိမ်ရှင်တို့ပဲ နိုင်ပွဲဆက်ဦးမယ့်အနေအထားပါပဲ။

ဗီလာနှင့် နယူးကာဆယ်

တန်းဆင်းဖို့ သေချာနေပြီဖြစ်တဲ့ ဗီလာဟာ အိမ်ကွင်းမှာ ဂုဏ်သိက္ခာအရ ကစားမယ့်အနေအထားပဲရှိပါတယ်။ နယူးကာဆယ်တို့ကတော့ တန်းဆင်းဇုန်က ရုန်းထွက်လာနိုင်ခဲ့ပေမယ့် ရပ်တည်မှုခိုင်မာအောင် နိုင်ပွဲရဖို့လိုအပ်နေပါတယ်။ ဒီပွဲမှာ အစဉ်အလာအရ အသာစီးလည်းရယူနိုင်ခဲ့တဲ့ နယူးကာဆယ်တို့ စွမ်းအားအပြည့်ထုတ်ပြီး အမှတ်ပြည့်ရရှိရေး အားထုတ်ပါလိမ့်မယ်။ မန်စီးတီး၊ လီဗာပူးတို့လိုအသင်းတွေကို သရေပွဲရအောင်ကစားနိုင်ခဲ့တဲ့ နယူးကာဆယ်ဟာ ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်တော့ရအောင်ယူပါလိမ့်မယ်။

ဆန်းဒါးလန်းနှင့် ချယ်လ်ဆီး

အရင်ကတော့ ချယ်လ်ဆီးကို ဆန်းဒါးလန်းတို့ အနိုင်ကစားနိုင်ခဲ့ပေမယ့် နောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲမှာတော့ ဆန်းဒါးလန်းတို့ ရှုံးပွဲတွေချည်းပဲကြုံတွေ့နေရပါတယ်။ တန်းဆင်းဇုန်ထဲမကျဆင်းအောင် ရုန်းကန်နေရတဲ့ ဆန်းဒါးလန်းတို့က ဒီပွဲမှာ အိမ်ကွင်းဖြစ်ပေမယ့် ချယ်လ်ဆီးကိုတော့ သိပ်မလွယ်ပါဘူး။ ဆန်းဒါးလန်းတို့က အိမ်ကွင်းမှာ မာကျောတာမို့ ချယ်လ်ဆီးတို့နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

နော့ဝှစ်ချ်နှင့် မန်ယူ

နော့ဝှစ်ချ်နဲ့ဆုံတိုင်း မန်ယူတို့နိုင်ပွဲတွေချည်းရယူနိုင်ခဲ့ပေမယ့် အခုနောက်ဆုံးတွေ့ဆုံခဲ့တဲ့ မန်ယူကွင်းမှာ နော့ဝှစ်ချ်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူထားပါတယ်။ ဒါပေမယ့် နော့ဝှစ်ချ်ရဲ့လောလောဆယ်ခြေစွမ်းကိုကြည့်ရင် နောက်ဆုံးသုံးပွဲရလဒ်က အားရစရာမရှိပါဘူး။ မန်ယူတို့ကတော့ ခြေစွမ်းပိုင်း အားရစရာမရှိပေမယ့် ရှုံးပွဲတော့မရှိတာမို့ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် မန်ယူတို့ အနိမ့်ဆုံးတစ်မှတ်တော့ ရယူနိုင်ပါလိမ့်မယ်။

ဘုန်းမောက်နှင့် ဝက်စ်ဘရွန်း

တစ်လှည့်စီအနိုင်ယူနေတဲ့အသင်းတွေမို့ အခုပွဲဟာ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဘုန်းမောက်ရဲ့ခြေစွမ်းက နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ ရှုံးပွဲတွေချည်းရရှိထားပါတယ်။ ပွဲကျပ်တွေဆက်တိုက်ဆင်နွဲနေရလို့ ပွဲပန်းနေတဲ့ ဘုန်းမောက်တို့က အခုပွဲမှာ ဝက်စ်ဘရွန်းရင်ဆိုင်ရမှာမို့ သိပ်တော့မလွယ်ပါဘူး။ ဝက်စ်ဘရွန်းတို့ကလည်း အဝေးကွင်းနိုင်ပွဲဆက်တိုက်ပျောက်ဆုံးနေတာမို့ အခုပွဲဟာ တစ်မှတ်စီခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်နှင့် စတုတ်

အက်ဖ်အေဖလားဗိုလ်လုပွဲရောက်ရှိနေတဲ့ ပဲလေ့စ်တို့က စတုတ်ကို သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ဒါပေမယ့် လက်ရှိအနေအထားအရ ပရီးမီးယားလိဂ်ထက် အက်ဖ်အေဖလားကို ပိုပြီးအလေးထားနေတဲ့ ပဲလေ့စ်တို့ဟာ စတုတ်ကို အကောင်းဆုံးရင်ဆိုင်ပြီး ခြေစွမ်းကောင်းမွန်မှုကို ပြသပါလိမ့်မယ်။ စတုတ်တို့ကတော့ လောလောဆယ်မှာ ဂိုးပြတ်ရှုံးပွဲတွေနဲ့ ကြုံတွေ့နေရတာမို့ အခုပွဲဟာ အိမ်ရှင်တို့ မျက်နှာပန်းလှနိုင်တဲ့ပွဲပါပဲ။

ဝက်စ်ဟမ်းနှင့် ဆွမ်ဆီး

ပထမအကျော့မှာ ဂိုးမရှိသရေဖြစ်ခဲ့တဲ့အတွက် ဒီပွဲမှာ ဝက်စ်ဟမ်းတို့ အိမ်ကွင်းလည်းဖြစ်တာကြောင့် အနိုင်ရရေး ခြေကုန်ဖွင့်ပါလိမ့်မယ်။ ယူရိုပါလိဂ်တစ်နေရာအတွက် တိုက်ပွဲဝင်နေတဲ့ ဝက်စ်ဟမ်းဟာ အခုပွဲမှာ ဆွမ်ဆီးကို ဖိအားပေးကစားမှာဖြစ်ပြီး သေချာတဲ့ခြေတစ်လှမ်းထပ်တိုးမှာဖြစ်ပါတယ်။ ဆွမ်ဆီးတို့ကတော့ တန်းဆင်းဇုန်ကလည်း လွတ်ကင်းနေပြီး အဝေးကွင်းမှာလည်း ပေးဂိုးများနေတာမို့ ဒီပွဲမှာ အကြိတ်အနယ်အားထည့်လာမှာတော့ မဟုတ်ပါဘူး။ ဒီပွဲမှာ အိမ်ရှင်တို့ သုံးမှတ်အပြည့်ရယူသွားတဲ့ပွဲဖြစ်ပါတယ်။ ။

အသင်းကြီးရဲ့ခြေစွမ်းကိုပြန်ရပြီဆိုတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းအနေနဲ့ ပရီးမီးယားလိဂ်ဖလားကို မကာကွယ်နိုင်ခဲ့သော်လည်း ကစားသမားတွေအနေနဲ့ အကောင်းဆုံးအဆုံးသတ်နိုင်ခဲ့တယ်လို့ နည်းပြ ဟစ်ဒင့်က ဂုဏ်ယူစွာ ချီးကျူးပြောဆိုလိုက်ပါတယ်။ ချန်ပီယံဆုဖလားနဲ့ လွဲချော်ခဲ့ရပေမယ့် ချယ်လ်ဆီးအသင်းကို အကောင်းဆုံးအနေအထားသို့ ပြန်ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့တယ်လို့ သူကဆိုပါတယ်။ ဒီဇင်ဘာလအတွင်းက ချယ်လ်ဆီးအသင်းဟာ ဆိုးရွားတဲ့အနေအထားတစ်ရပ်သို့ ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်အထက် တစ်မှတ်အသာနဲ့ ရပ်တည်နေရာမှ ယခုအခါမှာ အခြေအနေကောင်းတဲ့ အသင်းတစ်သင်းအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့ပြီဖြစ်ပါတယ်။ ပရီးမီးယားလိဂ်ဖလားကို ရယူဖို့ပြင်နေတဲ့ လက်စတာအသင်းအနေနဲ့ ရာသီကုန်နောက်ဆုံးပွဲအဖြစ် ချယ်လ်ဆီးအိမ်ကွင်း စတမ်းဖို့ဒ်ဘရစ်ကို လာရောက်ကစားရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားဖို့ ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။ အမြင့်ဆုံးသော အောင်မြင်မှုကတော့ ဖလားရဖို့ကြိုးစားနေတဲ့ စပါးအသင်းကို ဟန့်တားနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ စပါးအသင်းဟာ ၂၆ နှစ်တာအတွင်း စတမ်းဖို့ဘရစ်မှာ ချယ်လ်ဆီးကို အနိုင်ရအောင်ကစားနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ချယ်လ်ဆီးအသင်းဟာ ရာသီအကုန်မှာ အသင်းကြီးတစ်သင်းရဲ့ခြေစွမ်းကို ပြန်လည်ရရှိသွားပြီလို့ ဆိုပါတယ်။

မန်စီးတီးနဲ့ပွဲမှာကစားဖို့ စီရော်နယ်ဒိုလေ့ကျင့်နေပြီ

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့မှာ လွဲချော်ခဲ့တဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ဗုဒ္ဓဟူးနေ့မှာ မန်စီးတီးနဲ့ပွဲမှာ ပါဝင်ကစားနိုင်ဖို့ လေ့ကျင့်မှုတွေ ပြန်လည်ပြုလုပ်နေပြီလို့ဆိုပါတယ်။ စီရော်နယ်ဒိုဟာ ဧပြီ ၂၀ ရက်ကတည်းက ဗီလာရီးရဲကို သုံးဂိုးပြတ်နဲ့အနိုင်ရတဲ့ပွဲမှာ ပေါင်ခြံဒဏ်ရာကြောင့် ပြိုင်ပွဲတွေနဲ့ လွဲချော်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာလည်း ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ မန်စီးတီးနဲ့ ရီးရဲမက်ဒရစ်တို့ဟာ ပထမအကျော့မှာ ဂိုးမရှိ သရေနဲ့အဆုံးသတ်ထားခဲ့တာပါ။ သို့ပေမယ့် ရီးရဲမက်ဒရစ်ကတော့ မန်ချူရယ်ပဲလီဂရီနီရဲ့လူတွေနဲ့ ဘာနေဗျူးမှာ မဆုံတွေ့မီ လေ့ကျင့်ရေးကွင်းသို့ ပြန်လာပြီလို့ ကြေညာလိုက်ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စီရော်နယ်ဒိုဟာ ခြေစွမ်းပြကစားနေဆဲပါ။ သူဟာ စပိန်လာလီဂါမှာ ၃၁ ဂိုးသွင်းယူထားသူပါ။ ချန်ပီယံလိဂ်မှာလည်း ၁၀ ပွဲကစားရာမှာ ၁၆ ဂိုးအထိ ဂိုးအများဆုံးသွင်းထားသူဖြစ်ပါတယ်။ လာမယ့် ချန်ပီယံလိဂ်ပွဲမှာ စီရော်နယ်ဒို ပါဝင်ကစားနိုင်ရေးဟာ ရီးရဲမက်ဒရစ်အတွက် အလိုအပ်ဆုံးဖြစ်နေတာပါ။ သူ့ရဲ့ခြေစွမ်းကို ရီးရဲပရိသတ်တွေက စောင့်မျှော်နေတာပါ။

လက်စတာ ပရီးမီးယားလိဂ်ဖလားရဖို့ စောင့်ကြည့်မှာ မဟုတ်ဘူးလို့ ရာနီရာရီဆို

လက်စတာနည်းပြ ရာနီရာရီအနေနဲ့ သူ့ရဲ့အသင်းဟောင်း ချယ်လ်ဆီးနဲ့ပွဲမှာ ပြိုင်ပွဲကိုစောင့်ကြည့်ပြီး ပရီးမီးယားလိဂ်ဖလားရယူဖို့ထက် အီတလီမှာရှိတဲ့ အသက် ၉၆ နှစ်အရွယ် သူ့မိခင် ရေနာတာရဲ့ ကျန်းမာရေးကို စောင့်ကြည့်ဖို့အတွက် အီတလီမှာရှိမယ်လို့ ဆိုပါတယ်။

ကျွန်တော်ဟာ ကျွန်တော့်မိခင်ကျန်းမာရေးအတွက် အီတလီကိုမပြန်လို့ မဖြစ်ပါဘူး။ မိခင်ဖြစ်သူနဲ့အတူ နေ့လယ်စာစားဖို့ရှိပါတယ်လို့ နည်းပြ ရာနီရာရီကဆိုပါတယ်။ မြေခွေးတွေလို့ တင်စားခေါ်ဝေါ်တဲ့ လက်စတာအသင်းဟာ လာမယ့်တနင်္ဂနွေနေ့မှာ ပရီးမီးယားလိဂ်ဖလားကို ရယူသွားဖွယ်ရှိနေပါတယ်။ စတမ်းဖို့ဒ်ဘရစ်မှာ စပါးအနေနဲ့ နိုင်ပွဲရအောင်မကစားနိုင်ဘူးဆိုရင် လက်စတာတို့ ဖလားရယူမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ လက်စတာက မန်ယူနဲ့ တစ်ဖက်တစ်ဂိုးစီသရေကျပြီး ရမှတ်ရှစ်မှတ်နဲ့ ဦးဆောင်နေတာဖြစ်ပါတယ်။ လက်စတာအနေနဲ့ ပရီးမီးယားလိဂ်ဖလားကိုရဖို့ လက်တစ်ကမ်းအလိုသို့ ရောက်ရှိသွားပြီဖြစ်ပါတယ်။ ။

ကောင်းမြတ်သူ ➤ စုစည်းသည်

ကသာမြို့နယ်တွင် ရေယာဉ်ဆိပ်ကမ်းကပ်ခနှင့် စုပုံခွန်ကောက်ခံရေးဆွေးနွေး

ကသာ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် မြို့ဆိပ်ကမ်းများသန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်ချက်အရ ရေယာဉ်ဆိပ်ကမ်းကပ်ခ ၊ စုပုံခွန် ၊ ကမ်းပါးတာရိုး မော်တော်ယာဉ်ရပ်နားခ စသည့် အခွန်အခများကို ကောက်ခံခွင့်လိုင်စင် ရရှိသူနှင့် ဒေသခံ ကုန်တင်ကုန်ချအလုပ်သမားများ လုပ်ငန်းရှင်များ ဧပြီ ၃၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ ဒေသခံ လုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။ စည်ပင်သာယာရေးဌာန၊ ပို့ဆက်ဌာန၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကောက်ခံခွင့်ပြုမိန့်ရ တင်ဒါအောင်မြင်သူများနှင့် ကျေးရွာများမှ ကောက်ခံခြင်းများ ထပ်နေသဖြင့် လုပ်ငန်းရှင်များအပေါ် ဝန်ထုပ်ဝန်ပိုးများပြားလာစေသောကြောင့် ကုန်တင်ကုန်ချအဆင်ပြေချောမွေ့စေရေးအတွက် အခွန်ကောက်ခံရာတွင် မည်သူ့ကို ပေးဆောင်ရမည်ကို ရှင်းလင်းစွာသိရှိလိုနေကြကြောင်း ဒေသခံလုပ်ငန်းရှင်များက ဆွေးနွေးခဲ့သည်။

အခွန်တင်ဒါအောင်မြင်သူများကလည်း ကသာမြို့နယ် ဆိပ်ကမ်းနယ်မြေ(၃)နေရာတွင် ပေးဆောင်ရမည့် သတ်မှတ်ဆိပ်ကမ်းခအခွန်၊ ကုန်ပစ္စည်းများကို ဆိပ်ကမ်းနယ်နိမိတ်ကမ်းပါးနေရာများတွင် စုပုံခွန်နှင့် ဆိပ်ကမ်းနယ်နိမိတ်တစ်လျှောက် ကမ်းပါးထိပ်မှ ကုန်းတွင်းပိုင်း မော်တော်ယာဉ်ရပ်နားခွန်များ ကောက်ခံမည့်ပုံစံများကို ဆွေးနွေးခဲ့သည်။ ကသာမြို့တွင် အခွန်ကောက်ခံမည့် ပုံစံနှင့်ပတ်သက်၍ ပြည်သူကိုကိုယ်စားပြုသည့် ပုံစံဖြစ်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက လေ့လာဆန်းစစ်ပေးရန် ဒေသခံလုပ်ငန်းရှင်အချို့က လိုလားလျက်ရှိကြောင်း သိရသည်။

ငွေအိုး(ကသာ)

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲ တပ်ဖွဲ့ဝင်များ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကညန၊ စည်ပင်နှင့် ကြက်ခြေနီများ စုပေါင်း၍ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေပေးကာ ဆိုင်ကယ်စီးဦးထုပ်များကို ဝေငှပေးခြင်းတို့ကို မြို့မဈေးရှေ့၌ ဧပြီ ၃၀ ရက်က ဆောင်ရွက်စဉ်
ခွန်(ဝင်းပ)

လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

မောက်မယ် မေ ၃

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ဧပြီ ၃၀ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၂၀ ကျော်ခန့် အမိုးများလန်ကျပျက်စီးခဲ့ရာ အဆိုပါနေအိမ်ပျက်စီးခဲ့သော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁ ရက်က ပေးအပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က လေဘေးကြောင့် ပြည်သူများ၏ နေအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းက အမှာစကားပြောကြားကာ လေဘေးသင့်ပြည်သူများအတွက် ခုနစ်ပေသွပ် အချပ် ၅၀၀ နှင့် သွပ်ရိုက်သံ ၃၂ ပိဿာကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လင်းခေးအခြေချစစ်ဗျူဟာမှူးနှင့် စစ်ဘက်ဆိုင်ရာ အရာရှိအရာခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လေဘေးသင့်နေရာများသို့ သွားရောက်ကြည့်ရှုကာ လေဘေးသင့်ပြည်သူများအား အားပေးခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးရဲအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းစစ်ဆေး

ပြင်ဦးလွင် မေ ၃

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးကြည်သိန်းသည် ဧပြီ ၃၀ ရက်က ပြင်ဦးလွင်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့အချုပ်ခန်းအား ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၈၊ ပြည်ထောင်စုလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ်(၅/၂၀၁၃)တို့နှင့်အညီ သွားရောက်ကြည့်ရှုစစ်ဆေး၍ အချုပ်ခန်းတရားခံများဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး၊ အချုပ်တရားခံများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ မရှိ ကျန်းမာရေးပြည့်ဝမှု ရှိ မရှိ၊ မကျန်းမာပါက ဆေးစစ်ဆေးကုသရန် အခွင့်အရေး ရှိ မရှိ၊ အမျိုးသမီးအချုပ်တရားခံများအား လုံခြုံစွာထားခြင်းရှိ မရှိ၊ အချုပ်တရားခံများအပေါ် ညှဉ်းပန်းနှိပ်စက်မှု၊ မတရားပြုမှု ရှိ မရှိနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တရားလွှတ်တော်တရားသူကြီးသည် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တရားရုံးရှိ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ကျေးဇူးတင်လွှာ

သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင် ဖွင့်ပွဲအခမ်းအနားသို့

ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပါသော အကယ်ဒမီဖွေးဖွေး နှင့် အနုပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ နှင့် ဝယ်ယူအားပေးကြသော ရွှေချစ်သူများ အားလုံးတို့ကို ကျေးဇူး ဥပကာယ အထူးတင်ရှိပါသည်။

သိဒ္ဓိဝင် မိသားစု

ရေပြတ်လပ်နေသောကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

ထားဝယ် မေ ၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းမှ အယ်နီညိုရာသီဥတုဒဏ်ကြောင့် သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရသော ကျေးရွာများသို့ သောက်သုံးရေများကို ဌာနဆိုင်ရာများနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ရေပြတ်လပ်နေသော ကျေးရွာတစ်ရွာဖြစ်သည့် ခမောက်ကြီးမြို့နယ်ခွဲ ချောင်းဝကျေးရွာသို့ သောက်သုံးရေဂါလန် ၄၄၀ ကို ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရိန်ထွန်းနှင့် ဝန်ထမ်းများ၊ ကော့သောင်းခရိုင် လူမှုရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးအာကာကိုကိုနှင့် ဝန်ထမ်းများ၊ Friends Donation Group ပရဟိတအဖွဲ့ဝင်များ ပူးပေါင်း၍ ဧပြီ ၃၀ ရက်က သွားရောက်လှူဒါန်းခဲ့သည်။ ချောင်းဝကျေးရွာသည် ပါချန်မြစ်ကမ်းတွင် တည်ရှိပြီး အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်လျက်ရှိကာ လိုအပ်သောရေကို တစ်ဖက်ထိုင်းနိုင်ငံမှ သယ်ယူသုံးစွဲနေရကြောင်း၊ သောက်ရေ ၂၀ လီတာဝင်တစ်ဘူးကို ၁၀ ဘတ်နှုန်းဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း သိရှိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီဒီယာရှင်းလင်း

စစ်တွေ မေ ၃

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲကို ဧပြီ ၃၀ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဝေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ပြည်နယ်အတွင်း ရေပေးရေးလုပ်ငန်းများအဖြစ် မြို့နယ် ၁၃ မြို့နယ်ရှိ ကျေးရွာ ၄၁ ရွာတွင် ရေကန် ၃၁ ကန်၊ လက်တူးတွင်းနှစ်တွင်း၊ စိမ့်စမ်း ခုနစ်ခု၊ အခြားလုပ်ငန်း နှစ်ခုတို့ကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပေါက်တောနှင့် ကျောက်တော်မြို့နယ်များမှအပ မြို့နယ် ၁၅ မြို့နယ်ရှိ ကျေးရွာ ၁၁၀ တွင် လက်တူးတွင်း ၁၁၇ တွင်းကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းလုပ်ငန်းများအဖြစ် ကျောက်ဖြူမြို့နယ် ပြွန်ခေါင်ချောင်းတံတားမှ ကျွဲတဲကျေးရွာသွားလမ်း (၀/၇)မိုင်ကိုလည်းကောင်း၊ တံတားလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် စစ်တွေခရိုင်အတွင်းမှ အရှည် ၁၀၄ ပေရှိ ကွန်ကရစ်တံတား ခုနစ်စင်း၊ အရှည် ပေ ၅၀ ရှိ သစ်သားတံတား တစ်စင်း၊ မြောက်ဦးခရိုင်အတွင်းမှ အရှည် ၆၅ ပေရှိ ကွန်ကရစ်တံတား လေးစင်း၊ အရှည် ၁၉ ပေရှိ သစ်သားတံတား တစ်စင်း၊ မောင်တောခရိုင်အတွင်းမှ အရှည် ၆၉ ပေရှိ ကွန်ကရစ်တံတားငါးစင်း၊ ကျောက်ဖြူခရိုင်အတွင်းမှ အရှည် ၆၅ ပေရှိ ကွန်ကရစ်တံတား သုံးစင်း၊ သံတွဲခရိုင်အတွင်းမှ အရှည် ၁၁၈ ပေရှိ ကွန်ကရစ်တံတား ခြောက်စင်းကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်မည့် ကျေးလက်လမ်းလုပ်ငန်းများအဖြစ် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်းလုပ်ငန်းများ၊ ကျေးလက်တံတားလုပ်ငန်းများအဖြစ် အရှည်ပေ ၅၄၀ ရှိ ကွန်ကရစ်တံတား ၂၇ စင်းကိုလည်းကောင်း၊ အရှည် ၃၃၅ ပေရှိ ရေပွန် ၆၆ စင်းကိုလည်းကောင်း၊ ရေပေးရေးလုပ်ငန်းများအဖြစ် မြေသားရေကန် ၁၂၇ ကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၅ ခုကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးလျက်ရှိသော ကျေးရွာပေါင်း ၉၃ ရွာအတွက် သောက်သုံးရေများကိုလည်း ၄၇၁ ကြိမ်အထိ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကာ UNICEF၊ ICRC စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်နယ်အတွင်းရှိ ကုမ္ပဏီများမှ စုပေါင်းလှူဒါန်းထားသည့် ရေစုပ်စက် ၁၀၁ လုံးနှင့် ရေသန့်စက် အလုံး ၂၀ တို့ကိုလည်း မြို့နယ် ၁၇ မြို့နယ်သို့ ဖြန့်ဝေပေးခဲ့ကြောင်း အဆိုပါ ရှင်းလင်းပွဲမှ သိရသည်။

မြတ်ဝေ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဘိုသန်း- ဒေါ်သန်းကြည်တို့၏သမီး မဇွန်ပွင့်(ခ)သီတာအေးသည် မိဘဆုံးမစကားနားမထောင်ဘဲ မိမိဆန္ဒအတိုင်းပြုမူသွားပါသဖြင့် ပိုင်ဆိုင်သမျှအားလုံး သူနှင့် မသက်ဆိုင်တော့ပါကြောင်း၊ ယနေ့မှစပြီး သူနှင့် ပတ်သက်သမျှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဘိုသန်း-ဒေါ်သန်းကြည်

ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၁၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင်ဘိုလစ်ဒေါ်ရီရီလှ၏အရောင်းမြေပုံကူးတွင်ဒေါ်ရီရီလှ(၁၂/ဥပမ(နိုင်)၀၅၅၂၉၈)အစား(၁၂/ဥကမ(နိုင်)၀၅၅၂၉၈)ဟုပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းကျော်စွာ ၁၂/တမန(နိုင်)၁၀၄၄၀၀သည် ဦးထွန်းချို ၁၂/သဃက(နိုင်)၀၉၀၁၃၇၊ ဦးချစ်ဆွေ S/DGNMTT-000122၊ ဦးအောင်ဇော်ဇော် PZDG-008975 တို့ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မင်းရဲကျော်စွာ(၇)လမ်း၊ အမှတ်(၁၁၃) နှစ်(၆၀) မြေငှားဂရန်ဟု ခေါ်တွင်သည့် မြေကွက်ပေါ်၌ ဆောက်လုပ်သည့် သုံးခန်းတွဲ ငါးထပ်တိုက်၊ RCတိုက်သစ်၏ အလျား ၁၂½ပေ×အနံ ၅၂ ပေ၊ ငါးလွှာ၊ အပေါ်ဆုံးထပ်(ခြေရင်းခန်း)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့်ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာမှတ်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်ခင် LL.B, D.I.L — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**

ဒေါ်မြူစင်သန့် LL.B, D.B.L — **အထက်တန်းရှေ့နေ(စဉ်-၄၀၁၄၄)**

တိုက်(၂၁၂)၊ အခန်း(၁၁)၊ အရှေ့ရန်ကင်း၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆၊ ၀၉-၄၂၁၀၉၁၀၃၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/9190 Nissan Diesel Tractor Head(6x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာစိုး ၃/ဘအန(နိုင်)၀၅၂၆၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးခေါင့်ကန်မြေကွက်အမှတ်(၅၂၁) မြေကွက်တည်နေရာအမှတ်(၂၄၂)ကန်တော်လမ်းလေးခေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဦးအင်္ဂါ(ISN-၁၆၀၃၁၈)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးအင်္ဂါထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူထားသူဒေါ်စိန်စိန်(၁၂/သဃက(နိုင်)၀၉၈၁၃၅)ကပါမစ်မူရင်း(မပြည့်စုံ)ဖြင့်တင်ပြ၍ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် ၂၈၄/က၊ မြေကွက်တည်နေရာအမှတ် ၂၈၄/က၊ ပင်းယ ၁၂လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးရွှေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့်၁၀'×၆၀' ဝယ်ယူထားသူ ဦးအေးသောင်း ၁၂/ဥကတ(နိုင်)၀၉၂၂၂၆နှင့် ကျန် ၁၀'×၆၀' ဝယ်ယူထားသူ ဒေါ်သန်းသန်းဌေး ၁၂/ဥကတ(နိုင်)၀၉၂၂၂၉မှ ပူးတွဲ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ် ၁၁(ပထမထပ်) ခေါင်းရင်းနှင့် ခြေရင်းခန်းနေ ဖခင် ဦးစိုးတင့် ၁၂/တမန(နိုင်)၀၃၅၉၃၇နှင့် မိခင်ဒေါ်သီတာစိန် ၁၂/တမန(နိုင်)၀၆၃၂၁၉တို့၏သား မောင်တေဇာအောင် ၁၂/စခန(နိုင်)၀၅၉၀၆၉သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏ငွေကြေးကိစ္စ အရှုပ်အရှင်းများကို မိဘနှစ်ပါးနှင့်ဆွေမျိုးများက အကြိမ်ကြိမ်တာဝန်ယူဖြေရှင်းပေးနေရပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ နောက်နောင် မောင်တေဇာအောင်၏ မည်သည့်ငွေကြေးကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သီတာဦး LL.B

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၀၀)

အမှတ် ၄၃၊ ဓမ္မစိန္တာလမ်း၊ မြေညီထပ်(ခေါင်းရင်း)၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၉၇၀၆၀

3G

Sim Card ကိုစသုံးပြီး ငွေဖြည့်လက်ဆောင် ၅၀၀ ကျပ် ချက်ချင်းရယူပါ

၁၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်ထိ ငွေဖြည့်ပြီး အပိုဆုငွေ ၁၂၀၀၀ ကျပ်ထိ ရယူလိုက်ပါ

SIM CARD အဖွင့်လက်ဆောင်

အပိုဆုငွေတွေ ၄ လ ဆက်တိုက် ရမှာမို့ အရင်ကထက်ပိုသုံးနိုင်ပါပြီ။

ငွေဖြည့်ပမာဏ	ပထမလ အပိုဆုငွေ	ဒုတိယလ အပိုဆုငွေ	တတိယလ အပိုဆုငွေ	စတုတ္ထလ အပိုဆုငွေ
၁၀၀၀ ကျပ်	၂၀၀ ကျပ်	၂၀၀ ကျပ်	၂၀၀ ကျပ်	၂၀၀ ကျပ်
၃၀၀၀ ကျပ်	၁၀၀၀ ကျပ်	၅၀၀ ကျပ်	၅၀၀ ကျပ်	၁၀၀၀ ကျပ်
၅၀၀၀ ကျပ်	၂၀၀၀ ကျပ်	၁၀၀၀ ကျပ်	၁၀၀၀ ကျပ်	၂၀၀၀ ကျပ်
၁၀၀၀၀ ကျပ်	၄၀၀၀ ကျပ်	၂၀၀၀ ကျပ်	၂၀၀၀ ကျပ်	၄၀၀၀ ကျပ်

၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။

- ဤအစီအစဉ်သည် MPT အချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် မက်ဆေ့ချ် ပေးပို့ခြင်း၊ သုံးသလောက်သာကျသင့်မည့်အင်တာနက်စနစ် (PAYG) တို့အတွက် အသုံးပြုနိုင်ပါသည်။
- ငွေဖြည့်ကတ်၊ E-top up ၂ မျိုးလုံးဖြင့် ငွေပြန်လည်ဖြည့်သွင်းနိုင်ပါသည်။
- ဒုတိယလမှ စတုတ္ထလအတွင်း အနည်းဆုံး ၁၀၀၀ ကျပ် ဖုန်းငွေပြန်လည် ဖြည့်သွင်းမှသာ အပိုဆုငွေ ရရှိနိုင်ပါမည်။
- MPT Sim Card ဝယ်ယူအသုံးပြုသူတိုင်း အပိုဆုငွေရရှိနိုင်ပါသည်။
- ပထမလအတွက် ငွေဖြည့်အပိုဆုအပါအဝင် ကျန်ရှိသည့် (၃) လအတွက် ငွေဖြည့်အပိုဆုများသည် ပထမအကြိမ် ငွေဖြည့်သွင်းသည့် ပမာဏပေါ်မူတည်ပါသည်။
- Sim Card စတင်အသုံးပြုသည့် အချိန်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပထမအကြိမ်ငွေဖြည့်သွင်းရပါမည်။

ဤအစီအစဉ်ကို ၂၀၁၆ ခုနှစ် မတ်လ (၁၁) ရက်မှ ပရိုမိုးရှင်းပြီးဆုံးကြောင်း မကြေညာခင်အချိန်ထိ အသုံးပြုနိုင်ပါသည်။

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

ယခုပဲ နိုင်ငံတစ်ဝန်းမှာရှိတဲ့ နီးစပ်ရာ MAB အေးဂျင့် နှင့် MAB ဘဏ်ခွဲများသို့ အရောက်သွားပြီး ရိုးရှင်းမြန်ဆန်သော မှတ်ပုံတင်ခြင်းနှင့် အတူ MAB မိုဘိုင်းဘဏ်၏ငွေကြေးနှင့် အခြားဝန်ဆောင်မှုများကို စတင်သုံးစွဲလိုက်ပါ။

မြန်မာ့ရှေ့ဆောင်ဘဏ် ® အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

INVITATION FOR OPEN TENDER (3/2016)
TENDER NO. MPPE/HSD/T/1(2016-2017)

1. Open Tender is invited for the Myanma petroleum Products Enterprise, Ministry of Electricity and Energy for the supply of High Speed Diesel (423,000 ± 10% Barrels)

2. **Tender Closing Date & Time** - 19-5-2016, 12:00 Hrs

3. **Tender Opening Date & Time** - 19-5-2016, 13:00 Hrs

4. **Delivery Time** - June 2016 to September 2016

5. Tender documents and details information are available at the Department of finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 2-5-2016 on payment of Myanmar Kyat One Hundred Thousand (Kyats 100000) per set.

6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Electricity and Energy
No(6) Complex, Nay Pyi Taw

Contact Phone No.
067-411487/ 411486/ 411280

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
ဆေးတက္ကသိုလ်(၂) ရန်ကုန်
ဆေးပညာဒီပလိုမာဘွဲ့လွန်သင်တန်းများ
ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

ဆေးပညာဒီပလိုမာ(Dip. Med.Sc) သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ	၁ နှစ်
(ခ)	ကလေးကျန်းမာပညာဒီပလိုမာ	။
(ဂ)	ရောဂါဗေဒဒီပလိုမာ	။
(ဃ)	မေ့ဆေးပညာဒီပလိုမာ	။
(င)	ဓာတ်မှန်ပညာဒီပလိုမာ	။

ဝန်ထမ်းဆရာဝန်များအတွက် လိုအပ်သောအရည်အချင်းများ
(က) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်၊
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်၊
(ဂ) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် မိမိတာဝန်ကျရာဌာနနှင့်ဒေသတွင် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
ပြင်ပဆရာဝန်အတွက် လိုအပ်သောအရည်အချင်းများ
(က) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်၊
(ခ) လက်ရှိတရားဝင်ဆရာဝန်မှတ်ပုံတင်(ဆမ) ကိုင်ဆောင်ထားပြီး (ဆမ) သက်တမ်းတိုးရှိပြီးသူလည်းဖြစ်ရမည်၊
(ဂ) သတ်မှတ်ထားသော ဘွဲ့လွန်သင်တန်းကြေးများကို ပေးသွင်းရမည်။
၂။ မိမိတက်ရောက်ပညာသင်ကြားလိုသော ဘာသာရပ်ကို တိကျစွာ ဖော်ပြလျှောက်ထားရမည်။
၃။ လျှောက်လွှာပိတ်ရက်မှာ ၃၁-၅-၂၀၁၆ ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။
၄။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဆေးတက္ကသိုလ်(၂)ရန်ကုန်၌ ၁၄-၆-၂၀၁၆ ရက် (အင်္ဂါနေ့)တွင် ထုတ်ပေးမည်။
၅။ ဝန်ထမ်းဆရာဝန်များအနေဖြင့် လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူတစ်စောင်ကို ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ပြင်ပဆရာဝန်များအနေဖြင့် လျှောက်လွှာကို ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။
၆။ ဝင်ခွင့်စာမေးပွဲစစ်ဆေးမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဖြေဆိုရမည့်ရက်	ဖြေဆိုရမည့်နေရာ	ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၂၀-၆-၂၀၁၆ (တနင်္လာနေ့)	ဆေးတက္ကသိုလ်(၂) ရန်ကုန်	အင်္ဂလိပ်စာ	၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီ
		ကျွမ်းကျင်ဘာသာရပ် (MCQ)	၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီ

၇။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူစာရင်းထုတ်ပြန် ကြေညာသည့်အခါတွင် ဖော်ပြပါမည်။
၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ ဝန်ထမ်းဆရာဝန်များသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ဝိ/-(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း၊ ပြင်ပ ဆရာဝန်များသည်ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(မြောက်ဥက္ကလာပ)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၂၃၃သို့ ပေးသွင်းရမည်။
[**မှတ်ချက်** ။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (မြောက်ဥက္ကလာပ)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၂) ရန်ကုန် ငွေစာရင်းအမှတ် MD-၀၁၀၂၃၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။]
၉။ အသေးစိတ်အချက်အလက်များကို ပါမောက္ခချုပ်ရုံး ဖုန်း-၉၆၉၉၈၅၂၊ ၉၆၉၀၁၂၇၊ ၉၆၉၀၁၂၈ လိုင်းခွဲ ၂၂၉၊ ၂၃၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
၁၀။ Web:www.um2ygn.gov.mm ဝင်ရောက် ကြည့်ရှုစုံစမ်းနိုင်ပါသည်။

ဆေးတက္ကသိုလ်(၂) ရန်ကုန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ဘွိုင်လာစစ်ဆေးရေး
ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်းကို ၃၀-၅-၂၀၁၆ ရက် မှ ၈-၇-၂၀၁၆ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာ ဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသူ မည်သူမဆို ၂၇-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန - အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၂၅၉၀၉၄၅၀၉၊ ၀၉-၅၅၀၇၀၀၉

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၂၅၅၀၊ ၂၂၅၅၁၊ ၂၁၆၁၇ တို့သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်-
၃။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၄-၂၀၁၆ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် လမ်းတံတားတည်ဆောက်ရေးနှင့် လိုအပ်သောအချက်အလက်ပုံစံ တင်ဒါအာမခံကြေးပေးသွင်းမှုချလန်နှင့် ဈေးနှုန်းများပြည့်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ၊ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ၂၅-၅-၂၀၁၆ ရက် ညနေ ၆ နာရီ နောက်ဆုံးထားပြီး တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် တင်ဒါပုံစံများကို ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး(ဟားခါးမြို့)တွင် ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ဖုန်း-၀၇၀-၂၂၅၅၀၊ ၂၂၅၅၁၊ ၂၁၆၁၇

ကယားပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ကတ္တရာလမ်း	(၈/၂.၇၀၀)မိုင်
(ခ)	ကျောက်လမ်း	(၀/၂.၀၀၀)မိုင်
(ဂ)	မြေလမ်း	(၅/၂.၄၈၀)မိုင်
(ဃ)	သစ်သားတံတား	(၇၀)ပေ
(င)	ရေကျော်	(၂၇၅)ပေ
(စ)	ကွန်ကရစ်တံတား	(၂၁.၅၀)ပေ
(ဆ)	Box Culvert	(၃၅)ပေ
(ဇ)	စိမ့်စမ်း	(၅)ခု
(ဈ)	အခြား(ရေပေးရေး)	(၁၀)ခု
(ည)	မြေသားကန်	(၁)ကန်

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသောလုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ် ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူ Profile တင်ပြရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၅-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၅-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက် ပိုမို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။
၅။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပါသည်။
၆။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်း-၀၉-၂၆၂၇၂၂၈၀၇၊ ၀၉-၂၅၄၆၀၃၁၆၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘုန်းမြင့်ကျော် ၁၂/ကတန(နိုင်)၁၁၂၈၀၂၏ နိုင်ငံကူးလက်မှတ် M-၈၉၄၉၃၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၀၀၂၇၉၂၊ ၀၉-၄၂၀၂၃၅၉၇၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော အမှတ်စဉ်(က၊ခ၊ဂ)ပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူခြင်းနှင့် အမှတ်စဉ်(ဃ)ပါ Transformer နှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန်မှ မန္တလေးမြို့သို့ သယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	တင်ဒါပုံစံရောင်းချမည့်ရက်	တင်ဒါပိတ်ရက်/အချိန်
(က)	1-6(T)/MESC / 2016-2017	Engine Oil(10 Drums)	၂-၅-၂၀၁၆	၁၃-၅-၂၀၁၆ ၁၃း၀၀နာရီ
(ခ)	1-7(T)/MESC / 2016-2017	Transformer Oil (20 Drums)	၂-၅-၂၀၁၆	၁၃-၅-၂၀၁၆ ၁၃း၀၀နာရီ
(ဂ)	1-8(T)/MESC / 2016-2017	Video Camera(1No), Camera(1No), Recorder (1 No)	၂-၅-၂၀၁၆	၁၃-၅-၂၀၁၆ ၁၃း၀၀နာရီ
(ဃ)	5-1(T)/MESC / 2016-2017	132/11KV, 45MVA Power Transformer & Accessories (144.58 Tons) သယ်ယူခြင်း	၂-၅-၂၀၁၆	၉-၅-၂၀၁၆ ၁၃း၀၀နာရီ

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၇၇လမ်း၊ ၂၆×၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၇၃၈၀၁

ကြော်ငြာဆိုင်းဘုတ် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၉-၅-၂၀၁၆ ရက်မှ ၂၀-၅-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်ဆက်သွယ်၍လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ Website (www.ycdc.gov.mm) စီမံရေးရာဌာန (Home Page)နှင့် စီမံရေးရာဌာနကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းအခွန်များဦးစီးဌာန
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)
အမှတ်(၅၉/၆၁)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
အခွန်ထမ်းကုမ္ပဏီများ သိရှိစေရန် အသိပေးကြေညာခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)တွင် အခွန်စည်းကြပ်ဆောင်ရွက်မှုခံယူလျက်ရှိသော အခွန်ထမ်းကုမ္ပဏီများအား အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှင်းလင်းခြင်း အခွန်ပညာပေးဆွေးနွေးပွဲများကို ၂၀၁၆ခုနှစ် ဧပြီ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ရက်များတွင် ဤရုံး၏ ပထမထပ်အစည်းအဝေးခန်းမ၌ ကျင်းပဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် အထူးကုန်စည်ခွန်ဥပဒေအရ အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းစသည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ၂၀၁၆ခုနှစ် မေလအတွင်း လုပ်ငန်းရှင်မှတ်ပုံတင်စာရင်းရေးသွင်းမှတ်တမ်းတင်ခြင်းအား အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၌ မပျက်မကွက်လာရောက်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ထားသည့် ကာလအတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ပါက ပျက်ကွက်မှုအတွက် အထူးကုန်စည်ခွန်ဥပဒေအရ ဒဏ်ငွေကျပ် သိန်း(၅၀)တပ်ရိုက်ခံရမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅ ကံဘဲ့၊ မြေကွက်အမှတ် ၃၈/ခ၁-F၊ မြေကွက်တည်နေရာအမှတ် ၁၃၈၊ ရွာမလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးမောင်ထွန်းအမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် ဦးမောင်ထွန်းမှာ ၂၄-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးတော်စပ်သူ ဒေါ်ဝင်း ၁၂/မရက(နိုင်)၀၆၆၉၅၈ ၏ G/P- ၂၃၄၇၀/၂၀၁၄(၂၈-၈-၂၀၁၄)ရရှိသူ ဦးထွန်းဝင်း ၁၂/ဥကမ(နိုင်)၀၄၂၁၈၄ မှ ဒေါ်ဝင်းမှာ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ G/P အထောက်အထား G/Pအတွက် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် စွန့်လွှတ်စာချုပ်အမှတ် ၉၇၉/၁၉၈၉ (၃-၁၁-၁၉၈၉) အမှားပြင်စာချုပ်အမှတ် ၁၅၄၆/၁၉၉၁(၂၄-၁၀-၁၉၉၁)တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၃၄၅၉ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းမော် ၉/မရမ(နိုင်)၀၀၄၁၃၈ကက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/6541 Mitsubishi Fuso FP 54JG T/H(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဆွေ ၉/မဟမ(နိုင်)၀၉၄၂၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၂၀၉၉ Zong Shen Z8 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းအောင် ၉/မနမ(နိုင်)၀၈၅၃၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ ၈၊ ၉၊ ၁၀ (သမိုင်း)၊ သီရိမွန်အိမ်ရာ၊ မြေကွက်အမှတ် ၂၃၄၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဆန်းဝင်းဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၅၀၆/၂၀၁၆) တင်ပြ၍ ဦးစိုင်းမြင့်သန်း ၉/မရမ(နိုင်)၀၉၂၈၂၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/၅၊ (ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ်(၂)၊ ဧရိယာ ၀ဒသမ ၂၄၈ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးမျိုးသီဟ ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ်(၁၆၃၀/၂၀၁၆)တင်ပြ၍ ဒေါ်နှင်းစမ်း ၁၃/ဟပတ(နိုင်)၀၁၂၃၈၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ (နဝဒေးဥယျာဉ်အိမ်ရာ)၊ မြေကွက်အမှတ် ၁၁၀၀၊ ဧရိယာ ၀ဒသမ ၀၂၈ဧက နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးကျော်ဝင်း၊ ဒေါ်ခင်စန်းဝင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၇၄၇/၂၀၁၁)၊ စွန့်လွှတ်စာချုပ် (၁၃၃၃/၂၀၁၆) တင်ပြ၍ ဒေါ်လှဏီငို ၁၀/ပမန(နိုင်)၀၉၈၇၇၆ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ခ၊ ခရေပင်ရိပ်မွန်(၂)၊ မြေကွက်အမှတ် ၁၈၊ ဧရိယာ ၀ဒသမ ၁၁၀ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်သန်းသန်းနု ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား ပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ၁၄၂၀/၂၀၁၆ တင်ပြ၍ ဦးဇော်ဝင်း ၉/ညဥန(နိုင်)၀၂၈၃၈၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ ၈၊ ၉၊ ၁၀ (သမိုင်း)၊ သီရိမွန်အိမ်ရာ၊ မြေကွက်အမှတ် ၂၃၅၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးခင်မောင်ထွေး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၅၀၇/၂၀၁၆)တင်ပြ၍ ဦးစိုင်းမြင့်သန်း ၉/မရမ(နိုင်)၀၉၂၈၂၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ် ၅၂၀၊ မိုးကုတ်လမ်း၊ စက်မှုဇုံ (၁)၊ တောင်ဒဂုံစက်မှုဇုံ၊ ရန်ကုန်မြို့မှ အောက်ဖော်ပြပါ ဆိုလာမီးအိမ်များကို ဈေးပြိုင်စနစ်ဖြင့် အိတ်ပိတ်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

No	Model	Description	Pcs	Remark
1	S 1	Rechargeable Solar Lantern	150	Brand New
2	S 10	Rechargeable Solar Lantern	797	Brand New
3	S 250	Rechargeable Solar Lantern	184	Brand New
4	S 2	Rechargeable Solar Lantern	7100	Brand New
5	S 20	Rechargeable Solar Lantern	5	Brand New
6	S 300	Rechargeable Solar Lantern	773	Brand New
7	D 20	Rechargeable Solar Lantern	80	Brand New

တင်ဒါလျှောက်လွှာဖွင့်ရက်၊ ၂၅-၄-၂၀၁၆၊ တင်ဒါလျှောက်လွှာပိတ်ရက်၊ ၁၂-၅-၂၀၁၆

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို

ဆက်သွယ်ရန်ဖုန်း-၀၁ ၅၅၅၂၂၁၊ ၀၁ ၅၅၅၂၇၀၊ ၀၉ ၄၅၀၀၅၄၃၄၇။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ် ၁၀၇၂/က၊ မြေကွက်တည်နေရာအမှတ် ၁၀၇၂/က၊ ဘုရားလမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးငိုကြီး CI-၀၄၄၆၅၀၊ (၂) ဒေါ်အုံးတင် CI-၀၁၃၇၂၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးငိုကြီး(ကွယ်လွန်)သဖြင့် ကျန်အမည်ပေါက် ဒေါ်အုံးတင် CI-၀၁၃၇၂၀ မှ ပိုင်ဆိုင်စာချုပ်အမှတ်(၄၄၃၈/၂၀၁၅)ဖြင့် ပိုင်ဆိုင်ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၂၇၃/၂၀၁၆)ဖြင့် ဝယ်သူ ဒေါ်သက်သက်အောင် ၈/မမန(နိုင်)၁၂၈၅၀၈ မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြ၍ ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၆-၄-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၃၀)တွင် ဒေါ်တိုးတိုးနိုင် ၁၂/တမန(နိုင်)၀၂၂၃၅ ၏ ကြော်ငြာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရာဇသင်္ကြန်ရပ်ကွက်၊ စစ်တက္ကသိုလ်၊ တိုက်အမှတ်(၁၀)နေ ဦးစိန်မင်းနိုင် ၁၂/တမန(နိုင်)၀၇၆၇၂၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ ဓမ္မဒါနလမ်း၊ တိုက်အမှတ်(ဘီ-၃) မြေညီထပ်နေ ဒေါ်တိုးတိုးနိုင် ၁၂/တမန(နိုင်)၀၂၂၃၅ နှင့် အမှတ်(၈၆)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးလှမြင့် ၁၂/လမတ(နိုင်)၀၁၃၅၆၅၊ ဒေါ်နှင်းနှင်းအေး ၉/မနမ(နိုင်)၀၀၀၀၆၄ ကိုင်ဆောင်သူနှင့် အများပြည်သူသိရှိနိုင်စေရန်အတွက် ပြန်လည်ရှင်းလင်းကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် မြေတိုင်းအမှတ်(၇၁)၊ မြေတိုင်းမြေကွက်အမှတ်(၄-စီ/၂)၊ မြေကွက်အမှတ်(၁၈၉)၊ မြေဧရိယာ(၂၅×၅၀)ပေရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်ပျဉ်ထောင်အိမ်နှင့်မြေအား ဦးမောင်မောင်ကလေးနှင့် ဒေါ်သန်းသန်းအေးတို့မှ ဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ကြပါသည်။ ဦးမောင်မောင်ကလေးနှင့် ဒေါ်သန်းသန်းအေးတို့တွင် သမီး ဒေါ်တိုးတိုးနိုင်နှင့် သား ဦးစိန်မင်းနိုင်တို့ ထွန်းကားခဲ့ပါသည်။ ဒေါ်သန်းသန်းအေးသည် သားဖြစ်သူ ဦးစိန်မင်းနိုင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြင်ဦးလွင်မြို့တွင် ၁၃-၉-၂၀၁၅ ရက်၌ ကွယ်လွန်ခဲ့ပါသည်။ မိခင်ဖြစ်သူကွယ်လွန်ခဲ့ပြီးနောက် ဖခင်ဖြစ်သူ ဦးမောင်မောင်ကလေးသည် ၁၅-၁-၂၀၁၆ ရက်တွင် အထက်ဖော်ပြပါ အိမ်နှင့်မြေအား ဦးလှမြင့်နှင့် ဒေါ်နှင်းနှင်းအေးတို့ထံ ရောင်းချရန်အတွက် စရန်ပေး အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ကြောင်း ဖခင်ဖြစ်သူပြောပြချက်အရ သိရှိခဲ့ရပါသည်။ ဖခင်ဖြစ်သူ ဦးမောင်မောင်ကလေးသည် ၃-၂-၂၀၁၆ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးစိန်မင်းနိုင်သည် ရန်ကုန်မြို့သို့ ယာယီတာဝန်ဖြင့်ရောက်ရှိစဉ် ၇-၃-၂၀၁၆ရက်၌ အိမ်နှင့်မြေအား ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ခြင်း၊ ရန်ကုန်မြို့တော်စည်ပင်မှ မြေပုံရာဇဝင်ကူးယူရေးဆွဲခြင်းအတွက် သတ်မှတ်ရက်ဖြစ်သော တနင်္လာနေ့တွင် လုပ်ဆောင်နိုင်စေရေးနှင့် အမွေခွဲဝေကတိစာချုပ် ချုပ်ဆိုခြင်းများအား လုပ်ဆောင်ရန် ဒေါ်တိုးတိုးနိုင်ထံသို့ ဦးစိန်မင်းနိုင်၏ မိတ်ဆွေဖြစ်သူ ရှေ့နေတစ်ဦးနှင့်အတူ ဖုန်းဖြင့် တစ်ရက်ကြိုတင်အကြောင်းကြားခဲ့ပါသည်။ ဒေါ်တိုးတိုးနိုင်မှ ၈-၃-၂၀၁၆ ရက် အင်္ဂါနေ့တွင်လည်း မြေပုံရာဇဝင်ကူးယူခြင်း လုပ်ဆောင်၍ရကြောင်း ပြောဆိုသဖြင့် ထိုနေ့တွင် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာလုပ်ဆောင်ခဲ့အပြီး မြေပုံရာဇဝင်ကူးယူရေးဆွဲခြင်းမှာ သတ်မှတ်ရက်မဟုတ်သဖြင့် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ အမွေခွဲဝေကတိစာချုပ်အားလည်း သဘောထားကွဲလွဲခြင်းများကြောင့် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် အိမ်နှင့်မြေကိစ္စအား ဆက်လက်လုပ်ဆောင်ရန် ကြန့်ကြာခဲ့ရခြင်းဖြစ်ပါသည်။ ၎င်းနောက် ဦးစိန်မင်းနိုင်သည် ဝန်ထမ်းတစ်ဦးဖြစ်၍ ခွင့်မရသောကြောင့် ရန်ကုန်မြို့သို့ မကြာခဏမလာနိုင်သဖြင့် အစ်မဖြစ်သူ ဒေါ်တိုးတိုးနိုင်အား အထူးကိုယ်စားလှယ်စာလွှဲအပ်ပေးမည်ဖြစ်ပြီး ဒေါ်တိုးတိုးနိုင်မှ မြေကွက်ရောင်းချရငွေကို ကျွန်ုပ်တို့မိတ်ဆွေအား အချိုးကျခွဲဝေပေးမည်ဆိုသည့် ကတိစာချုပ်ချုပ်ဆိုရန် ပြောဆိုခဲ့သော်လည်း ဒေါ်တိုးတိုးနိုင်မှ လက်မခံခဲ့ပါ။ ဝယ်ယူရန် စရန်ငွေပေးချေထားသူများဖြစ်သော ဦးလှမြင့်-ဒေါ်နှင်းနှင်းအေးနှင့် ဒေါ်တိုးတိုးနိုင်တို့၏ အကြောင်းကြားမှုများအပေါ် ၁-၄-၂၀၁၆ ရက်နှင့် ၄-၄-၂၀၁၆ ရက်များတွင် ဦးစိန်မင်းနိုင်သည် တာဝန်ဝတ္တရားများ မအားလပ်သဖြင့် ရန်ကုန်သို့ မလာရောက်နိုင်သေးကြောင်းကို ဒေါ်တိုးတိုးနိုင်ထံသို့ ဖုန်းဖြင့် အကျိုးကြောင်းသင့် ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ဦးစိန်မင်းနိုင်သည် မိဘများပိုင်မြေအဆောက်အအုံနှင့်ပတ်သက်သည့်ကိစ္စရပ်များကို အခါအခွင့်သင့်သည့်အချိန်များတွင် လာရောက်လုပ်ဆောင်ပေးနေမှုများအား အသိအမှတ်မပြုသည့်အပြင် ဒေါ်တိုးတိုးနိုင်မှ ဦးစိန်မင်းနိုင်နှင့် အဆက်အသွယ်ပြုလုပ်၍မရကြောင်း ဖော်ပြပြောဆိုမှုများကြောင့် ဦးစိန်မင်းနိုင်၏ ဝန်ထမ်းဘဝကို ထိခိုက်နစ်နာစေသကဲ့သို့ ဂုဏ်သိက္ခာညှိုးနွမ်းစေခဲ့ပါသည်။ ထို့ကြောင့် ဒေါ်တိုးတိုးနိုင်အနေဖြင့် ဦးစိန်မင်းနိုင်၏ ဝန်ထမ်းဘဝကို ထိခိုက်နစ်နာစေသော အသုံးအနှုန်း၊ အပြောအဆိုများအား ပြောဆိုဆောင်ရွက်ခြင်းမပြုရန်နှင့် ထိုကဲ့သို့ ပြောဆိုဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးမောင်မောင်ကလေးနှင့် ဒေါ်သန်းသန်းအေး ဂရန်အမည်ပေါက်ပိုင်ဆိုင်သော မြေနှင့်အိမ်အား ဒေါ်တိုးတိုးနိုင်နှင့် ဦးစိန်မင်းနိုင်တို့မှ အမွေခွဲဝေခြင်းကိစ္စ မပြီးမြောက်သေးပါ။ ထို့ကြောင့် အရောင်းအဝယ်ကိစ္စရပ်များအား ဦးစိန်မင်းနိုင်မပါဘဲ ဆက်လက်ပြုလုပ်မည်ဆိုပါက ပြုလုပ်သူများတွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးစိန်မင်းနိုင်
ဖုန်း-၀၉-၃၂၂၅၁၃၈၂၊
၀၉-၅၂၁၂၁၉၂

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဇင်မင်းသူ LL.B,LLM,DBL
(စဉ်-၃၆၆၅၆)
ဒေါ်မြင့်သန္တာ LL.B, DBL
(စဉ်-၃၄၅၉၂)
အထက်တန်းရှေ့နေများ
(C) လမ်း၊ ၃၇×၃၈ လမ်းကြား၊ ၆၈×၆၉ လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၂၅၉၀၀၆၈၄၆၊ ၂၅၈၀၁၀၄၆၈

Beauty Salon
ဆိုင်သုံးပစ္စည်းမျိုးစုံ ရောင်းရန်ရှိသည်

ဖုန်း-၀၉-၇၃၁၁၄၁၁၈၊ ၀၉-၂၆၁၃၆၉၉၀၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4426 Myanmar Station Wagon S/W(4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်သိန်း ၉/မမန(နိုင်)၀၁၃၂၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/4170 Toyota Townace P/U(4x2) ယာဉ်လက်ဝယ်ရှိသူ Sea Cross Express Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ကံဘဲ့)၊ မြေကွက်အမှတ် ၁၁၇/ခ-၃၄၊ ပါမစ်အမည်ပေါက် ဦးဝင်းသိန်း ၁၂/လမတ(နိုင်)၀၁၂၂၀၃ထံမှ ဝယ်ယူထားသူ ဒေါ်စိမ်းလဲ့ဆွေ ၁၂/ဗတထ(နိုင်)၀၂၈၈၉၂က မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရေးကိုလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၁၅၆)၊ မြေကွက်တည်နေရာ အမှတ် (၁၅၆)၊ ဟံသာဝတီလမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်ရန်လင်း (၁၂/ပဘတ(နိုင်)၀၀၀၃၄၁)အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်ရန်လင်း ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်မျိုးခိုင် (၁၂/တမန(နိုင်)၀၀၄၆၁၉)မှ ပိုင်ဆိုင်စာချုပ် (၅၉၇၈/၂၀၁၄)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဂရန်မူရင်းပျောက်ဆုံးကြောင်း တင်ပြရန် ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်သဖြင့် မူလထုတ်ပေးထားသည့် ဦးအောင်ရန်လင်း အမည်ပေါက် နှစ် (၆၀)မြေငှားစာချုပ်(ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

Home Since 1996
Think of House, think of Home
တစ်အိမ်လုံး ပြင်ဆင်
Service! 12 ft x 40 ft
Ks. 28 L +++

Laminate Floor
Wall Covering
Partition
Tile (Wall & Floor)
Kitchen Cabinet
Get Free!

4ft Upper Carbinet
Only 20 Rooms !!
**Terms & Condition apply
» ရန်ကုန် (အောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့်။ ဖုန်း - 09 730 84 840 , 09 730 84 841
» (မန္တလေး) ၈၂ လမ်း (၃၄ လမ်း နှင့် ၃၅ လမ်းကြား) ဖုန်း - 09 3311 6626 , 09 3311 6636
» (ဟော်လမြိုင်) မြေနီကုန်း အဝေးပြေးကားဝင်းအနီး။ ဖုန်း - 09 79 58 999 80 , 09 79 58 999 81
» ရန်ကုန် (လေးထောင့်ကန်) သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - 09 79 700 70 73 , 09 79 700 70 83
» ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ။ ဖုန်း - 09 79 700 70 88, 09 79 700 70 99
၀၉-၇၉၁၆၅၁၅၄၄၊ ၀၉-၇၉၅၅၉၇၀၃၆

ဦးတင်ကိုလတ် ၁၂/သဃက(နိုင်)၀၅၄၅၇၅၊ ဦးမြသိန်း ၁၂/သဃက(နိုင်)၁၅၃၂၇၀၊ ဦးဝင်းထွန်း ၁၂/သဃက(နိုင်)၁၇၇၅၇၀ တို့နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်သိန်း ၁၂/ဥကတ(နိုင်)၁၂၉၉၈၇ အမှတ် ၆၀၊ လေးလွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါသုံးဦးတို့သည် တရားဝင်လိုင်စင်ရကန်ထရိုက်များဟုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်၊ င/ကရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၅၂ တွင် တရားဝင်ဆောက်လုပ်ခွင့်ပြုမိန့်ဖြင့် ဆောက်လုပ်ကြောင်း ယုံကြည်အောင် ပြောဆို၍ မြေညီထပ်လက်ယာဘက်ဆုံး၊ ခြေရင်းခန်းကို ငွေကျပ်သိန်း ၂၀၀ ဖြင့် တန်ဖိုးထားရောင်းချခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်သိန်းက အမှန်တကယ် တရားဝင်ကန်ထရိုက်များဖြစ်ပြီး တရားဝင်ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီးဖြစ်သည်ဟု ယုံကြည်ခဲ့သည့်အတွက် ငွေကျပ်သိန်း ၂၀၀ ကို အကျေအပြေပေးချေဝယ်ယူခဲ့ပြီးနောက် စုံစမ်းခဲ့ရာ လိုင်စင်ရကန်ထရိုက်တာများမဟုတ်ကြောင်း တရားဝင်ဆောက်လုပ်ခွင့်ပြုမိန့်ရရှိသော အဆောက်အအုံမဟုတ်ကြောင်း သိရှိရပါသဖြင့် ဤကြေညာချက်ပါရှိသည့် ၁၅ ရက်အတွင်း တိုက်ခန်းအင်္ဂါရပ်နှင့်အညီ လက်ရောက်အပ်နှံပါရန် တောင်းဆိုပါသည်။ အပ်နှံနိုင်ခြင်းမရှိပါက ယုံကြည်အောင် ပြောဆိုရယူသွားသည့် ငွေကျပ်သိန်း၂၀၀ကို ဦးမြင့်သိန်းနှင့်မျက်နှာဆိုင်တွေ့ဆုံဖြေရှင်းရန်ဖြစ်ပါသည်။ ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဟု ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမြင့်သောင်း	**ဒေါ်ယောမယ်ရီ**	**ဒေါ်တင်ဇာကျော်**
စဉ်-၄၀၄၄	**စဉ်-၃၉၆၁၁**	**စဉ်-၄၄၁၁၆**

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၂၀၃ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာနေဝင်းနိုင် (ကျောင်းအုပ်ကြီး)
ဗစ်တိုးရီးယား ယူနီဗာစီတီကောလိပ်
အသက်(၆၇)နှစ်

၂-၅-၂၀၁၆ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲစွာဖြင့် ဂါရဝပြုအပ်ပါသည်။

၂၀၁၂-၂၀၁၅ခုနှစ်၊ မြို့ပြအင်ဂျင်နီယာ
ကျောင်းသူ/ကျောင်းသားများနှင့် ဆရာ/ဆရာမများ

အထူးဝမ်းနည်းကြေကွဲခြင်း

Victoria University College မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာနေဝင်းနိုင်သည် ၂-၅-၂၀၁၆ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Electrical&Electronic the 1st Batch Engineering မှ Tr.ဖြိုး၊ အောင်သန့်စင်ဖြိုး၊ အောင်ထက်ကို၊ စိုးသီဟဟိန်း၊ ဇော်မျိုးထွန်း၊ ကောင်းဆက်မိုး၊ rio၊ eaindra oo၊ သိမ့်ထက်ထက်အောင်၊ အိမေဇင်ဖူး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်အောင် (ညွှန်ကြားရေးမှူး၊ ငြိမ်း)
တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန
အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေမဉ္ဇူလမ်း၊ ရွှေပုန်းညက်ရိပ်မွန်နေ ဦးမြင့်အောင် (ညွှန်/မှူး၊ ငြိမ်း)သည် ၁၀-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ
တည်ဆောက်ရေး (၁) ဆည်မြောင်း

ဝမ်းနည်းကြေကွဲခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အမှတ် ၂၃၅နေ ဦးသက်နိုင်ထွန်း(ခ)အထွန်း-ဒေါ်ကေခိုင်ထွန်း (လ/ထ လဝကမှူး၊ ပဲခူးတိုင်းဒေသကြီး)တို့၏ မိခင်၊ ဆူမို (ခ) သက်သဒ္ဒါထွန်း၏ အဘွား ဆရာမကြီး ဒေါ်ကြည်သည် ၂-၅-၂၀၁၆ရက်တွင် ကွယ်လွန်ခြင်းအား ဝမ်းနည်းကြေကွဲမိပါကြောင်း။

ရွှေပြည်စိုး
ကားရေဆေးဆီလိုက်လုပ်ငန်းမိသားစု
နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၇

ဦးသိန်းသန်းထွဋ်(ခ)ကိုဇင်မင်း	**နှင့်**	၁။ ဒေါ်ခင်နှင်းယု ၂။ ဒေါ်အိအိထွန်း
တရားလို		**တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ တိုက်ခန်းအမှတ် ဘီ-၄၊ အမှတ်(၁၁)ရဲစခန်းတိုက်ခန်းတွင်နေထိုင်သူ ဒေါ်ခင်နှင်းယုနှင့် ဒေါ်အိအိထွန်း (ယခုနေရပ်လိပ်စာမသိ) သူများသိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးသိန်းသန်းထွဋ် (ခ) ကိုဇင်မင်းက ငွေကျပ် ၅၅၈၂၃၀၀ိ/- (ငါးရာငါးဆယ့်ရှစ်သိန်းနှစ်သောင်းသုံးထောင်ကျပ်တိတိ) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မေ ၂၀ ရက် (၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းထွန်းအောင်)
ဒုတိယခရိုင်တရားသူကြီး (၃)
မန္တလေးခရိုင်တရားရုံး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၄၉၉၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/4817 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဦးစောထွန်းလှ (၁၀/သထန(နိုင်)၁၂၉၂၅၉) သိစေရန်

ဦးစောထွန်းလှ၊ ယခင်-အမှတ်(၃၅၂)၊ နတ်စင်လမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့၊ ယခု-အမှတ်(၃၅)၊ (၅)လွှာ၊ ဘယ်တက်ခြံ၊ (၁၁)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ... ဦးတင်လှိုင်၊ အမှတ်(၆၉၄)၊ ရော(၁၂)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူထံမှ (၁၀.၇.၂၀၁၅)ရက်နေ့တွင် ငွေကျပ်သိန်း(၅၀၀) တိတိကို လက်ခံရယူသွားပြီး (၁၀.၁.၂၀၁၆)ရက်နေ့တွင် ပြန်လည်ပေးအပ်ပါမည်ဟု ကတိပြုသော်လည်း မပေးအပ်သဖြင့် ဦးတင်လှိုင်မှ (၃.၃.၂၀၁၆) ရက်နေ့တွင် ဦးစောထွန်းလှထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါသော်လည်း ယနေ့တိုင် ပြန်လည်ပေးအပ်ခြင်း မရှိပါသောကြောင့် ဤကြော်ငြာစာပါသည့်နေ့မှ (၁၅)ရက်အတွင်း ငွေကျပ် သိန်း(၅၀၀)တိတိနှင့် နစ်နာကြေးငွေကို ဦးတင်လှိုင်သို့ ပြန်လည်ပေးအပ်စေလိုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်ပြည့်သည့်တိုင် ဦးစောထွန်းလှမှ ပြန်လည်ပေးအပ်ခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ မလွှဲမရှောင်သာပဲ တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်း ဤကြော်ငြာစာဖြင့် အသိပေးအပ်ပါသည်။

ဦးတင်လှိုင်၏ ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (စဉ်-၆၆၀၅)
တရားလွှတ်တော်ရှေ့နေ
အမှတ်(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာ၊ ဖုန်း-၀၉ ၅၄၀၇၂၂၉

ဦးစောထွန်းလှ (၁၀/သထန(နိုင်)၁၂၉၂၅၉) သိစေရန်

ဦးစောထွန်းလှ၊ ယခင်-အမှတ်(၃၅၂)၊ နတ်စင်လမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့၊ ယခု-အမှတ်(၃၅)၊ (၅)လွှာ၊ ဘယ်တက်ခြံ၊ (၁၁)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ... ဒေါ်တင်တင်အေး၊ အမှတ်(၃၅၄)၊ နီလာ(၂)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူထံမှ ပေးရန်ကျန်ရှိသော ငွေကျပ် သိန်း(၅၀)တိတိကို (၂၄.၇.၂၀၁၅)ရက်နေ့တွင် ပြန်လည်ပေးမည်ဟု ကတိပြုသော်လည်း ပြန်လည်ပေးအပ်ခြင်း မရှိပါသဖြင့် (၁.၃.၂၀၁၆) ရက်နေ့တွင် ဒုတိယအကြိမ်မြောက် ဒေါ်တင်တင်အေးမှ ဦးစောထွန်းလှသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါသော်လည်း ယနေ့တိုင် ပြန်လည်ပေးအပ်ခြင်း မရှိပါသောကြောင့် ကျန်ငွေကျပ် သိန်း(၅၀)တိတိနှင့်တကွ နစ်နာကြေးငွေတို့ကို ဤကြော်ငြာစာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဒေါ်တင်တင်အေးသို့ ပြန်လည်ပေးအပ်စေလိုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်ပြည့်သည့်တိုင် ဦးစောထွန်းလှမှ ပြန်လည်ပေးအပ်ခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ မလွှဲမရှောင်သာပဲ တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်း ဤကြော်ငြာစာဖြင့် အသိပေးအပ်ပါသည်။

ဒေါ်တင်တင်အေး၏ ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (စဉ်-၆၆၀၅)
တရားလွှတ်တော်ရှေ့နေ
အမှတ်(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာ၊ ဖုန်း-၀၉ ၅၄၀၇၂၂၉

Pre - Opening

GOLDEN VALLEY RESORT

ကျောက်မောင်းနမ ဘုရားဘေး (ချောင်းသာကမ်းခြေ)

(Discount) Room Rate - 45000 Kyats.

09-777230094,09-5057029

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/1864၊ Toyota Townace cm75၊ P/U (4x2) ယာဉ်လက်ဝယ်ရှိသူ Sea Cross Express Trading Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2441 Nissan Note, E11, Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးကျော် ၁၂/ပဇတ(နိုင်)၀၀၇၇၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-681 9020
09-510 1862

၂၇-၄-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇာနည်အောင်နှင့် ဒေါ်ဆုဆန် ၁၃/လရန(နိုင်)၀၇၂၇၈၁ တို့၏ "သဘာဝ"မြေပဲဆီ ကုန်အမှတ်တံဆိပ်ကြေညာချက်အပေါ်

ပြန်လည်ရုပ်သိမ်းပေးပါရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြို့ပတ်လမ်း၊ အမှတ် ၃၀/၁၀၇နေ ဦးတင်ထွန်း ၉/မခန(နိုင်)၁၆၅၂၃၆ ကိုင်ဆောင်သူမှ စားသုံးကုန် "ဆီ"အမျိုးအစားများအား "သဘာဝမြေပဲဆီသန့်"ကုန်အမှတ်တံဆိပ်ဖြင့် တစ်ဦးတည်းမူပိုင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်းကို မြင်းခြံမြို့နယ်စာချုပ်စာတမ်းရုံး၌ ၂၀၀၉ ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ၁၇၆ နှင့် ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၌ ၂၀၁၅ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် ၈၈၆၄ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း ဖော်ပြ၍ ၂၈-၁၀-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၁)တွင် တရားဝင်အသိပေးကြေညာခဲ့ပြီးဖြစ်ပါလျက် လူကြီးမင်းတို့မှ ကျွန်ုပ်မိတ်ဆွေ မူပိုင်တင်သွင်းကြေညာပြီးဖြစ်သည့် ကုန်အမှတ်တံဆိပ်အမှတ်အသားအား မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် ၂၂၂/၂၀၁၆ ဖြင့် ထပ်မံမှတ်ပုံတင်သွင်းခဲ့ခြင်းသည် ဥပဒေနှင့်မညီ ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် "သဘာဝ"မြေပဲဆီသန့် ကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်မိတ်ဆွေ ဦးတင်ထွန်း တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ဦးစွာမှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါ၍ "သဘာဝ" ကုန်အမှတ်တံဆိပ်ဖြင့် မှတ်ပုံတင်သွင်းထားခြင်းအား တရားဝင်ဖျက်သိမ်းပေးပါရန်နှင့် ၂၇-၄-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား ယနေ့မှစ၍ ၁၄ ရက်အတွင်း သတင်းစာမှ တရားဝင်ကြေညာရုပ်သိမ်းပေးရန် အသိပေးရှင်းလင်း တောင်းဆိုအပ်ပါသည်။

လူကြီးမင်းတို့ကြေညာချက်အား ရုပ်သိမ်းပေးခြင်းမရှိပါကလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ မူပိုင်တင်သွင်းထားသော "သဘာဝ"မြေပဲဆီသန့် ကုန်အမှတ်တံဆိပ်အား အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲကြောင်း တွေ့ရှိပါကလည်းကောင်း တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၈၅၁၈၉၆၈၉

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးဘခင် (ငြိမ်း)

(ကြည်း/၇၃၅၅)

ဗိုလ်သင်တန်းအပတ်စဉ် (၁၆)

အသက် (၈၄)နှစ်

(ဦးအေးဖေ- ဒေါ်အုန်းရှိန်)တို့၏သား၊ (ဦးထွေးတင်- ဒေါ်လှကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းနေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးမင်းဇော်အောင်၊ ဒေါ်ထက်ထက်အောင်၊ ဒေါ်ထွဋ်ထွဋ်ဇွန်တို့၏ဖခင်၊ မောင်ဇေယျာမင်း၏အဘိုးသည် ၁-၅-၂၀၁၆ ရက် ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၆ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းဆင့်

(တောင်ကုတ်)

အသက်(၆၉)နှစ်

တောင်ကုတ်မြို့နေ (ဦးညီဆင့်-ဒေါ်ပုချေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် ၅၃နေ ဦးအောင်သန်း-ဒေါ်သန်းသန်းမြင့်တို့၏ အစ်မကြီး၊ မမြတ်မွန်မွန်သန်း၏ ကြီးမေသည် ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သီသီဟန် (မပူစူး)

အသက် (၇၀)

ရန်ကုန်မြို့နေ [ဗိုလ်မှူးကြီးမောင်သိန်း-ဒေါ်ယဉ်နု(ခ)ဒေါ်အမာ] တို့၏သမီး၊ မန္တလေးမြို့နေ [ဦးလှမောင်-ဒေါ်မိမိ] မိဘဂုဏ်ပိဋကတ်ကုန်သည်တို့၏ သမီးချွေးမ၊ ဒေါ်ခင်မိမိ၊ ဦးဇော်ဟိန်း- ဒေါ်ခင်အိအိလှ၊ ဒေါ်နီနီသိန်း၊ ဦးခင်မောင်မော်-ဒေါ်မူမူသိန်း၊ ဒေါ်မာလာသိန်း၊ ဒေါ်မို့မို့ (အလက-၁၀၊ အင်းစိန်)၊ မန္တလေးမြို့နေ ဒေါ်ဆွေဆွေဝင်း၊ ဦးဇော်မင်း (တရားရုံးချုပ်ရှေ့နေ)-ဒေါ်လှလှရီ၊ ဦးထွန်းအောင်-ဒေါ်ခင်မာဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၉၁လမ်း၊ ၅ လွှာ၊ အမှတ် ၁၂၅ နေ (ဦးဇော်ဝင်းလှ)၏ ဇနီးသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရွှေလှိုင်ဝင်း (အင်း၀)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

ကျောက်ဆည်အသင်း

အသက်(၇၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နေ (ဦးဘညွန့်-ဒေါ်အေးချစ်)တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နေ (ဦးပေါ်ဘ-ဒေါ်သုံ)တို့၏သားသမက်၊ (ဒေါ်ယဉ်ယဉ်သန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမြင့်နိုင်(C/E, CD-16 IMT,Ex-[MFSL])-ဒေါ်ဝင်းမော်သန်း၊ ဦးစိုးမိုးဝင်း(Ex-Capt [Marukichi Co., Ltd.)-ဒေါ်ဥမ္မာနိုင်တို့၏ဖခင်ကြီး၊ မောင်စိုးပိုင်နိုင်(2/O,B.M.T.C)၊ မောင်မိုးယံနိုင်(1st yr-Petro,YTU)၊ မောင်ရဲသီဟလင်း(1st yr-Archi,YTU-COE)၊ မကြာဖြူလင်းလက် (Grade-10,B-TTC၊ ကမာရွတ်)တို့၏အဘိုး၊ ရန်ကုန်မြို့၊ မလွကုန်းလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ အမှတ်၂၉(ပထပ်)နေသူသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ မလွကုန်းလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာနေဝင်းနိုင်(ခ) ဦးဝင်းနိုင်

(သာယာဝတီ)

အသက် (၆၇) နှစ်

ကျောင်းအုပ်ကြီး

Victoria University College

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ Central Tower (၃၉)လမ်း၊ အမှတ်-၄၀၁နေ(ဦးအေးဖေ၊ဒေါ်ခင်ကြည်)တို့၏သား၊ ဦးတင်ဝင်း၊ ဒေါ်လှဟန်တို့၏ သားသမက်၊ဒေါ်သန်းသန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်သောင်းထိုက်+ဒေါ်လေးလေးမြင့်၊(ဦးစိုးမင်းအောင်)+ဒေါ်ဆွေနွယ်လတ်၊ ဦးသူနိုင်+ဒေါ်နန်းနနလင်းတို့၏ ချစ်လှစွာသောဖခင်၊ ဖူးသစ္စာချယ်၊ ခွန်းသစ္စာဖြူ၊ မေမနော်ဖြူနိုရာတို့၏ဖိုးဖိုးကြီးသည် ၂.၅.၂၀၁၆(တနင်္လာနေ့) နံနက်၅း၃၀ တွင်ကွယ်လွန်သွားပါသဖြင့် ၄.၅.၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက်၁၁း၀၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုလ်ပါမည်။ (နေအိမ်နှင့်MMB Tower မှကားများနံနက်၆း၃၀တွင်ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၈.၅.၂၀၁၆ တနင်္ဂနွေနေ့နံနက် ၇း၀၀ မှ ၁၁း၀၀ နာရီအထိ Central Tower၁၄လွှာအခန်း၁၄၀၁ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းအောင်

(ပြည်သူ့ဝန်ထမ်းကောင်း)၊ ရုံးအုပ်ကြီး(ငြိမ်း)၊ သစ်တောဦးစီးဌာန(ရုံးချုပ်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အာသာဝတီ(၁)လမ်း၊ အမှတ်(၂၁)နေ (ဦးလှ-ဒေါ်အေးရှင်)တို့၏သား၊ ဦးတင်စိန်-(ဒေါ်ခင်ခင်ဝင်း)၊ (ဦးဝင်းကျင်-ဒေါ်ခင်စန်းကြည်)၊ ဒေါ်ခင်စန်းရီတို့၏အစ်ကိုကြီး၊ ဗိုလ်မှူးအောင်ကျော်ဦး (မြဝတီရုပ်သံ၊ နေပြည်တော်)-ဒေါက်တာသီတာဦး(ကွန်ပျူတာသိပ္ပံ၊ စစ်တက္ကသိုလ်)၊ ဦးနန္ဒထွန်း (Micasa Hotel)-ဒေါ်ဝင်းသီတာအောင်၊ ဦးအောင်မျိုးဝင်း-ဒေါ်မျိုးသန္တာအောင်၊ ဦးကျော်မျိုးအောင် (Myanmar Land & Development Co.,Ltd.)-ဒေါ်နော်သီတာဘို(မြဝတီဘဏ်)၊ (ဦးကျော်လင်းအောင်)၊ ဦးသက်ညီညီအောင်-ဒေါ်အိစန္ဒာအောင်၊ မမေသဉ္ဇာအောင်(မန္တလာမင်း)၊ ဦးချစ်ကိုကို (Htun Myint Htun Co.,Ltd.)-ဒေါ်အေမီယွန်းလဲ့အောင် (တံခွန်ပုံနှိပ်နှင့်ဖိတ်စာ)၊ မောင်အောင်သက်ပိုင် (Htun Myint Htun Co.,Ltd.)တို့၏ဖခင်၊ တူ၊တူမ ငါးယောက်တို့၏ဘကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ ဒေါ်စိန်မြင့်၏ခင်ပွန်း ဦးသိန်းအောင်သည် ၂၉-၄-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသက်ပိုင် (ကိုတူးတူး)

Victoria University College

အသက် (၄၇) နှစ်

ဒေါ်ညိုညိုလွင်၏ချစ်လှစွာသောခင်ပွန်း၊ကိုသန့်စင်+မမီမီသက်ပိုင်၊ မောင်သူရသက်ပိုင်၊ မသီရိသက်ပိုင်၊ မရွှန်းလဲ့ထွေးတို့၏ ချစ်လှစွာသော ဖခင်ဦးသက်ပိုင်သည် ၁.၅.၂၀၁၆ နံနက်၁၁း၃၀နာရီတွင် ကွယ်လွန် သွား ကြောင်းသိရှိရပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများ

Victoria University College

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်းဒါယကာကြီး

ဦးရဲမြင့် (နတ္တလင်း)

အသက်(၈၆)နှစ်

ဒေါက်တာဝင်းဇော် (ဥက္ကဋ္ဌ-မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်) ဒေါ်စိုးကြည်ပြာယမင်း၊ ဦးသက်ခိုင် (MD-Asia Petroleum Co.,Ltd, CEPSA Lubricantes) ဒေါ်ချောစုတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးရဲမြင့်(နတ္တလင်း) သည် ၂၄-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇော်နိုင် အတွင်းရေးမှူး-ကရာတေးဒိုဆပ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီး

(SOLEAGENT- CEPSA LUBRICANTES) Mandalay Branch

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရဲမြင့် (နတ်တလင်းမြို့)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်နေ ပါမောက္ခ ဦးအေးမွန် (ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေး-၂)-ဒေါ်ချိုချိုမြင့်တို့၏ ဖခင်သည် ၂၄-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ခွဲစိတ်ကုပညာဌာန၊ မကွေးဆေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရဲမြင့် (နတ်တလင်းမြို့)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်နေ ပါမောက္ခ ဦးအေးမွန် (ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေး-၂)-ဒေါ်ချိုချိုမြင့်တို့၏ ဖခင်သည် ၂၄-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Surgical Society, MMA

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကြင်ဝမ်

ဂျုံးသိန်းဆေးပေါ့လိပ်

အသက်(၉၁)နှစ်

ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့် (Win&Win Co.,Ltd) တို့၏ဖခင် ဦးကြင်ဝမ်သည် ၂၁-၄-၂၀၁၆ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်းမြို့တော်ပေါက်စီဗုဒ္ဓတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရဲမြင့် (နတ်တလင်း)

အသက်(၈၆)နှစ်

ဒေါက်တာဝင်းဇော် (ဥက္ကဋ္ဌ၊ လစ္စတားကုမ္ပဏီများအုပ်စု)-ဒေါ်စိုးကြည်ပြာယမင်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးရဲမြင့်သည် ၂၄-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကပ္ပတိန် ထိန်ဝင်းလတ်နှင့် ဒေါ်ဝင်းမမလွင် မိသားစု

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာနေဝင်းနိုင် (ခ) ဦးဝင်းနိုင်

ကျောင်းအုပ်ကြီး

Victoria University College

အသက် (၆၇) နှစ်

Victoria University College၏ ကျောင်းအုပ်ကြီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ Central Tower၊(၃၉)လမ်း၊ အမှတ်-၄၀၁ နေ ၊ ဒေါ်သန်းသန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်သောင်းထိုက်၊ ဒေါ်ဆွေနွယ်လတ်၊ ဦးသူနိုင်တို့၏ချစ်လှစွာသောဖခင်သည် ၂.၅.၂၀၁၆ (တနင်္လာနေ့)နံနက် ၅း၃၀တွင် ကွယ်လွန် ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများ

Victoria University College

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာနေဝင်းနိုင် (ခ) ဦးဝင်းနိုင်

ကျောင်းအုပ်ကြီး

Victoria University College

အသက် (၆၇) နှစ်

Victoria University College၏ ကျောင်းအုပ်ကြီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ Central Tower၊(၃၉)လမ်း၊ အမှတ်-၄၀၁ နေ ဒေါ်သန်းသန်းနွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်သောင်းထိုက်၊ ဒေါ်ဆွေနွယ်လတ်၊ ဦးသူနိုင်တို့၏ချစ်လှစွာသောဖခင်သည် ၂.၅.၂၀၁၆ (တနင်္လာနေ့)နံနက် ၅း၃၀တွင် ကွယ်လွန် ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းသား၊ ကျောင်းသူများ

Victoria University College

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ စေတီပုထိုးဒါယိကာမ

ဒေါ်အေးမြင့် (သီရိသုဓမ္မသီဂီ)

(Great Star Enterprise)

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၂၃ နေ ဦးကောက်-ဒေါ်နီတို့၏သမီး၊ (ဦးချုန်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ ဦးဝင်းရွှေ၏ ချစ်လှစွာသောဇနီး၊ မခင်ရတနာပိုင်၊ မောင်မိုးထိမြင့်မားအောင်တို့၏ ချစ်လှစွာသောမိခင် ဒေါ်အေးမြင့်သည် ၁-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပတ္တမြားဆရာတော်နှင့်

ပတ္တမြားမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးယုကျွမ်း (မော်လမြိုင်)
အသက်(၁၀၀)

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန် 17th Batch(၁၉၈၂-၁၉၈၆) သင်တန်းမှ ဒေါက်တာသီဟ-ဒေါ်စိုးမိုးမြင့်တို့၏ဖခင်ဖြစ်သူ ဦးယုကျွမ်းသည် ၂၄-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

17th Batch မှ သူငယ်ချင်းများ

ဒေါ်ထွေးရီ(ခ)ထွေးကုပ် (တောင်ငူမြို့)
အသက်(၈၅)နှစ်

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ ၆)လမ်း၊ အမှတ် ၉နေ (ဦးမြင့်အေး)၏ဇနီး၊ ဒေါ်သီသီခိုင်(မှူ/အုပ်၊ အလကခွဲ၊ အိုင်စောက်)၊ (ဦးအေးခိုင်)၊ ဦးမျိုးခိုင်-ဒေါ်နီနီအောင်၊ ဦးနေဝင်းဟန်-(ဒေါ်မီမီခိုင်)၊ ဦးတင့်မိုးဇော်(ILBC)-ဒေါ်စီစီခိုင်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအံ့ကျော် (ငြိမ်း)
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဂုဏ်ထူးဆောင်နာယက၊ ဝါးခယ်မမြို့နယ်အသင်း
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၁)နေ ဦးအံ့ကျော်သည် ၂၆-၄-၂၀၁၆ရက် နံနက် ၆း၂၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအုန်းမြင့်-ဒေါ်စန်းစန်း မိသားစု

Condolence
Dr.Nay Win Naing
Victoria University College
(67)Yrs

The teachers from the Victoria University College English Department would like to extend their deepest condolences to the family of Dr.Nay Win Naing. Our thoughts and sincere sympathy are with you in this tragic moment.

English Department Teachers
Victoria University College

ခရစ်တော်၌အိပ်ပျော်ခြင်း
Nu Ngoih Sian Cing (Buansing beh) (ရန်ကုန်)
အသက်(၅၈)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ် Heilei ရွာနေ Pa Vungh Za Langh-Nu Ngilh Za Man(Buansing)တို့၏သမီး၊ Heilei ရွာနေ(Pu SB Zam Vungh-Pi Ciin Za Ning) တို့၏သမီးချွေးမ၊ Nu Vum Khen Man-Pa Ngin Za Do (HeileiKhua) တို့၏ညီမ၊ Pa Ngin Khan Mung-Nu Awi Za Nuam (Thazin ward-Kalaymyo), Pa Do Lian Thang-Nu Ngoih Lam Dim(Thazin ward-Kalaymyo),Nu Dim Ngaih Lun-Pa Ngo Khan Dal(Malaysia),Nu Cing Sian Niang-Pa Lian Za Nun(USA),Pa Langh Khaw Pau(D),Nu Dim Lian Cing-Pa Nang Suan Lian(Thazin ward-Kalaymyo) တို့၏အစ်မ၊ Nu Zam Za Dim-Pa Neng Za Cin(Heilei), Pa Khual Za Cin-Nu Cing Za Vung (Kalaymyo),Nu Tel Dim-Pa Ngo Cin(Kalaymyo),Nu En Za Niang-Pa Ngin Za Kam(Heilei),Nu Ngoih Lam Cing-Pa Dam Za Thang(Kalaymyo),Pa SB Khan Zam Vungh-Nu Khup Khaw Man(Mandalay) တို့၏နှမ/ယောက်မ၊ Ning Lun Cing-Donald Martin(Brisbane, Australia),Man Hau Mang-Gin Suan Lian(USA),Dim Ngaih Lian-Latif Shala (London),Vungh Lian Mang-Juliet Thani(USA),Vung Khan Huai-Nang Kap Khup (Brisbane, Australia), Langh San Kim(Brisbane,Australia),Khan Sian Muang တို့၏ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်၊ Cing Sian Kim, Zen Sian Hoih တို့၏အဘွား၊ ဦးSB Thang Khan Pau(လမ်း၄၀၊ အထက်ဘလောက်၊ အမှတ် ၃၀၀(လေးလွှာ)၏ချစ်လှစွာသောဇနီးသည် ၃-၅-၂၀၁၆ရက် နံနက် ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၁၆ရက် နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (FGA ဘုရားကျောင်း၊ ဓမ္မာနွေလဘုရားကျောင်းရှေ့၊ ယုဇနမြို့တော်ပိတောက်ကွေ့၊ လမ်း(၄၀) အထက်ဘလောက်၊ ကျောက်တံတားနေအိမ်တို့မှကားများ နံနက် ၈နာရီ၊ ဝါယာလက်မှတ်တိုင်မှကားများ နံနက် ၉း၃၀နာရီနှင့် မြောက်ဒဂုံ၊ မန္တလေးမှတ်တိုင်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ဝင်း
အမက(၄၁)သာကေတ
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းရွာနေ(ဦးကျင်အောင်)-ဒေါ်တင်ရီတို့၏သမီးချွေးမ၊ ဦးခင်မောင်ဇော်(မြန်မာ့ရေနံ)၏ဇနီး၊ မဝင့်ရည်နန္ဒာ၏မိခင်၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ ၁၇လမ်းနေ (ဦးချစ်တင်-ဒေါ်အေးမြိုင်)တို့၏သမီး၊ ဦးမောင်မောင်တာ(ဒု-ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်)-ဒေါ်ခင်ခင်ဝင်း(အမက-၄၁၊ သာကေတ)၊ ကိုအေးလွင်တို့၏အစ်မ၊ မမိုးမြင့်သော်၏အဒေါ်သည် ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၅း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သန်လျင်မြို့နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုအောင်မျိုး(ခ)မျိုးကြီး အသက်(၃၈)နှစ်
(သန်းငွေးနှင့်ရောင်းရင်းများ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၅၁-F)နေ (ဦးလှမျိုး)-ဒေါ်ဝင်းကြည်တို့၏သား၊ (ဦးသန်းထွန်း- ဒေါ်တင်ရီ)၊ (ဦးလှဖေ)-ဒေါ်တဆုပ်တို့၏တူ၊ (ကိုမျိုးသန့်)၊ ဦးစောနိုင်၊ ဦးကျော်သူ (ဓာတ်လှေကား)၊ ဒေါ်ကေသီမျိုးတို့၏ညီ/မောင်၊ ကိုမျိုးသီဟ(ဓာတ်လှေကား)၏အစ်ကို၊ ဒေါ်နွဲ့နွဲ့အေး၊ ဒေါ်မြင့်မြင့်အေး၊ ဦးကျင်စိုး-ဒေါ်မူမူအေးတို့၏မောင်သည် ၃-၅-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅- ၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်တင့် (ဒေါင်းတံဆိပ်ဆေးလိပ်ခုံ)
တွံတေးမြို့နယ် အသင်းကန်တော့ခံပုဂ္ဂိုလ်
အသက်(၁၀၀)

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်နေ (ဦးညိုဖူး-ဒေါ်အုန်းမယ်)တို့၏သမီး၊ ကွမ်းခြံအလယ်ရပ်ကွက်နေ (ဦးထွန်းမြတ်-ဒေါ်ငွေး) တို့၏ချွေးမ၊ (ဦးတင်ရှိန်)၏ဇနီး၊ (ဦးတင်မြင့်-ဒေါ်အေးကြည်)၊ ဗိုလ်မှူးလှထွန်း [ရေတပ်(ငြိမ်း)၊ ညွှန်ကြားရေးမှူး၊ သတင်း(ငြိမ်း)သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ဝင်]-ဒေါ်ညွှန့်ညွှန့်သန်း [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန]၊ ဦးထွန်းဝေ(အလပြ၊ ငြိမ်း)-(ဒေါ်အမာ၊ အထပြ)၊ (ဒေါ်ခင်သောင်း)၊ (ဒေါ်တင်အုန်း)၊ (ဦးကျော်ဝင်း)(ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-(ဒေါ်သီတာအောင်)ဒေါ်သန်းသန်းချို၊ ဦးအောင်ကျော်-ဒေါ်ဖြူဖြူဝင်း(ဒု/လထညွှန်ကြားရေးမှူး၊ MPPE နေပြည်တော်)၊(ဒေါ်ခင်အုန်းမြင့်)၊ ဒေါက်တာကြီးအောင်(သွားနှင့်ခံတွင်းအထူးကု၊ အနောက်ပိုင်းဆေးရုံ)-ဒေါ်ခင်မြတ်မော်၊ (ဦးကြည်တိုး)-ဒေါ်စန်းစန်းရွှေ၊ ဦးစိုးဝင်းလှိုင်(A/B Blue Planet Shipping Co.,Ltd.)၊ (ဦးအောင်ကြီး)တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၂၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ကြည့်မြင်တိုင်၊ ရွှေလှိုင်လမ်း၊ အမှတ် ၂၃၊ ၃ဘီ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မျိုးနိုင် (ဦးစီးအရာရှိ)
အသက်(၃၅)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဦးအောင်မျိုးနိုင်(ဦးစီးအရာရှိ)သည် ၂-၅-၂၀၁၆ရက် နံနက် ၀၀း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
ပြည်တွင်းအခွန်များဦးစီးဌာန

ဦးဟုတ်ကြည် (မော်ဘီမြို့)
ထွန်းသစ်စရုတနာရွှေဆိုင်
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်နေ (ဦးဘွေရာ-ဒေါ်ကြင်)တို့၏သား၊ မော်ဘီမြို့၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ အမှတ် ၇၄၉နေ ဒေါ်ဘီးကြူ၏ခင်ပွန်း၊ မောင်ကျော်ဝေလင်း - မလှဲ့ဇာခြည်မင်း၊ ဒေါက်တာသိန်းဇော်အောင်-ဒေါက်တာလှဲ့သဥ္ဇာမင်း၊ ကိုတေဇာမင်းအောင်-မဇင်မျိုးသွယ်၊ ကိုရန်လင်းအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂-၅-၂၀၁၆ရက်(တနင်္လာနေ့)ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် မော်ဘီမြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဝင်းထွဋ်(ခ)ဦးကီး
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဘားလမ်းနေ (ဦးတင်ငွေ)-ဒေါ်ခင်သန်းတို့၏သား၊ အလုံမြို့၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၃၈၇နေ (ဦးကြည်-ဒေါ်ရင်ရင်မြိုင်) တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ညိုညို၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သူ-ဒေါ်သင်းသင်းကြည်တို့၏မောင်၊ ဦးဝင်းမောင်-ဒေါ်အေးအေးကြည်၊ (ဦးတင်အောင်ကြည်)၊ ဦးတင်မောင်ကြည်-ဒေါ်လှဲ့လှဲ့စိုးတို့၏အစ်ကို၊ ကိုဝေဖြိုးအုန်း-မမေသူ၊ ကောင်းမွန်သူ၊ မမီမီဝင်းမောင်၊ မောင်ဘိုလင်းတို့၏ဘကြီး၊ ကိုဘိုဘိုကျော်-မယဉ်လှဲ့ဖြိုးတို့၏ဖခင်၊ သူနိုင်းအောင်၏အဘိုးသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းထွဋ်(ခ)ဦးကီး
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဘားလမ်းနေ(ဦးတင်ငွေ)-ဒေါ်ခင်သန်းတို့၏သား၊ အလုံမြို့၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၃၈၇နေ (ဦးကြည် - ဒေါ်ရင်ရင်မြိုင်) တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ညိုညို၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စိုးမိုး-ဒေါ်နှင်းနှင်းဖြူ၊ ဒေါ်မြင့်မြင့်စိုး(ခ)ဂျင်မီ၊ ဦးကျော်စွာထွန်း-ဒေါ်ယမုံထွန်း၊ (ဦးဖိုးသော်)-မပုံ့ပုံ့တို့၏အစ်ကို၊ ကိုဘိုဘိုကျော်-မယဉ်လှဲ့ဖြိုးတို့၏ဖခင်၊ မောင်သူနိုင်းအောင်၏အဘိုး၊ တူ/တူမ ကိုးယောက်တို့၏ဘကြီးသည် ၂-၅-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးပိုက်ဆောင်း
ရေယာဉ်မှူး(ငြိမ်း)
ပုလဲနှင့်ငါးလုပ်ငန်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၄၁နေ (ဦးပြား-ဒေါ်စောမြင့်)တို့၏သား၊ ဦးမြင့်စိုး-ဒေါ်မိုးမြတ်ဆောင်း(Precepts Construction Co., Ltd.)၊ (ဦးနေဦးဆောင်း)-ဒေါ်ချိုမီ၊ ကိုနိုင်ထွန်းလင်း-မချယ်ရီဆောင်းတို့၏ဖခင်၊ မောင်ရဲပိုင်သြ(ခ)ဝမ်းဝမ်း၊ မမြဟေသီခိုင်(ခ)ဂျမ်းဂျမ်းတို့၏အဘိုး၊ ဒေါ်ငွေးငွေး၏ခင်ပွန်းသည် ၂-၅-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ကြည်
အသက်(၆၀)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၈၊ ရွှေဟင်္သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးသန်းမောင် - ဒေါ်ရင်)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးဇော်လွင်ဦး(ငြိမ်း)-ဒေါ်သီတာကြိုင်၊ ဗိုလ်မှူးအောင်ကိုမင်း-ဒေါ်သန္တာမြင့်၊ ဗိုလ်ကြီးသက်တင်ထွန်း - ဒေါ်ဇာကြည်အေးဝင့်သူ၊ ဦးအောင်ကျော်ထွန်း - ဒေါ်ချောချောတို့၏မိခင်၊ ဒုမှူးကြီးတင်ကြိုင်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မြေးခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၆ရက် (စနေနေ့) နံနက်တွင် လှိုင်မြို့နယ်၊ အမှတ် ၄၈၊ ရွှေဟင်္သာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မောင်တင်ကိုကို
B.A (Geography)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ကောလင်း ၄လမ်း၊ အမှတ် ၅၇၈/ခနေ ဦးသာအောင်-ဒေါ်သန်းမြင့်တို့၏ သား၊ ဦးရည်မွန်-ဒေါ်အေးအေးမာတို့၏ ညီ/မောင်၊ ဒေါ်နီလာ(ခ)နန္ဒာရွှေ၏ချစ်လှစွာသောခင်ပွန်းသည် ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၆ရက် နံနက် ၉နာရီမှ ၁၁ နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်ခင်အုန်း (တာမွေ)
မနောစိတ္တပွါဒ်ဂိုဏ်း
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၇လမ်း၊ အမှတ် ၄၆နေ (ဦးမောင်မောင်-ဒေါ်ငွေနု)တို့၏သမီး၊ (ဦးစံကျင်-ဒေါ်စောညွန့်)တို့၏ချွေးမ၊ ရုပ်ရှင်စတန့်မင်းသားကြီး (ဦးရဲဆွေ)၏ညီမ၊(ဦးကျော်လှ)၏ဇနီး၊ ဦးလှမြင့်-ဒေါ်မြတ်မော်ဦး၊ (ဦးပြာလောင်)-ဒေါ်သက်မမ၊ ဦးအောင်ကိုကို(ဒုတိယအယ်ဒီတာချုပ်၊ မြန်မာသံတော်ဆင့်သတင်းဂျာနယ်) - ဒေါ်မာလာမြင့်၊ ဦးဇော်မိုးနိုင် - ဒေါ်မိုးစန္ဒာတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီးသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၁း၀၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ အရိုးပြာအားဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြကြီး
အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ဇောတိကလမ်း၊ အမှတ် (၁၄/ခ) ပထမထပ်နေ (ဦးစိန်-ဒေါ်သိန်းညွန့်)တို့၏သမီး၊ [ဗိုလ်ကြီးသာငြိမ်း(တပ်မတော်-ရေ) မော်ကွန်းဝင်(ပထမဆင့်)]၏ဇနီး၊ သားသမီး ၁၃ ယောက်တို့၏မိခင်၊ မြေး၊ မြစ်၊ တီ ၂၅ ယောက်တို့၏အဘွားသည်၃-၅-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်အေးသိန်း
အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နေ(ဦးဘရင်-ဒေါ်အေးမြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၂၂/ခနေ [ဆရာကြီး ဦးသောင်းညွန့် (ခြသေ့်မင်းဆေးတိုက်)]၏ ဇနီး၊ ကိုမျိုးသန့်(P.I.L Shipping Co., Ltd.)-မသဲအိစံ(SAKURA Hospital)၏မိခင်သည် ၂-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး
ဒေါ်သောင်း
အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကျောင်းကုန်းလမ်း၊ အမှတ် ၂၁၊ လေးလွှာ၊ အနေ (ဦးချစ်ဖူး-ဒေါ်စိမ့်)တို့၏သမီး၊(ဦးတင်အေး)၏ဇနီး၊ဦးသိန်းလှိုင်-ဒေါ်အေးအေးဝင်း(အလက-၂၊ ကြည့်မြင်တိုင်)၊ ဒေါ်လှလှနွယ် (အထက-၄၊ စမ်းချောင်း)၊ ဦးဝင်းလှိုင်ထွန်း - ဒေါ်ဆွေဆွေနွယ်၊ ဦးသန်းထွဋ် - ဒေါ်ခင်ကြွယ်ကြွယ် (လ/ထမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း) တို့၏မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးခင်ဦး(ဘိုကလေး) အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၂၃ (မြေညီထပ်)နေ (ဒေါ်ယဉ်မြ)၏ခင်ပွန်း၊ ဦးတိုးအောင်-(ဒေါ်အောင်မေ)တို့၏အစ်ကို၊ (ဦးအေးမြင့်)-ဒေါ်ခင်နုယဉ်၊ (ဦးအောင်သန်းဇော်)၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၁၉နေ ဦးဝင်းမြင့်(ဘိုကလေးမြို့နယ်အသင်း၊ ရန်ကုန်အတွင်းရေးမှူးနှင့် ချမ်းမြေ့ပါစေ ခရီးသွားလုပ်ငန်း)-ဒေါ်ခင်မူယဉ်၊ ဦးသိန်းဝင်း U.M.G(Myanmar Co.,Ltd.)-ဒေါ်ခင်ဆွေယဉ်၊ ဦးစံရှားထွဋ်-ဒေါ်ခင်နွယ်ဦး(အထက-၄၊ ပုဇွန်တောင်)တို့၏ဖခင်၊ မြေး/မြစ်တို့၏အဘိုးသည် ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၅နာရီတွင် အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၂၃ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၂၃ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၆ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်တင်ကြည်(ခ)ဒေါ်တရုတ်မ (ကျောက်မြောင်းဈေး)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း(၁)ရပ်ကွက်၊ ကြက်မောက် ၂လမ်း၊ အမှတ် ၁၀၁နေ (ဦးစံရ-ဒေါ်တင့်)တို့၏သမီး၊ (ဦးစံထွန်းအောင်)-ဒေါ်ခင်ကြည်တို့၏အစ်မ၊ (ဦးအောင်သန်း)၏ဇနီး၊ (ဦးမြသန်း)-ဒေါ်ခင်လှမြင့်၊ ဦးအောင်မျိုးကျော်(P.T Power စက်သုံးဆီဆိုင်၊ ရွှေပြည်သာ)-ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်ညွန့်-ဒေါ်ရီရီသန်း(ထက်/ပြ၊ ငြိမ်း)၊ (ဦးလှမောင်)-ဒေါ်အေးအေးသန်း၊ ဦးမြင့်အောင်-ဒေါ်ရီရီနွဲ့၊ ဦးအုန်းမောင်(ရေနံ/ဓာတု)-ဒေါ်ကြည်ကြည်စိုး၊ (ဗိုလ်ဝင်းနောင်၊ D.S.A-၂၆)၊ ဦးစိုးလှိုင်-ဒေါ်ကြူကြူသန်း(လ/ပြ၊ အမက ပေတောမြစ်သား)၊ ဒေါ်သင်းသင်းထွေး(လယ်/ပြ၊ မ/၁၂၊ မူလွန်မင်္ဂလာဒုံ)တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တောင်ဥက္ကလာပနေအိမ်နှင့် အမှတ် ၅၆၊ သြဘာလမ်း၊ ကျောက်မြောင်းကြီး နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Dr. Priscilla Kyaw Hla (Dr. P. Kyaw Hla)
ဒေါက်တာကျင်မြလှ
ဆမ-၃၅၃၅
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်လမ်းသွယ်-၄၊ အမှတ် ၃၆နေ (ဆရာကြီး ဦးကျော်လှ-ဒေါ်လှကျင်)တို့၏သမီး၊ ဒေါက်တာကျင်မြင့်လှ၏ညီမ၊ ပါမောက္ခ ဒေါက်တာအက်(စ်)ကျော်လှ(မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ)၊ ပါမောက္ခ ဒေါက်တာပင်စီကျော်လှတို့၏အစ်မ၊ ကိုဆင်မြူရယ်ကျော်လှ(Junior)(Golden Flowers Co.,Ltd.)-မသူသူအောင်၊ (မသီရိကျော်လှ)တို့၏ချစ်လှစွာသောမိခင်၊ ဦးဒေးဗစ်မျိုးထက်လွင်-(ဒေါ်ခင်ခင်ထွေး)၊ (ဦးပီတာမိုးကျော်)-ဒေါ်ယဉ်ယဉ်ကြွယ်၊ ဒေါ်ထရီဇာ၊ (ဦးပေါလုစိုးကျော်)တို့၏ဒေါ်ကြီး၊ မဖြူစင်ကျော်လှ၊ မကြယ်စင်ကျော်လှတို့၏အဘွားသည် ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ပြည်လမ်းရှိ ယုဒသန်ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားဒါယကာကြီး
ဦးသန်းမောင်(ရွှေပန်းထိမ်)
အသက်(၈၇)နှစ်

မြင်းခြံမြို့နေ (ဦးစိုးဘ-ဒေါ်ရွှေပု) တို့၏သား၊ တွံတေးမြို့နေ(ဦးလှအောင်-ဒေါ်အုန်းမြ)တို့၏သားသမက်၊ ညောင်ပင်ရွာနေ (ဦးစံလှ-ဒေါ်ဖွားပိုင်) မူလတန်းကျောင်းအုပ်၊ မြင်းခြံမြို့နေ (ဒေါ်စောရွှေ)၊ ငွေဆဒ္ဒန်ဆေးလိပ်ခုံနှင့် သိန်းမိသားစု၊ ဆေးရိုးစက်၊ (ဦးညီသိန်း-ဒေါ်တင်စိန်)တို့၏မောင်၊ မိတ္ထီလာမြို့နေ (ဦးသက်နိုင်၊ ဘဏ်(ငြိမ်း)-ဒေါ်မမကြီး (အလပြ(ငြိမ်း)တို့၏အစ်ကို၊ ဒေါက်တာအိဇင်လှိုင်(လ/ထ ကထိက၊ သတ္တဗေဒဌာန၊ မြင်းခြံ ဒီဂရီကောလိပ်)၊ ဦးထွန်းထွန်းဦး (Rainbow bridge distribution company Limited)-ဒေါ်ခင်ကေသွယ်(Alcom company limited) တို့၏ဖခင်၊ မရွှန်းအိမိုးတို့၏အဘိုးသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၆ရက် နံနက် ၉နာရီတွင် ဆူးဖြူကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ကိုကျော်နိုင် (စစ်တွေမြို့)
(ငွေတိုက်-ဖိနပ်ဆိုင်)
အသက်(၄၄)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ ဈေးလမ်း၊ အမှတ် ၆၆နေ (ဦးမောင်သန်း)-ဒေါ်မခင်ညွန့်တို့၏သား၊ ဦးမောင်ရှီ-(ဒေါ်အောင်စိန်)တို့၏သားသမက်၊ ဒေါ်ခင်အေးဖြူ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သီဟကျော်၊ ခင်သီရိကျော်တို့၏ဖခင်၊ ဦးသန်းလှိုင်-ဒေါ်အေးအေးသန်းတို့၏မောင်၊ ကိုသန်းနိုင်-မသူဇာလင်း၊ ကိုထွန်းထွန်းအောင် - မအေးလီသန်း၊ ကိုစိုးနိုင်-မစောပန်းဝေ၊ကိုအောင်ကိုနိုင်တို့၏အစ်ကိုကြီးသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။[အမှတ် ၃၂(၃ဘီ)၊ မမ္မစိန္တာလမ်း၊ ကျောက်မြောင်း တာမွေမြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

အရာခံဗိုလ်ဦးထွန်းရီ
(ဆ-လ-အ၊ ၉၅၈-ငြိမ်း)
(သပြု)
အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ(ဦးလှမောင်-ဒေါ်အေးတင်)တို့၏သား၊ (ဦးသာထွန်း-ဒေါ်ပို) တို့၏သားသမက်၊ ဦးမောင်ကြီး-(ဒေါ်နုခင်)တို့၏ညီ/မောင်၊ (ဦးမြသန်း)-ဒေါ်နုတင်၊ ဆရာလေး ဒေါ်ပညာစာရီ (လှည်းကူး)တို့၏အစ်ကို၊ ရွှေပေါက်ကံမြို့၊ အင်းဝလမ်း၊ အမှတ် (၁၇/၆၅၄) နေ ဒေါ်အေးအေးစန်း၊ ဦးဇော်နိုင်ထွန်း-ဒေါ်ခင်ခင်နိုင်၊ ဦးသန့်ဇင်ထွန်း-ဒေါ်ချောကလျာတို့၏ဖခင်၊ မမိုးမမဇော် (Final Part II UM 2)၊ မမိုးပပဇော် B.E(Civil)၊ မောင်အောင်ရဲဇော် Final Year (MINP)၊မောင်ဟိန်းထက်အောင်တို့၏အဘိုး၊ (ဒေါ်စန်းတင်)၏ခင်ပွန်းသည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရွှေထီး (မာန်အောင်)
လက်ထောက်ဦးစီးမှူး(ငြိမ်း)
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
(မာန်အောင်မြို့)
အသက်(၆၂)နှစ်

မာန်အောင်မြို့၊ ဇရပ်ကုန်းခင်ကျေးရွာနေ(ဦးရွှေစိန်ဦး-ဒေါ်မမှုံ)တို့၏သား၊ မာန်အောင်မြို့၊ အနောက်စုရပ်ကွက်နေ (ဦးအုန်းဖေ-ဒေါ်သိန်းကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ် (၅၂-ဘီ)၊ အခန်း ၁၈ (ငါးလွှာ)၊ တိုက် ၉၉၉၉နေ ဒေါ်မြင့်ကြည်၏ ခင်ပွန်း၊ မဖြိုးဝေဦး၊ မဖြိုးမို့မို့တို့၏ချစ်လှစွာသောဖခင်သည် ၂-၅-၂၀၁၆ရက် (တနင်္လာနေ့)ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

လာမည့်နှစ်များအတွင်း အိမ်ခြံမြေဈေးအကျဘက်ဦးတည်နိုင်

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-အေကေလင်း

ရန်ကုန် မေ ၃

အစိုးရသစ်အပေါ် နိုင်ငံတကာ၏ ယုံကြည်မှုတိုးလာပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အားကောင်းလာသည်နှင့်အမျှ အိမ်ခြံမြေဈေးနှုန်းများအကျဘက်သို့ ဦးတည်သွားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအိမ်ခြံမြေလုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင် က ပြောသည်။

"အစိုးရသစ်အနေနဲ့ လာမယ့်ငါးနှစ်အတွင်း အိမ်ခြံမြေ ဈေးနှုန်းတွေကျဆင်းသွားအောင် လုပ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တန်ဖိုးနည်းအိမ်ရာတွေ၊ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းတွေ အများအပြား ဖော်ဆောင်သွားလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်နဲ့ လက်ရှိ အစိုးရသစ်အနေနဲ့ အခြေခံလူတန်းစားနဲ့ လူလတ်တန်းစားတွေကို

စာမျက်နှာ ၄ ကော်လံ ၁ ✻

ရန်ကုန်မြို့ရှိ လူနေအိမ်ရာများအား တွေ့ရစဉ်

ခရမ်းလွန်ရောင်ခြည် ကျရောက်မှုအမြင့်ဆုံး အညွှန်းကိန်းများ

၃ - ၅ - ၂၀၁၆

နေပြည်တော်	၆	ဒသမ	၆
ရန်ကုန်	၉	ဒသမ	၂
မန္တလေး	၅	ဒသမ	၇

မန္တလေးတိုင်းဒေသကြီး၌ လေပြင်းတိုက်ခတ်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုး သိန်းပေါင်းသုံးသောင်းကျော်ရှိ

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေး မေ ၃

မန္တလေးတိုင်းဒေသကြီး၌ ဧပြီနှင့် မေလအတွင်း လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာရွာသွန်းခဲ့မှုတို့ကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရာ စုစုပေါင်း ငွေကျပ်သိန်းပေါင်း သုံးသောင်းကျော်ရှိခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။ "ဧပြီလနဲ့ ယခုမေလထဲမှာ မိုးတွေသည်းထန်စွာရွာသွန်းမှုနဲ့ လေပြင်းတိုက်ခတ်မှုတွေကြောင့် တိုင်းဒေသကြီးအတွင်းမှာဆုံးရှုံးမှုတန်ဖိုးက ကျပ်သိန်းပေါင်း ၃၁၁၇၁ ရှိခဲ့တယ်။ ပျက်စီးဆုံးရှုံးသွားတဲ့ မြို့နယ်/ကျေးရွာတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် ဌာနဆိုင်ရာတွေ၊ အလှူရှင်တွေကနေ လှူဒါန်းထားတဲ့ အလှူငွေနဲ့အခြား

စာမျက်နှာ ၃ ကော်လံ ၁ ◆

နျူကလီးယားဗုံးကိစ္စနှင့်ပတ်သက်ပြီး ဂျပန်ကို အမေရိကန်တောင်းပန်မည်မဟုတ်ဟု အိမ်ဖြူတော်ပြော

စာမျက်နှာ-၁၀

စစ်တွေမြို့တွင် ဘင်္ဂါလီဒုက္ခသည်စခန်းတစ်ခု မီးလောင်မှုဖြစ်ပွား

စာမျက်နှာ-၁၂

ကွမ်းစားခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်း လျှော့နည်းစေရန် တာချီလိတ်မြို့၌ မကြာမီ ဆောင်ရွက်တော့မည်

စာမျက်နှာ-၁၅